ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**
**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။**
လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday 12 February 2019 ၉၅၆၀

# ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ တည်ဆောက်ပုံဖော်နိုင်ရန် ကြိုးပမ်းနေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ**
**၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအတွက် စည်းလုံးညီညွတ်မှု၏ အောင်ပွဲပြယုဂ်ဖြစ်သော ဂုဏ်ယူဖွယ်ရာ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးအတူပူအမျှ သမိုင်းစဉ်ဆက် ခံ့ထည်စွာရပ်တည်နေထိုင်ခဲ့ကြသော်လည်း ၁၉ ရာစုအရောက်၌ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကြောင့် အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှာလည်း ပြိုကွဲခဲ့ရပါသည်။

**ကိုယ်ကျိုးစွန့်အနစ်နာခံ**

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရရှိနိုင်ရန် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ပြည်မနှင့်အတူ တောင်တန်းဒေသများပါ တစ်ပြိုင်တည်းလွတ်လပ်ရေးရရှိစေရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပင်လုံညီလာခံကြီးကို ကျင်းပခဲ့ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# ၂၀၁၈ ခုနှစ် ခြောက်လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် အစီရင်ခံစာ(၂/ ၂၀၁၉) လွှတ်တော်က အတည်ပြု



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၁၉)ကို လွှတ်တော်ကအတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အခြေပြုစာချုပ်ငယ်(၂)၏ အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခြေပြုစာချုပ်ငယ်(၂)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက ၂၀၁၈ ခုနှစ်၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ'မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ' ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သောပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်မြဲမြံခိုင်ကျည်

ယနေ့သည် မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာ စိုက်ထူနိုင်သော နေ့တစ်နေ့ဖြစ်သည်။ စည်းလုံးညီညွတ်မှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မြဲမြံခိုင်ကျည်အောင် တည်ဆောက်နိုင်ခဲ့သောကြောင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိသည်။

မြန်မာအမျိုးသား တိုင်းရင်းသားလူမျိုးအားလုံးတို့သည် အမိမြေပေါ်တွင် နှစ်ပေါင်းရှည်ကြာစွာ အတူနေထိုင်ကြီးပြင်းလာကြသူများဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် အကျိုးစီးပွားဖြစ်ထွန်းအောင် စိတ်တူကိုယ်တူ အတူတကွ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တရားတော်အရ အဆွေခင်ပွန်းများဖြစ်ကြသည်။ မိမိကိုယ်နှင့် ထပ်တူထပ်မျှ သဘောထားပြီး သေအတူရှင်မခွဲ တစ်စိတ်တစ်ဝမ်းတည်း မှတ်ယူရမည့်သူများ ဖြစ်ကြသည်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် အစဉ်အမြဲစည်းလုံးညီညွတ်နေရမည်။ တစ်ဦးကောင်းကျိုးကို တစ်ဦးက နှစ်သက်လိုလားဆောင်ရွက်ပေးရမည်။ တစ်ဦးအကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို တစ်ဦးက မည်သည့်အခါမျှ မဆောင်ရွက်ရပေ။ ဤအတွေးအမြင်ကို ကိုလိုနီလက်အောက်ခံ ဘဝ ၁၉၀၅ ခုနှစ်တွင် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင် ထည့်သွင်းရေးဖွဲ့၍ တိုင်းရင်းသားလူမျိုးများကို သတိပေးထားသည်။

လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုး၊ အနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ၊ ပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏ ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ရွှေတိဂုံစေတီတော် အလယ်ပစ္စယံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့သည်။

ခေါင်းဆောင်များနှင့် ပညာရှိသူတော်ကောင်းများက တိုင်းရင်းသားလူမျိုးအသီးသီး၏ ရင်တွင်းနှလုံးသား၌ တည်ရှိခဲ့သော ပြည်ထောင်စုစိတ်ဓာတ် ပြန်လည်ရှင်သန်နိုးကြားအောင် လှုံ့ဆော်ခဲ့သည်။ ဤသို့ ပြည်ထောင်စုစိတ်ဓာတ် မြဲမြံခိုင်ကျည်မှုကြောင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ကိုလိုနီနယ်ချဲ့တို့က သွေးကွဲအောင် အမျိုးမျိုးသွေးခွဲသော်လည်း သွေးမကွဲဘဲ စည်းလုံးညီညွတ်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ စည်းလုံးညီညွတ်မှုကို အထင်အရှားပြသသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နယ်ချဲ့တို့သည် တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်မှုအင်အားကို အလေးဂရုပြုလာရသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားလာရသည်။ ရှောင်လွှဲ၍မရတော့ဘဲ မြန်မာနိုင်ငံကို လုံးဝလွတ်လပ်ရေး ပေးရတော့သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် မြန်မာ့လွတ်လပ်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ရပ်တည်နေသကဲ့သို့ မြန်မာ့လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်မှုကာလ၊ မြန်မာ့လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သောကာလတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်သည် အရေးပါသောကဏ္ဍတွင် ရှိနေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်အပေါင်းတို့က ညွှန်းဆိုလမ်းပြခဲ့သော ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် အရေးပါသည့်ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်ထာဝရရှင်သန်ထွန်းကားအောင်၊ အစဉ်ထာဝရမြဲမြံခိုင်ကျည်အောင် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့မြတ်တွင် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီးဖြစ်သော ဦးသန့်စင်နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ မျှခြေဖြစ်ပေါ်ရေး၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာနှင့် အခွင့်အလမ်းကောင်းများအား ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများပိုမိုသိရှိပြီး မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်သွားရေးတို့ကို အတွက် သံတမန်နည်းလမ်းများဖြင့် ဆွေးနွေးကြသည်။ **သတင်းစဉ်**

# မော်တာအထည်ချုပ်စက် သင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နယ်စပ်ဒေသကျေးလက်မြို့ပြနေ တိုင်းရင်းသူအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၂၂) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းခန်းမ၌ ပြုလုပ်သည်။ သင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ မတ်လ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပြီးပါက အထည်ချုပ်စက်ရုံများသို့ အလုပ်တာဝန်များ ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌွေးဦးက အမှာစကား ပြောကြားကာ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းတက်ရောက်မည့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဈေးနှင့်နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်(ရွှေဈေး) ၁၀၇၅၀၀၀ - ၁၀၇၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၇၅၀၀၀ ၁၀၇၅၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၈.၆ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၀.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၆၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၇.၇၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၇.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၇၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၀.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၃.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

❖ **ဒီမိုကရေစီမှ**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် တိုင်းရင်းသားပြည်သူများ တညီတညွတ်တည်း လွတ်လပ်ရေး တောင်းဆိုရန် ကတိပြုလက်မှတ်ရေးထိုးကာ သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် သွေးစည်းညီညွတ်မှုကို အခိုင်အမာ ဖော်ကျူးပြသပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ယင်းနေ့ထူးနေ့မြတ်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း (၇၂) နှစ် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

**စည်းလုံးညီညွတ်မှုအင်အားဖြင့် ထိန်းသိမ်းကာကွယ်နိုင်မည်**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် လုံးဝ အချုပ်အခြာအာဏာပိုင် မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ သို့ရာတွင် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် အတိတ်သမိုင်း၏ အမွေဆိုးများနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသား ပြည်သူများအချင်းချင်း နားလည်မှုလွဲမှား၊ ယုံကြည်မှုနည်းပါး၊ သံသယများ ပွားများလာကာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်ခဲ့ရာ နှစ်ပေါင်း ၇၀ ကျော်ကြာ ယနေ့ထက်တိုင် ပြည်တွင်းစစ်ချုပ်ငြိမ်းမှု မရှိနိုင်သေးပါ။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရရှိခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး မပြိုကွဲစေရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၏ လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်မှု အင်အားဖြင့်သာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

**ငြိမ်းချမ်းရေး ပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်း**

ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ မတူကွဲပြားစွာရှိနေသော တိုင်းရင်းသားပြည်သူများအကြား ပေါင်းစည်းညီညွတ်စေပြီး အထွေထွေသဟဇာတရှိစွာ ဥမကွဲ သိုက်မပျက် နေထိုင်ကာ ရေရှည်တည်တံ့သည့် နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် အရေးကြီးဆုံးအချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးပင် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ပုံဖော်နိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံကိုလည်း ကျင်းပနေပြီဖြစ်ပါသည်။ (၂၁)ရာစု ပင်လုံတွင် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံညှိနှိုင်းဆွေးနွေးလျက်ရှိရာ ဒီမိုကရေစီဖက်ဒရယ် အခြေခံမူ (၅၁) ချက်အား ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၂)ခုအဖြစ် ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အားလုံးပါဝင်ရေးမူကို အခြေခံလျက် NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပါ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းမှတစ်ဆင့် ငြိမ်းချမ်းရေး ပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းလျက်ရှိပါသည်။

**အလေးအနက် သုံးသပ်စဉ်းစားကြစေလို**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံသည် တိုင်းရင်းသားပြည်သူများ နှစ်ပေါင်း (၇၀) ကျော် မျှော်လင့်တောင့်တခဲ့ရသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ တည်ဆောက်ပုံဖော်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသွားပြီဆိုလျှင် အချိန်တိုအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာပြီး တိုင်းရင်းသားပြည်သူများ၏ အိပ်မက်များ အထင်အရှား မြင်တွေ့လာကြမည်ဟုလည်း အခိုင်အမာ ယုံကြည်ထားပါသည်။ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ရယူနိုင်ပြီးနောက် မိမိတို့၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများအား အနာဂတ်ကာလတွင် မည်သို့ဖွံ့ဖြိုးတိုးတက်လာမည်၊ မည်သို့မြင်တွေ့လိုကြသည်ကိုလည်း မျက်မှောက်ပြုလျက် အလေးအနက် သုံးသပ်စဉ်းစားကြစေလိုပါသည်။

**လက်တွဲပူးပေါင်းဆောင်ရွက်**

သို့ပါ၍ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့နှင့်အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ရင်း ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ဖြစ်သော-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံမှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး၊

တို့ကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် ဤပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် မင်္ဂလာအခါသမယ၌ အလေးအနက် တိုက်တွန်းအပ်ပါသည်။

# ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) တစ်မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှု စီရင်ချက်ချမှတ်၊ တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေးနှင့် ဦးမျိုးဝင်းတို့ ပါဝင်သည့် အပြီးသတ်ကြားနာ ဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၅/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာ ခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းများကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး ပြင်ပပုဂ္ဂလိကကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိသည်။ အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းများကို အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ပြီးနောက် သံတမန်ရေးရာ ဘာသာရပ်များကို ပိုမို လေ့လာလိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းကာလ ရက်သတ္တရှစ်ပတ်အတွင်း သံတမန်ရေးရာနှင့် သက်ဆိုင်သည့် သံခင်းတမန်ခင်း၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်၊ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များနှင့် မူဝါဒရေးရာတို့ကို ပို့ချပေးမည်ဖြစ်သည်။

သင်တန်းတွင် သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများ၊ ပါမောက္ခများနှင့် ဝါရင့်သံတမန်များက လက်ရှိ ဖြစ်ပေါ်တိုးတက်နေသော မျက်မှောက်ခေတ်ရေးရာများနှင့် သံတမန်ရေးရာဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၂၆/၂၀၁၉**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)**

**ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ကချင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့ရှိ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနအား **"လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန"** နှင့် **"လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန"**အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၆ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ သုတေသနစာပေ ပထမဆုရ "ကိုကိုညိမ်း (ကောလင်း)" ရေးသားသည့် "ဆင်ပြုစုရေးနှင့် ဆင်ဘဝ" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွှတ်တော်ရေးရာ

✪ **ရှေ့ဖုံးမှ**

မေ (၄)ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည့်အတွက် စာချုပ်အသက်ဝင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အတည်ပြုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုး၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါစာချုပ်အား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂၂/၂၀၁၈)သို့ တင်ပြခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း သဘောတူအတည်ပြုပြီး ဖြစ်ပါကြောင်း။

သို့ပါ၍ ဖြတ်သန်းကုန်စည်များ လွယ်ကူချောမွေ့စေရေး အာဆီယံမူဘောင် သဘောတူညီချက်၏ အခြေပြစာချုပ်ငယ်(၂)အတွက် အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(က) ၏ နောက်ဆက်တွဲ ဇယား ၁၊ အမှတ်စဉ် ၈ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် နာယကကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ်** ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အခွန်အကောက်ရငွေများအား အပြည့်အဝရရှိနိုင်ရန်၊ သတ်မှတ်ထားသည့် (၃)လပတ်နှင့် (၆)လပတ် လျာထားချက်များအတိုင်း အခွန်(၄) မျိုး လျာထားချက်ပြည့်မီကျော်လွန်စွာရရှိနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ရငွေများ တိုးတက်ရရှိစေရေး အစဉ်တစိုက်ကြပ်မတ်ဆောင်ရွက်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားထားရှိပါကြောင်း။

အခွန်အကောက်ရငွေများ တိုးတက်ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြုစာရင်းတွင် ပါဝင်သော ယစ်မျိုးခွန်နှင့် မြေယာခွန်အား ဒေသနှင့်ကိုက်ညီဆီလျော်သည့်နှုန်းထားများဖြင့် နှစ်စဉ်တိုးမြှင့်သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားရန်နှင့် အဆိုပါသတ်မှတ်နှုန်းထားများအတိုင်း လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ထပ်မံညွှန်ကြားထားရှိပါကြောင်း။

အခွန်အကောက်ပြည့်မီကျော်လွန်စွာ ရရှိရေးနှင့် တိုးတက်ရရှိရေးအတွက် ယစ်မျိုးလိုင်စင် အရေအတွက်ကန့်သတ်ထားခြင်းအား ဖြေလျှော့ပေးပြီး ဟိုတယ်/မိုတယ်များနှင့် အခြားလိုင်စင်အသစ်များ ချထားပေးခြင်းဖြင့် တရားမဝင် ယစ်မျိုးလိုင်စင်လျော့နည်းပပျောက်ပြီး အခွန်အကောက်များ တိုးတက်ရရှိစေနိုင်ပါကြောင်း၊ တရားမဝင် ယစ်မျိုးသယ်ဆောင် ဖြန့်ဖြူးရောင်းချမှုများအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနများနှင့် ပူးပေါင်း၍ တားဆီးနှိမ်နင်းရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် တရားမဝင် ယစ်မျိုးဆိုင်များ ပပျောက်စေနိုင်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအနေဖြင့် ယစ်မျိုးခွန်နှင့် မြေယာခွန်များအား ဒေသနှင့်သင့်လျော်ကိုက်ညီသည့်နှုန်းထားများကို တိုးမြှင့်သတ်မှတ်ပြီး နှစ်စဉ်ဥပဒေပြဋ္ဌာန်းသတ်မှတ်၍ အခွန်ငွေများကို ကောက်ခံခြင်းဖြင့် အခွန်အကောက်များ တိုးတက်ရရှိစေနိုင်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



မင်းဘူးမဲဆန္ဒနယ်မှ
ဦးဝင်းဝင်း



ဖောင်းပြင်မဲဆန္ဒနယ်မှ
ဦးထွန်းဝေ



မိုင်းပျဉ်းမဲဆန္ဒနယ်မှ
ဦးစိုင်းထွန်းစိန်

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က အခွန်အကောက်ရငွေအပေါ်နိုင်ငံစီးပွားရေးတိုးတက်ကောင်းမွန်သည့်အခြေအနေနှင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအခြေအနေများက သက်ရောက်မှုရှိသဖြင့် တစ်ခါတစ်ရံ ခန့်မှန်းသည်ထက်ပိုမိုကောက်ခံရရှိနိုင်သကဲ့သို့ တစ်ခါတစ်ရံ လျာထားချက်မပြည့်မီသည့်အခါများလည်း ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အခွန်အရပ်ရပ်ကောက်ခံရန် လျာထားချက်ကို အနည်းဆုံးကောက်ခံရမည့် လျာထားချက်အဖြစ် သတ်မှတ်ပေးပြီး ရသင့်ရထိုက်သည့် အခွန်ငွေများ လွတ်ကင်းမှုမရှိဘဲ အပြည့်အဝကောက်ခံနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခွန်ဆိုင်ရာ နည်းဥပဒေပြင်ဆင်မှုများ၊ ဥပဒေထုတ်ပြန်မှုများ၊ အခွန်အများဆုံး ထမ်းဆောင်သူစာရင်းများအား ထုတ်ပြန်ကြေညာခြင်းများကို ပြည်တွင်းအခွန်များ Website တွင် လွှင့်တင်ခြင်း၊ မြို့နယ်အလိုက် အခွန်အများဆုံးထမ်းဆောင်သူ ၅၀ ကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ကြော်ငြာသင်ပုန်းတွင် ကြေညာပေးခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများနှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးရုံးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာသင်ပုန်းကပ်ပြီး ကြော်ငြာပေးခြင်းတို့ဖြင့် အခွန်တိမ်းရှောင်သူများ မကျန်ရှိစေရေးအတွက် သွယ်ဝိုက်၍ အခွန်ပညာပေးလုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်နှစ်များတွင် မြို့နယ်အခွန်ရုံးများ၌ အခွန်ထမ်း ၅၀ ထက် ပိုမို၍ ကြေညာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေရှည်တွင် အခွန်အကောက်ရငွေဖြင့် ရပ်တည်နိုင်သော အစိုးရဖြစ်အောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကို အစီအမံများ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ အခွန်ထမ်းဆောင်ရသည့် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှု ရှင်းလင်းလွယ်ကူစေရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာ (၂/၂၀၁၉)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် က ယင်းအစီရင်ခံစာ (၂/၂၀၁၉) ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေအစီရင်ခံစာကိုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၃/၂၀၁၉)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်** က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာသည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အချိန်ယူကြိုးပမ်းအားထုတ်ဆောင်ရွက်ချက်များနှင့် ထွက်ပေါ်လာသည့် အစီရင်ခံစာကောင်းတစ်ခု ဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် ပါရှိသည့် အချက်အလက်များသည်လည်း ပြည်သူများအတွက် အရေးပါသည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အစီရင်ခံစာကောင်းတစ်ခုဖြစ်ပြီး ယခုနှစ်၏အစီရင်ခံစာပါ အားနည်းချက်၊ အားသာချက်များကို အပြန်အလှန်သုံးသပ်ဖတ်ရှု၍ နောင်လာမည့် အစီရင်ခံစာများကိုလည်း ယခုထက်ပိုမိုကောင်းမွန်သည့် အစီရင်ခံစာဖြစ်စေရန် ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကို လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း**က အစီရင်ခံစာတစ်ခုလုံးကို ခြုံငုံသုံးသပ်လေ့လာသည့်အခါ အသေးစိတ်ဖော်ပြထားပြီး ကဏ္ဍအလိုက် အကြံပြုချက်များတွေ့ရသည့်အတွက် ကောင်းမွန်သောအစီရင်ခံစာအဖြစ် ထောက်ခံပါကြောင်း၊ အစီရင်ခံစာ၏ အပိုဒ်(၅)တွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မြို့နယ်များအတွက် နှစ်စဉ်ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံမှုကို ပြန်လည်စိစစ်သင့်ပါကြောင်း အကြံပြုချက်သည် သင့်လျော်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဆိုသည်မှာ ရွေးကောက်ခံကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်မြေတွင်ရှိသည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကိုယ်စားလှယ်များက ဦးဆောင်ကြီးကြပ်ဆောင်ရွက်ပေးရသည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေတွင် ပြဋ္ဌာန်းပါရှိပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစီရင်ခံစာ၏ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့် (ဃ)တို့အပေါ် အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုထားသည်ကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လုပ်ထုံးလုပ်နည်း အခန်း(၄)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ (ဈ) ကို လုပ်ငန်းတစ်ခုလျှင် ကျပ်သိန်း ၅၀ ထက်မပိုသောလုပ်ငန်းကိုသာ စိစစ်ဆောင်ရွက်ခြင်းဆိုသည်ကို ကျပ် သိန်း ၁၀၀ ထက်မပိုသောလုပ်ငန်းဟု ပြင်ဆင်မည်ဆိုပါက ကျပ်သိန်း ၅၀ အောက် လုပ်ငန်းများကို လုပ်နိုင်မည်ဖြစ်သကဲ့သို့ အရေးကြီး လိုအပ်ချက်အရ ကျပ်သိန်း ၁၀၀ ခန့် ချထားပေးမှ ဆောင်ရွက်၍ရမည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးထွန်းဝေ**က စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်အနေဖြင့် ခန့်မှန်းခြေစာရင်းအရ ဆောင်ရွက်ရမည့်ပမာဏ၊ အတိုင်းအတာထက်လျော့နည်းဆောင်ရွက်ခြင်းများအတွက် ဗဟိုကော်မတီသို့တင်ပြရန်၊ ဆောင်ရွက်ပြီးသည့်လုပ်ငန်းအနက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သဖြင့် ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိရေး တင်ပြတောင်းခံရန်၊ လုပ်ငန်းလိုအပ်ချက်ပြည့်မီမှုမရှိ၍ ပျက်စီးခဲ့သောလုပ်ငန်းများနှင့်စပ်လျဉ်း၍ နောင်တွင် ကျွမ်းကျင်သူများ၏ အကြံဉာဏ်ရယူဆောင်ရွက်ရန်နှင့် ရန်ပုံငွေနှင့် ဆောင်ရွက်မည့်လုပ်ငန်းပမာဏချင့်ချိန်ဆောင်ရွက်ရန် သုံးသပ်တင်ပြထားသည်ကို မိမိအနေဖြင့် လက်ခံပါကြောင်း။

ပြည်သူများထံမှ ပြည်သူ့ဘဏ္ဍာငွေကြေးကို ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ရာတွင် လေလွင့်မှုမရှိစေရေးအတွက် ထိန်းကျောင်းပေးသော ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များ၏ စစ်ဆေးဝေဖန်အကြံပြုမှုများကို ထောက်ခံသကဲ့သို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်းမွန်ထင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ ကျိုက်လတ်မဲဆန္ဒနယ် မှ ဦးရန်လင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဒေါက်တာကျော်ငွေ၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးစိုးဝင်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့်ရက်ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ လူမော်(သတင်းစဉ်)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းဟောင်းများအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းဟောင်းများအသင်း အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ဦးအနီး အာဇာနည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေတို့မှ အသင်းဝင်ကိုယ်စားလှယ် နှစ်ဦးစီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အသင်းဝင်အားလုံးတက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးမှုကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ တက်ရောက်ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရတ်ဆင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုးနှင့် မြန်မာ-ကိုရီးယား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် JBJ Entertainment ကုမ္ပဏီဥက္ကဋ္ဌ Ms. Jeong Bunja နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တောင်ကိုရီးယားနိုင်ငံမှ အထင်ကရ ရုပ်သံကုမ္ပဏီတစ်ခုဖြစ်သည့် SBS TV Channel နှင့် ပူးပေါင်း၍ မြန်မာ-ကိုရီးယား ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၏ပုံရိပ်ကို ရုပ်သံရိုက်ကူးမှုဖြင့် တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရေး၊ မြန်မာ-ကိုရီးယား ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် Tourism Brand Promoter အဖြစ် ဆောင်ရွက်ခွင့်ရရှိရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။



မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ဒေါက်တာမိုးနီလွင်၏ ဝတ္ထု၊ ဇာတ်ညွှန်းကို ကိုရီးယားနိုင်ငံမှ တွဲဖက်ဒါရိုက်တာအပါအဝင် နိုင်ငံတကာအဆင့်မီ ရိုက်ကူး၊ ထုတ်လုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ကိုရီးယားနှင့် မြန်မာနိုင်ငံတို့မှ နာမည်ကြီး အမျိုးသားသရုပ်ဆောင်တစ်ဦးစီ ရွေးချယ်ပြီး မြန်မာနိုင်ငံမှ အမျိုးသမီးသရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်တို့ဖြင့် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင် ခံစားတင်ပြမည့် "တစ်ခါကဆောင်း" အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ရိုက်ကူးမှုကို ကိုရီးယားနိုင်ငံမှ ဆိုးလ်၊ ဘူဆန်နှင့် အခြားမြို့ကြီးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံမှ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ ပုဂံမြို့များနှင့် ရှမ်းပြည်နယ် အင်းလေးဒေသ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌လည်းကောင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်မှုကို ဦးတည်၍ ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားကို အခြေခံကာ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးတွင် ဝက်သက်ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရန်ကုန် အရှေ့ပိုင်းခရိုင်ရှိ ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းနှင့် မြောက်ပိုင်းခရိုင်ရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ အင်းစိန် စုစုပေါင်း မြို့နယ် ခုနစ်မြို့နယ်တွင် ဝက်သက်ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် QGIS software ကို အသုံးပြု၍ ပထဝီမြေပြင်တည်နေရာနှင့် သတင်းအချက်အလက်စနစ်အား အသုံးချဆောင်ရွက်သွားရန် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးဒေါက်တာစည်သူအောင်နှင့် စီမံချက်မန်နေဂျာ (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း) ဒေါက်တာထားထားလင်းတို့က ဝက်သက်ရောဂါကာကွယ်ဆေး အပိုဆောင်းအစုလိုက်ထိုးနှံခြင်းကို လုပ်ငန်းဆောင်ရွက်မည့် မြို့နယ်များမှ ပြည်သူများအား အသိပေးမည့်အစီအစဉ်များ၊ ကာကွယ်ဆေးထိုးနှံပေးမည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များနှင့် ကာကွယ်ဆေးထိုးရာတွင် ကျန်းမာရေးအသိပညာပေးရာ၌ အသုံးပြုရန် အချက်အလက်များကို ပြုစုထားရှိမှု၊ လုပ်ငန်းဆောင်ရွက်မည့် မြို့နယ်များတွင် အသိပေးရှင်းလင်းတင်ပြပွဲများ၊ ပူးပေါင်းလက်တွဲဆောင်ရွက်မည့် INGO များ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းမှုအစည်းအဝေးများ ပြုလုပ်ခြင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့်သူများကို လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခြင်းနှင့် လေ့ကျင့်ခြင်းတို့ လုပ်ဆောင်သွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လွန်ခဲ့သောလများအတွင်း ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၊ အရှေ့တောင်အာရှဒေသရှိ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ စသည့် နိုင်ငံများအပါအဝင် နိုင်ငံအများစု၌ ကာကွယ်ဆေး မထိုးနှံထားသူများတွင် ဝက်သက်ရောဂါဖြစ်ပွားမှုများနှင့် ရောဂါကြောင့် သေဆုံးမှုများဖြစ်ပွားလျက်ရှိကြောင်း၊ ဝက်သက်ရောဂါသည် အလွန်လျင်မြန်စွာ ကူးစက်တတ်သော ရောဂါဖြစ်ခြင်း၊ ရောဂါ၏ ပြင်းထန်သော နောက်ဆက်တွဲရောဂါများကြောင့် ပြင်းထန်စွာအဆုတ်ရောင်ခြင်း၊ ရေဓာတ်ဆုံးရှုံးမှု ပြင်းထန်သည့် ဝမ်းလျှောခြင်း၊ နားအလယ်ခန်းရောင်ခြင်း၊ အမြင်အာရုံထိခိုက်ဆုံးရှုံးခြင်း၊ ဦးနှောက်ရောင်ခြင်းတို့အပြင် အသက်သေဆုံးနိုင်သည်အထိ ဖြစ်နိုင်ခြင်း၊ ရောဂါကိုကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ကာကွယ်နိုင်ခြင်းတို့ကြောင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနက အလေးပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည်**

ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာပေးခြင်း၊ လူစည်ကားရာကျောင်းများ၊ ဈေးများစသည့်နေရာများရှိ မြင်သာသောနေရာများတွင် ကျန်းမာရေးအသိပညာပေး အချက်အလက်များ ကပ်ထားခြင်းတို့ကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် အရေးကြီးသဖြင့် မြန်မာနိုင်ငံပုဂ္ဂလိက ဆရာဝန်များအဖွဲ့နှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းလမ်းညွှန်များကိုလည်း ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့ထံ ပေးပို့ဖြန့်ဝေရမည်ဖြစ်ပြီး ဝန်ကြီးဌာနက ဖြန့်ဝေပေးလျက်ရှိသော Mobile Tablet များတွင် ထည့်သွင်းဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးမည့် ဝန်ထမ်းများလုပ်ငန်းဆောင်ရွက်မှု လွယ်ကူချောမွေ့ရေးကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီမံချက်မန်နေဂျာ (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း)နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ တာဝန်ရှိသူများက ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် QGIS software ကို အသုံးပြု၍ ပထဝီမြေပြင်တည်နေရာနှင့် သတင်းအချက်အလက်စနစ်အား အသုံးချဆောင်ရွက်သွားရန် ကနဦးစမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဂျပန်နိုင်ငံ၏ နိုင်ငံတကာရေးရာကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ Aichi Bar Association ၏ နိုင်ငံတကာရေးရာကော်မတီဥက္ကဋ္ဌ Mr. Nakagawa Shingo နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) စသည့် အဖွဲ့အစည်းတို့အကြား ဥပဒေရေးရာကဏ္ဍနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Capacity Development Project ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံတရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေမှုများ၊ ဂျပန်နိုင်ငံရှေ့နေများအသင်းဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ရှေ့နေများ၏ အရည်အချင်းနှင့် ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ စည်းကမ်းထိန်းသိမ်းရေးစသည်တို့ကို ကျင့်သုံးဆောင်ရွက်နေမှုများ၊ ရှေ့နေအဖွဲ့အစည်းများ ဖွဲ့စည်းရပ်တည်နေမှုများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



# အခွန်ငွေမဆောင်သေး လွတ်လပ်ရေးနှင့်ဝေး

## (ဗမာပြည်သူလူထုသို့ 'ဗိုလ်ချုပ်'၏ မေတ္တာရပ်ခံချက်)

လင်းအေး

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံ လန်ဒန်သို့ သွားရောက်၍ ဗမာ့လွတ်လပ်ရေး အရေးကိစ္စကို အင်္ဂလိပ်နန်းရင်းဝန်အက်တလီ၏ ဗြိတိသျှအစိုးရဝန်ကြီးအဖွဲ့နှင့် ဆွေးနွေးခဲ့သည်။ နှစ်ဖက်ဆွေးနွေးသဘောတူညီချက်များအရ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

### ကြွေးကြော်သံများ

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် စာချုပ်ချုပ်ပြီးနောက်ရန်ကုန်မြို့သို့ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။ လန်ဒန်ဆွေးနွေးပွဲမှ ပြန်ရောက်လာသော ဗိုလ်ချုပ်အောင်ဆန်းတို့ကို မြန်မာပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြသော်လည်း အချို့သော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများက အောင်ဆန်း-အက်တလီစာချုပ်ကို ဝေဖန်ကန့်ကွက်ခဲ့ကြသည်။ လွတ်လပ်ရေးနှင့်လက်တစ်ကမ်းအလိုတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ဖက်က အင်္ဂလိပ်အစိုးရနှင့်လည်းကောင်း၊ တစ်ဖက်က မိမိကို ဆန့်ကျင်တိုက်ခိုက်နေကြသော (တစ်ချိန်က အတူလုပ်ဖော်ကိုင်ဖက်များဖြစ်သည့်) နိုင်ငံရေး ရဲဘော်ရဲဘက်များနှင့်လည်းကောင်း ရင်ဆိုင်နေရသည်။

အချို့သော နိုင်ငံရေးအင်အားစုများက ဗိုလ်ချုပ်ဘိလပ်မသွားမီကပင် ဗိုလ်ချုပ်အောင်ဆန်း ဆန့်ကျင်ရေး၊ အစိုးရဆန့်ကျင်ရေး၊ ဖဆပလဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ ဆန္ဒပြပွဲများကို နေရာအနှံ့အပြားတွင် ပြုလုပ်ခဲ့သည်။ ဆန္ဒပြပွဲကြွေးကြော်သံများတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို သပိတ်မှောက်ရန်နှင့် လယ်သမားများ မြေခွန်တော်မပေးရေး၊ သီးစားခမပေးရေး ကြွေးကြော်သံတို့လည်း ပါဝင်သည်။ (အလံနီ၏ လွတ်လပ်ရေးတိုက်ပွဲအစဉ်-အလံနီကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ထုတ်ပြန်ချက် ၈-၁၂-၄၆)

အလားတူပင် လယ်သမားများ သီးစားခလျှော့ရေး၊ အခွန်တော်လျှော့ရေး၊ သီးစားခမပေးရေး၊ အခွန်တော်မပေးရေး၊ အမတော်ကြေးမပေးရေး စသည့် မြေယာတိုက်ပွဲများကို လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံရေးအင်အားစုတို့၏အာဘော် သတင်းစာများထဲတွင် အခွန်မပေးရေး၊ သီးစားခမပေးရေး ဆောင်းပါးများကို ထည့်သွင်းခဲ့သည်။

### တုံ့ပြန် ရှင်းလင်း

ထိုသို့သော အခွန်တော်မပေးရေး လှုပ်ရှားမှုများ၊ ဆန္ဒပြပွဲများအပေါ် ဗိုလ်ချုပ်အောင်ဆန်းက အသံလွှင့်မိန့်ခွန်းပြောကြား၍ လူထုကို ရှင်းလင်းသည်။ ဆောင်းပါးတစ်ပုဒ်ကိုလည်း ရေး၍ ဆန့်ကျင်ဝေဖန်သူတို့အား တုံ့ပြန် ရှင်းလင်းခဲ့သည်။ ယင်းဆောင်းပါးမှာ 'Burma Digest' စာစောင် (အတွဲ -၂၊ အမှတ် ၂၅။ ၁၊ ဧပြီ၊ ၁၉၄၇) တွင် ပါဝင်သော 'No Independence without Tax Payment' အမည်ရှိ အင်္ဂလိပ်လိုဆောင်းပါးဖြစ်သည်။ မြန်မာလိုဆိုလျှင်တော့ 'အခွန်ငွေမပေးဆောင်သေး လွတ်လပ်ရေးနှင့်ဝေး' ဟု ဖြစ်ပါမည်။ ဆောင်းပါးခေါင်းစဉ်အောက်တွင် 'A stirring appeal of 'Bogyoke' to the people of Burma' ဗမာပြည်သူလူထုသို့ 'ဗိုလ်ချုပ်'၏ မေတ္တာရပ်ခံချက် ဟူသော စာကြောင်းလေးပါရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဘောဂဗေဒပညာရှင် မဟုတ်သော်လည်း နိုင်ငံရေးသမားတစ်ဦးအနေဖြင့် သမိုင်း၊ ဒဿန၊ ဘောဂဗေဒပညာရပ်တို့ကို ဖတ်ရှုလေ့လာထားခြင်းကြောင့် သူ့သဘောထားအမြင်ကို ရှင်းရှင်းလင်းလင်း ဖော်ပြပြောဆိုနိုင်သည်။ တိုင်းပြည်တွင် လက်တွေ့ဖြစ်နေသော အခြေအနေ၊ အစိုးရ၏ အခက်အခဲများကို တင်ပြပြီး ပြည်သူလူထု၏ အကျပ်အတည်းများ၊ ပြဿနာများကိုလည်း သိရှိနားလည်ကြောင်းနှင့် ယင်းပြဿနာများကို ဖြေရှင်းပေးရန် ကြိုးစားနေကြောင်း ဆောင်းပါးတွင် အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြထားသည်။ အခွန်မပေးရေး၊ သီးစားခမပေးရေး လှုံ့ဆော်နေကြသူများအား ထိရောက်စွာ အရေးယူမည် ဖြစ်ကြောင်းကိုလည်း ပြတ်ပြတ်သားသား သတိပေးထားသည်။ Burma Digest ပါ ဗိုလ်ချုပ်၏ ဆောင်းပါးကို ဆီလျော်အောင် ပြန်ဆို၍ ဖော်ပြလိုက်ပါသည်။

### ပေးဆောင်သင့်သောအခွန်ငွေ

လယ်သမားတွေ လယ်ခွန်၊ သီးစားခ၊ အမတော်ကြေးငွေစတာတွေ မပေးကြရေးကို နေရာအနှံ့ စိုင်းပြင်းဆော်ဩနေကြတာတွေကိုတွေ့ရတော့ ကျွန်တော်ရော ကျွန်တော့်ရဲဘော်တွေပါ တော်တော်စိတ်အနှောင့်အယှက် ဖြစ်ကြရတယ်။ ဒီလှုံ့ဆော်ချက်တွေအတိုင်းသာ ဖြစ်မြောက်သွားရင်တော့ ခင်ဗျားတို့အားလုံး သိကြတဲ့အတိုင်း 'တစ်နှစ်အတွင်း ဗမာပြည်လွတ်လပ်ရေးရရှိဖို့' ဆိုတဲ့ ကျွန်တော့်ရည်မှန်းချက် အတော်နှောင့်နှေး ထိခိုက်သွားပါလိမ့်မယ်။ ဘယ်အစိုးရမှ ပိုက်ဆံမရှိဘဲ အစိုးရလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။ လွတ်လပ်တဲ့ နိုင်ငံသားတိုင်းဟာ မိမိတို့ရဲ့အစိုးရကို ကျေကျေနပ်နပ်၊ လိုလိုလားလား အခွန်တော်ငွေတွေကို ပေးဆောင်သင့်တယ်။ အခုလက်ရှိ ကျွန်တော်တို့ အစိုးရဟာ ခင်ဗျားတို့ရဲ့အစိုးရ၊ ဗမာအစိုးရ စစ်စစ်လေ။ ဗမာပြည်သူတွေ သက်သာချောင်ချိရေး၊ အဆင်ပြေရေးကို ဆောင်ရွက်ပေးမယ့် အစိုးရ၊ ခင်ဗျားတို့ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ့် အစိုးရပဲလေ။ ကျွန်တော်တို့ဗမာအစိုးရဟာ ဗမာ့လွတ်လပ်ရေးပန်းတိုင်ကို ဆွတ်လှမ်းနိုင်ဖို့နဲ့ ခင်ဗျားတို့အခက်အခဲ တွေကို ကူညီနိုင်ဖို့အတွက် ပိုက်ဆံငွေကြေးလိုအပ်တယ်။ ဗြိတိသျှနယ်ချဲ့ကို တိုက်ခဲ့စဉ်တုန်းကတော့ အခွန်မပေးရေး၊ သီးစားခမပေးရေးဆိုတာ ကျွန်တော်တို့ရဲ့ လက်နက်သဖွယ်ဖြစ်ခဲ့ပေမယ့် အခုလိုတိုင်းပြည်အခြေအနေ ပြောင်းလဲသွားချိန်မှာတော့ အခွန်မထမ်းဆောင်တာဟာ နိုင်ငံရဲ့ အကျိုးစီးပွားကို ကြီးကြီးမားမား ပျက်စီးစေတဲ့ လုပ်ရပ်ဖြစ်တယ်။ အခွန်တော်ပေးဖို့ ငြင်းဆိုရင် တိုင်းပြည်ရဲ့ စီးပွားရေးလည်း ကမောက်ကမဖြစ်၊ အဲဒီရဲ့ အကျိုးဆက်အဖြစ် ခင်ဗျားတို့လည်း ဆိုးရွားတဲ့ဒုက္ခတွေနဲ့ ကြုံတွေ့ရမှာပဲ။ နားလည်ထားရမှာက ကိုယ့်နိုင်ငံသားကိုယ်တိုင်က ကိုယ့်နိုင်ငံကို အခွန်တော်ပေးဆောင်ဖို့ကို ငြင်းမယ်ဆိုရင် အခြေခံဖြစ်တဲ့ ပြည်သူ့နီတိတွေ၊ မျိုးချစ်နိုင်ငံသားတို့ရဲ့ ဝတ္တရားတွေ ပျက်ကွက်ပြီး ဘယ်နိုင်ငံမှ လွတ်လပ်ရေးရနိုင်လိမ့်မယ် မဟုတ်ဘူး။ ဘဏ္ဍာရေး မတောင့်တင်းတဲ့ နိုင်ငံတစ်နိုင်ငံဟာ စစ်မှန်တဲ့ လွတ်လပ်ရေးရရှိတယ်ဆိုဦး အဲဒီလွတ်လပ်ရေးဟာ ရေရှည်မတည်မြဲနိုင်ဘူး။ အခုအချိန်မှာ စက်မှုလက်မှုလုပ်ငန်းတွေ၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်းတွေက ဝင်ငွေမရနိုင်သေးတဲ့ ဒီလိုအခါမျိုးမှာ မြေခွန်ဟာ ပိုလို့အရေးကြီးတယ်။ မြေခွန်တော်ကသာ လောလောဆယ် အစိုးရရဲ့ဝင်ငွေရရာရကြောင်း တစ်ခုတည်းသော အရင်းအမြစ်ဖြစ်တယ်။

### လွတ်လပ်နေရမယ်

အစိုးရမှာ ဝင်ငွေမရှိလည်း ဘာအရေးလဲ။ တခြားက ချေးနိုင်တာပဲလို့ ခင်ဗျားက ပြောကောင်းပြောမယ်။ တခြားက အကူအညီကို အားကိုးနေရသရွေ့ ဘယ်နိုင်ငံ၊ ဘယ်အစိုးရမှ စစ်မှန်တဲ့လွတ်လပ်ရေးကို ရလိမ့်မယ် မဟုတ်ဘူးဆိုတာ ပြောချင်တယ်။ ကျွန်တော်တို့ ကိုယ်ပိုင်ငွေနဲ့ ကျွန်တော်တို့ လွတ်လပ်နေရမယ်။ လယ်ခွန်မဆောင်ချင်တဲ့ လူတွေဟာ လွတ်လပ်ရေးကို နှောင့်နှေးအောင် လုပ်တဲ့သူတွေပဲ၊ သီးစားခမပေးတာဟာလည်း လယ်ပိုင်ရှင်တွေ လယ်ခွန်မဆောင်နိုင်အောင် လုပ်နေတာနဲ့ အတူတူပဲ။

လယ်သမားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို သိပါတယ်။ ကျွန်တော်တို့က သူတို့အခက်အခဲတွေကို ဖြေရှင်းပေးစေချင်တယ် ဆိုတာလည်း သိပါတယ်။ ကျွန်တော်တို့ အစိုးရမှာ ငွေမရှိတော့ ဘာတတ်နိုင်မှာလဲ။ မနှစ်က ကျပ်သုံးကုဋေဖိုး အမတော်ကြေး ထုတ်ချေးခဲ့တယ်။ ကျွန်တော်တို့ထုတ်ပေးတဲ့ ချေးငွေဟာ စစ်မဖြစ်ခင် ချေးငွေ ပမာဏထက် အဆငါးဆယ်၊ ခြောက်ဆယ်မက ပိုပါတယ်။ လယ်ခွန်တော်ရဲ့ ခြောက်ပုံတစ်ပုံမကဘူး။ ဒီထက်မက လိုအပ်တယ်ဆိုတာလည်း သိတယ်။ ချေးငွေကို အကျေအလည်ပြန်မပေးဘူးဆိုရင် နောင်နှစ်မှာ ဒီပမာဏ



အထိတောင် ထုတ်ချေးနိုင်မှာ မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပမာဏအထိတော့ ဒီနှစ်ထုတ်ချေးမှာပါ။

### ထောက်ပံ့ငွေ

ပြန်မဆပ်တဲ့ ငွေတစ်ကျပ်တိုင်းဟာ နောင်နှစ်ထုတ်ချေးငွေပမာဏက လျော့နည်းသွားမယ်။ အမှားမလုပ်ကြပါနဲ့။ ချေးငွေပြန်မရလို့ကတော့ နောင်ထုတ်ချေးနိုင်တော့မှာ မဟုတ်ဘူး။ လယ်သမားတွေကို အမတော်ကြေးပေးပြီး ထောက်ပံ့တဲ့နည်းတစ်နည်းတည်း မဟုတ်ဘဲ တခြားနည်းများနဲ့လည်း ထောက်ပံ့ပေးဦးမှာပါ။ လယ်ယာမြေပြုပြင်ရေး ချေးငွေဆိုတာကို အလုံးအရင်းနဲ့ ထုတ်ချေးဦးမှာပါ။ ဒီချေးငွေက ပျက်စီးယိုယွင်းသွားတဲ့ လယ်ယာမြေကို နဂိုမူလအတိုင်း ပြန်လည်ဖွံ့ဖြိုးကောင်းမွန်လာအောင် ပြုစုပျိုးထောင်ဖို့ဖြစ်ပါတယ်။ သီးနှံပျက်လို့ ငတ်မွတ်ခေါင်းပါးအန္တရာယ် ကာကွယ်ရေးအတွက် ရန်ပုံငွေဆိုတာကိုလည်း လျာထားပါတယ်။ ဒါမှမဟုတ် သီးနှံပျက်လို့ ချေးငွေမဆပ်နိုင်တဲ့ ကိစ္စများအတွက် ရန်ပုံငွေဆိုတာလည်း လျာထားပါတယ်။ စပါးသီးနှံအတွက် ကျန်သေးတဲ့ ထောက်ပံ့ငွေကိုလည်း ထုတ်ပေးတော့မှာပါ။ ဒါ့အပြင် လယ်သမားတွေကို တခြားနည်းလမ်းများနဲ့ ကူညီပံ့ပိုးပေးဖို့ အစီအစဉ်များလည်း ရှိပါသေးတယ်။ သီးစားခတွေ မှန်မှန်ပေးနိုင်အောင်လို့ သီးစားခနှုန်းကို နည်းနိုင်သမျှနည်းအောင် သတ်မှတ်ထားပါတယ်။ စပါးဈေးနှုန်းကိုလည်း အရင်ကဗမာပြည်မှာ တစ်ခါမှ မကြုံဖူးတဲ့ ဈေးနှုန်းအမှန်ကို သတ်မှတ်ပေးထားပါတယ်။ ဒီပံ့ပိုးငွေတွေ ခင်ဗျားတို့ အမှန်တကယ်ခံစားရအောင်လည်း ကြပ်မတ်ကွပ်ကဲနေပါတယ်။ ဒီတော့ လယ်ခွန်တော်ဟာ သီးနှံအထွက်ရဲ့ အစိတ်အပိုင်း အနည်းငယ်မျှသာဖြစ်တယ်။ စစ်မဖြစ်ခင်က လယ်ခွန်တော်ဟာ စပါးတင်းသုံးဆယ်တန်ဖိုးနဲ့ ညီမျှပေမယ့် အခုအခါ စပါးဆယ်တင်းတန်ဖိုးသာသာပဲ ရှိပါတော့တယ်။ ဒါတွေကိုလည်း သတိမူကြပါဦး။

### တိုက်တွန်းတဲ့သူတွေ

သီးနှံအထွက်ဟာ မှန်းသလောက် မထွက်ဘူး၊ တချို့ဒေသမှာဆို ဒီထက်ဆိုးသေးတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒီကိစ္စတွေကြောင့်ဆိုရင် ချေးငွေမဆပ်နိုင်တာကို ခွင့်လွှတ်ပေးမှာ ဖြစ်ပါတယ်။ တကယ်ပဲသီးနှံပျက်လို့ ချေးငွေပြန်မဆပ်နိုင်ရင် ကျွန်တော်တို့ဘက်ကလည်း စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ပေးမှာဖြစ်တယ်။ ဒီကိစ္စရပ်တွေအပေါ် အခွန်တော်အရာရှိတွေက မျှမျှတတ သက်သက်ညှာညှာ လုပ်ဆောင်ပေးနေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုအဖြစ်မျိုးကို အကြောင်းအရာတစ်ခုချင်းအလိုက် ဆိုင်ရာအရေးပိုင်ကို လျှောက်ထားပါ။ ဒီကိစ္စကို လိုအပ်သလို အကူအညီပေးဆောင်ရွက်ဖို့ အရေးပိုင်ကို အာဏာအပြည့်အဝ အပ်နှင်းထားပါတယ်။

ကျွန်တော်တို့ရဲ့ မျိုးချစ်နိုင်ငံသားအားလုံးကို မေတ္တာရပ်ခံပါတယ်။ အစိုးရရဲ့ အခက်အခဲတွေကို ကူညီပေးဖို့၊ လယ်သမားတွေကို အားပေးကူညီကြဖို့၊ ဗမာနိုင်ငံလွတ်လပ်ရေးရဖို့ ဝိုင်းဝန်းကူညီကြပါလို့ မေတ္တာရပ်ခံပါတယ်။ အခုလိုကူညီဖို့ ဆန္ဒရှိကြမယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်။ နည်းမျိုးစုံ ဆင်ခြေပေးပြီး ခြိမ်းခြောက်တဲ့နည်းရော၊ တခြားနည်းလမ်းတွေနဲ့ရော အခွန်တော်မပေးဖို့ တိုက်တွန်းတဲ့သူတွေကို ဗမာလူမျိုးတွေရဲ့ ရန်သူလို့ သတ်မှတ်မယ်လို့ ပွင့်ပွင့်လင်းလင်း ပြောကြားလိုပါတယ်။

### တရားမျှတစွာကျင့်သုံး

တချို့ကတော့ လယ်ခွန်တော်စည်းကြပ်ပုံ တရားမျှတမှုမရှိ၊ ဒါမှမဟုတ် စည်းကြပ်သင့်တဲ့နှုန်းထက် ပိုများနေတယ်လို့ ထင်ကြမယ်။ ဒီလိုပဲ သီးစားခ စတာတွေလည်း များလွန်းတယ်လို့ ထင်ကြတယ်။ အဲဒီလို ခင်ဗျားတို့ရဲ့ မကျေနပ်ချက်တွေကို သက်ဆိုင်ရာအရာရှိဆီ တင်ပြကြပါ။ ကျွန်တော်တို့ အဲဒီမကျေနပ်ချက်တွေကို ပြေလည်အောင် ဖြေရှင်းပေးပါ့မယ်လို့ ပြောကြားလိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က လက်တွေ့သမားပါ။ အမှန်ကို လိုလားသူပါ။ ကျွန်တော်တို့ရဲ့ သီးစားခ၊ လယ်ခွန်တော် စတဲ့ လက်ရှိလယ်ယာမြေစနစ်ဟာ ချို့ယွင်းချက်တွေ တစ်ခုမက ရှိနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒီချို့ယွင်းချက်တွေကို ပြင်ဆင်ဖို့ အချိန်ယူရပါတယ်။ နေ့ချင်းညချင်းမလုပ်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော် ကတိပေးပါတယ်။ ဒီချို့ယွင်းချက်တွေ ပြင်ဆင်သွားဖို့ ကျွန်တော်တို့ဦးတည်နေပါတယ်။ ဒီအတောအတွင်းတော့ လယ်ခွန်၊ သီးစားခ၊ အမတော်ကြေး စတာတွေကို ပေးဆောင်ကြပါ။ ကျွန်တော်တို့ ဗမာလူထုကို ခုလို မေတ္တာရပ်ခံရတာက အများစုဟာ သူတို့ရဲ့တာဝန်ဘာလဲ ဆိုတာ နားလည်သဘောပေါက်လာရင် ကျွန်တော် မေတ္တာရပ်ခံတဲ့အတိုင်း လိုက်နာဆောင်ရွက်ကြမယ်ဆိုတာကို ယုံကြည်လို့ပါပဲ။ မလိုက်နာတဲ့ လူတွေကိုတော့ သတိပေးလိုက်ပါရဲ့။ ပြည်သူတွေ ဒီအတိုင်းလိုက်နာကြဖို့ အစိုးရအရာရှိများကို လုပ်ပိုင်ခွင့် အပြည့်အဝအပ်နှင်းထားတယ်။ အမှားမလုပ်မိပါစေနဲ့။ အစိုးရအရာရှိတွေဟာ ဗမာအစိုးရကို သစ္စာခံတဲ့ဝန်ထမ်းများ ဖြစ်ကြပါတယ်။ သူတို့မှာရှိတဲ့ အာဏာကို အကြင်နာတရားလက်ကိုင်ထားပြီး တရားမျှတစွာကျင့်သုံးမှာ ဖြစ်တယ်။ ဒါပေမယ့် တိတိကျကျတော့ အရေးယူဆောင်ရွက်ကြမှာဖြစ်တယ်။

လယ်သမားတွေ သီးစားခ၊ အမတော်ကြေး စတာတွေမပေးရေး လှုံ့ဆော်ကြသူများကို ပြင်းပြင်းထန်ထန် သတိပေးလိုက်ပါရစေ။ ကျွန်တော် မေတ္တာရပ်ခံနေတဲ့ကြားက ဆက်လက်ပြီး လှုံ့ဆော်နေမယ်ဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်ရဲဘော်များက သူတို့ကို ဗမာလူမျိုးတွေရဲ့ ရန်သူလို့သတ်မှတ်ပါမယ်။ ဗမာလူထုတစ်ရပ်လုံးကလည်း ဒီလိုပဲသတ်မှတ်ကြလိမ့်မယ်လို့ ကျွန်တော် ယုံပါတယ်။

### ထုတ်လွှင့်ပြောကြား

မိမိအကျိုးစီးပွားအတွက်ပဲဖြစ်ဖြစ်၊ ငြိုးသူရန်ဘက်သဘောမျိုးပဲဖြစ်ဖြစ် သည်လိုပြုကျင့်တဲ့သူများဟာ ကျွန်တော်တို့ တက်လှမ်းနေတဲ့ လွတ်လပ်ရေးပန်းတိုင်သို့ ဦးတည်တဲ့လမ်းကိုနှောင့်ယှက်သူ ဆူးငြောင့်ခလုတ်ကန်သင်းတွေသာဖြစ်လို့ သူတို့ကို ထိုက်တန်တဲ့ အပြစ်ပေးမှာဖြစ်ပြီး သူတို့ ဒီလိုဆက်လက်မလှုပ်ရှားနိုင်အောင်လည်း တားဆီးမှာဖြစ်တယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ဘယ်သူကမှ မဖိနှိပ်ပါစေနှင့်။ ဖိနှိပ်တာကို ကျွန်တော်မလိုလားဘူး။ ဒါပေမယ့် ဗမာလူထုကြီးကို စော်ကားနေတာကို ဘာမှမလုပ်ဘဲ ဒီအတိုင်း ဘေးကရပ်ကြည့်မနေနိုင်ဘူး။ လူတစ်စု၊ လူတစ်ဦး အကျိုးစီးပွားအတွက် ဗမာပြည်ကြီး ပရမ်းပတာဖြစ်သွားမှာကို လက်ပိုက်ကြည့်မနေနိုင်ဘူး။

ဗိုလ်ချုပ်၏ ဆောင်းပါးတွင်ပါရှိသော အချက်အလက်များ၊ သဘောထားများအတိုင်း ၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)နေ့ ညတွင် ဗိုလ်ချုပ်က မြန်မာနှစ်သစ်ကူးမိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ တိုင်းပြည်သို့ ထုတ်လွှင့်ပြောကြားခဲ့ပေသည်။ ။

# စုစည်းညီညွတ်ရေးလား၊ ခွဲခြားကွဲပြားရေးလား

အောင်ကျော်အေးချမ်း

ဖေဖော်ဝါရီလ ၇ ရက်နေ့က တောင်ကြီးမြို့ အဝေရာ (မီးပုံးပျံ)ကွင်းတွင် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖတ်ကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်း အမှတ် နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

### နိုင်ငံရေးအဓိပ္ပာယ် လေးနက်လှ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် ကြိုးပမ်း ဆောင်ရွက်နေရသလို ယခုကဲ့သို့ ပြည်ထောင်စုနေ့ နီးကပ်လာချိန်များတွင်လည်း ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်စေရေးအတွက် အစဉ်အလာမပျက် လုပ်ဆောင်ကြရသည်။ ဇန်နဝါရီလနှင့် ယခုလဆန်းရက် များအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကချင် ပြည်နယ်ခရီးစဉ်၊ ချင်းပြည်နယ်ခရီးစဉ်နှင့် ရှမ်းပြည်နယ် ဒေသများသို့ သွားရောက်ခဲ့သည့်ခရီးစဉ်များကို တွေ့မြင်ခဲ့ကြရပါသည်။ ထိုခရီးစဉ်များအတွင်း တိုင်းရင်းသားညီနောင်များ၏ လှိုက်လှဲပျူငှာဖော်ရွေစွာ ကြိုဆိုမှု၊ နွေးထွေးမှုများကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်ကြရသည်။ ယခုကာလများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းတွင် အလားအလာအကောင်းဆုံး အချိန်ဖြစ်သလို စိန်ခေါ်မှုများပြင်းထန်သော အချိန် လည်းဖြစ်ရာ ယခုကဲ့သို့ သမ္မတ၏သဝဏ်လွှာနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နှုတ်ခွန်းဆက်စကား တို့မှာလည်း နိုင်ငံရေးအဓိပ္ပာယ် လေးနက်လှသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ရှမ်းတိုင်းရင်းသားများနှင့် တောင်တန်းဒေသ တိုင်းရင်းသားများဖြစ်ကြသော ချင်း၊ ကချင်တို့သည် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူမည်ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ တွင် ချမှတ်ခဲ့သည်။ ပြည်မနှင့် တောင်တန်းဒေသများ အတူတကွ လွတ်လပ်ရေးရယူရန် ဆုံးဖြတ်နိုင်ခဲ့သော ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇၂) နှစ် ရှိပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အလေးအနက် ထောက်ပြခဲ့သည်။

### ပြိုကွဲသွားသော နိုင်ငံများလည်းရှိခဲ့

တိုင်းရင်းသားများကြား သွေးကွဲစေခြင်း၏ အရင်းခံပြဿနာမှာ အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲ အုပ်ချုပ်ခြင်းနည်းကြောင့်ပင် ဖြစ်သည်။ ဤသွေးခွဲ အုပ်ချုပ်ခြင်းကို အင်္ဂလိပ်စိုးမိုးခဲ့ရာ အိန္ဒိယတွင် လည်းကောင်း၊ ဆူဒန်တွင်လည်းကောင်း၊ အီရတ်တွင် လည်းကောင်း လေ့လာတွေ့မြင်နိုင်ပါသည်။ ထို ကိုလိုနီဟောင်း နိုင်ငံအများအပြားအတွင်း တိုင်းရင်းသားသွေးစည်းညီညွတ်ပြီး တလုံးတစည်း တည်းသော နိုင်ငံများအဖြစ် ကြိုးပမ်းတည်ဆောက် နိုင်သော နိုင်ငံများ ရှိသကဲ့သို့ ပြိုကွဲသွားသော နိုင်ငံ များလည်းရှိခဲ့သည်။ နှစ်ရှည်လများ မျိုသိပ်အောင့်အည်း ခဲ့ရသော ပြဿနာများကို မဖြေရှင်းနိုင်မှုကြောင့် ဆူဒန်နိုင်ငံဆိုလျှင် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကို ရောက်ကာမှ ပြိုကွဲကာ တောင်ဆူဒန်၊ မြောက်ဆူဒန် ဟူ၍ ဖြစ်လာရသည်။ တစ်ဖန် အာဏာရှင်စနစ်များမှ ဒီမိုကရက်တိုက်ဇေးရှင်းသို့အကူး ကာလများတွင်လည်း နိုင်ငံအချို့ပြိုကွဲခဲ့သည်ကို တွေ့နိုင်သည်။ ဘော်လကန် နိုက်ဇေးရှင်းဟူသော ဝေါဟာရတစ်လုံး ထွက်ပေါ်လာခဲ့သည်အထိ ဘော်လကန်ဒေသ၊ ယူဂိုဆလားဗီးယား နိုင်ငံ ပြိုကွဲမှုကို လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအလွန်က တွေ့ခဲ့ကြရမည်ဖြစ်ပါသည်။

### ခင်မင်တွယ်တာစိတ်ရှိလာ

ဒီမိုကရေစီပွင့်လန်းလာသောကာလတွင် အနှစ်နှစ် အလလ ခွဲခြားဆက်ဆံခံရသည်ဟူသော ခံစားချက်များ၊ မျိုးနွယ်စုအလိုက် အမှတ်လက္ခဏာများ ပြန်လည်နိုးထ လာကြသည်ကို ကမ္ဘာ့နိုင်ငံအများအပြားတွင်ပင် တွေ့မြင်ကြရသည်။ အုပ်စုလိုက် အမှတ်လက္ခဏာများကို ဖောင်းပေးလွန်းသောအခါ စုပေါင်းအကျိုးစီးပွား (Common Interests) နှင့် တိုးတိုက်မိလာတော့သည်။ ဤသည်ကိုပင် အမှတ်လက္ခဏာနိုင်ငံရေး (Identity Politics) ဟု နိုင်ငံတကာပညာရှင်များက ခေါ်ဆိုလာကြ သည်။ လူသားဆိုသည်မှာ မျိုးနွယ်စုများအလိုက် တည်ရှိ လာကြခြင်းဖြစ်သည်။ ၎င်းတို့သည် အုပ်စုတစ်ခုအတွင်း ပါဝင်နေရန် လိုအပ်သည်။ ထို့ကြောင့် မိမိသက်ဆိုင်ရာ မျိုးနွယ်စု၊ အုပ်စု၊ အသင်းအဖွဲ့စသည်တို့အပေါ် ခင်မင် တွယ်တာစိတ်ရှိလာရသည်။ ထိုအုပ်စုအကျိုးစီးပွားအတွက် ဆောင်ရွက်တတ်ကြသည်။ တစ်ဦးချင်းအတွက်အကျိုး ကျေးဇူးမရှိသည့်တိုင်အောင် အုပ်စုအကျိုးစီးပွားကို ဆောင်ကြဉ်းတတ်ကြသည်။ ပြင်ပပုဂ္ဂိုလ်များကို ပြစ်ဒဏ် ခတ်ခြင်းလုပ်တတ်ကြသည်။ ကိုယ့်သက်ဆိုင်ရာအုပ်စု အတွက် စွန့်လွှတ်ခြင်း၊ အသေခံခြင်း၊ သတ်ဖြတ်ခြင်းများပင် ပြုလုပ်တတ်ကြကြောင်း နိုင်ငံရေးဆရာများက ထောက်ပြ လာကြသည်။ အမေရိကန်နိုင်ငံခြားရေးပေါ်လစီသည် ရာစုနှစ်တစ်ဝက်ကျော် ကာလတစ်လျှောက်လုံး လူ တစ်ဦးချင်းအခွင့်အရေးကိုသာ ကြွေးကြော်ခဲ့သော်လည်း အုပ်စုလိုက် နိုင်ငံရေး(ဝါ) မျိုးနွယ်စုလိုက် နိုင်ငံရေးများ၏ အင်အားကို မျက်ကွယ်ပြုခဲ့သည်ဟု ယေးလ်တက္ကသိုလ် ဥပဒေပါမောက္ခ အေမီချွား(Amy Chua)၏ Political Tribes ဆိုသော စာအုပ်တွင်ရေးသားထားသည်ကို တွေ့ရသည်။

> ❛ပြည်ထောင်စုနေ့လို ကာလမျိုးတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ စိုက်ထူကြရန် လိုအပ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ ပင်လုံစိတ်ဓာတ်ပင်ဖြစ်သည်။ ပင်လုံစိတ်ဓာတ် ဆိုသည်မှာ တိုင်းရင်းသားညီနောင်များ စုစည်းညီညွတ်သော အင်အားဖြင့် ပန်းတိုင်သို့ရောက်နိုင်သည်ဆိုသော စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်ကို ရရှိရေးအတွက် တန်းတူညီမျှမှုကို အခြေခံသော၊ တရားမျှတမှုကို အခြေခံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဖြတ်သန်း အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။❜

### ဆွေးနွေးအဖြေရှာ

ထိုစာအုပ်ပါသတိပြုမိစရာ စာကြောင်းတစ်ကြောင်း ကို မူရင်းအတိုင်းဖော်ပြလိုသည်။ "American tend to think of democracy as a unifying force. But under certain conditions, including inequality that tracks racial, ethnic or sectarian divides, democracy can actually ignite group conflicts" အဓိပ္ပာယ်မှာ 'အမေရိကန်တို့က ဒီမိုကရေစီ ကို စည်းလုံးညီညွတ်ရေးအင်အားတစ်ခုအဖြစ် မှတ်ယူခဲ့ ကြသော်လည်း အသားအရောင်၊ လူမျိုးရေး (သို့) ခွဲထွက် ရေးတို့ကို ဖြစ်စေသော တန်းတူမညီမျှမှုများ ဖြစ်ပေါ်နေ သည့် အခိုင်အမာအခြေအနေများတွင် ဒီမိုကရေစီသည် အမှန်တကယ်ပင် အုပ်စုလိုက် ပဋိပက္ခအတွက် မီးပွားတစ်စ ဖြစ်လာနိုင်သည်' ဟု ဆိုလိုပါသည်။ ဤအယူအဆမှာ လက်တွေ့နိုင်ငံတကာ အတွေ့အကြုံများမှ အခြေခံ ထွက်ပေါ်လာသောကြောင့် အဖြစ်မှန်ဟု ဆိုနိုင်သော် လည်း အဆိုပါအုပ်စုလိုက်ပဋိပက္ခများကို ဖြေရှင်းရန်မှာ လည်း ဒီမိုကရေစီ နည်းလမ်းသာရှိသည်ဆိုခြင်းအပေါ် လေးနက်ရန်လိုပါသည်။ ဆိုလိုသည်မှာ အာဏာရှင်စနစ် များကဲ့သို့ ဖိနှိပ်၊ နှိပ်ကွပ်သော နည်းမျိုးဖြင့် ယာယီငြိမ်ဝပ် သွားရန်မဟုတ်ဘဲ ပြဿနာ၏ အရင်းအမြစ်ကစ၍ ဖြေရှင်း ရန်မှာ ဒီမိုကရေစီနည်းကျစားပွဲဝိုင်းတွင် တန်းတူရည်တူ ဆွေးနွေးအဖြေရှာခြင်းပင် ဖြစ်ပါသည်။

### မတူကွဲပြားတဲ့ စိတ်သဘောထားတွေ ညှိယူ

ထို့ကြောင့်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် "ဒီလို နေ့ထူး နေ့မြတ်မှာ အတူရှိတဲ့အခါ ကျွန်မတို့ရဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများရဲ့ မျှော်မှန်းချက်များနဲ့ ကျွန်မတို့ မျှော်မှန်းချက်များ တစ်သားတည်းဖြစ်အောင်လို့ သန္နိဋ္ဌာန်ချဖို့ဟာ အုပ်ချုပ်ရေးတာဝန်ကို ယူကတည်းက နေစပြီးတော့ အဓိကရည်မှန်းချက်သုံးချက်ကို ချပြခဲ့ပါ တယ်။ ပထမကတော့ တရားဥပဒေစိုးမိုးရေးနဲ့ လူမှုဘဝ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒုတိယကတော့ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တတိယကတော့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ထူထောင်နိုင်စေမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ပေါ်လာစေရေးပဲ ဖြစ်ပါတယ်။ ဒီသုံးခုဟာလည်း အားလုံးဆက်နွယ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ နိုင်ငံရေးအရ မှန်ကန်ရေးနဲ့ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးတွေဟာ ခွဲလို့ရတဲ့ အရာတွေ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည့်အပြင် ဆက်လက်၍ "အားလုံးဟာ အလျှော့အတင်းလုပ်ဖို့ အဆင်သင့်ရှိတယ်။ အားလုံးရဲ့ အဓိကရည်ရွယ်ချက် ကတော့ ချမ်းသာကြွယ်ဝငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီးပဲ ဖြစ်တယ်ဆိုရင် မတူကွဲပြားတဲ့ စိတ်သဘောထားတွေကို ညှိယူဖို့ဟာက အခက်အခဲရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်ထောင်စုသားသမီးများ အားလုံးဟာ အတူလက်တွဲပြီးတော့ ကိုယ့်နိုင်ငံအတွက် စဉ်းစားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခု ကမ္ဘာကြီး မှာ စုစည်းမှုတွေရှိသလို ကွဲပြားမှုတွေလည်း ရှိပါတယ်။ စုစည်းတဲ့ဘက်ကို သွားမလား၊ ကွဲပြားတဲ့ဘက်ကို သွားမလားဆိုတာ တစ်ဦးချင်း၊ တစ်ဦးချင်း၊ နိုင်ငံတစ်ခုချင်း၊ တစ်ခုချင်းရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

### ပေးခဲ့တဲ့ကတိအတိုင်း အကောင်အထည်ဖော်

ဆက်လက်ပြီး အရေးကြီး လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ပြောကြားသွားသည်။ "ဒါကြောင့် စောစောက ပြောသွားတဲ့ ရည်မှန်းချက် သုံးချက်ဟာ အားလုံးဆက်နွယ်နေတယ်ဆိုတာဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးများအားလုံးရဲ့ ဘဝ အဆက်ဆက် သာယာဖို့အတွက်၊ တည်ငြိမ်ဖို့အတွက်၊ အေးချမ်းဖို့အတွက်၊ လုံခြုံဖို့အတွက် ခန့်မှန်းထားတဲ့ ရည်ရွယ်ချက်တွေပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရမယ်။ တိုးတက် ရမယ်။ ငြိမ်းချမ်းရမယ်။ အချင်းချင်းရင်ကြားစေ့မှုရှိရ မယ်။ နောက်ပြီးအားလုံးကနေ လက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အခိုင်အမာ ရပ်တည်စေမယ့် ဖွဲ့စည်းပုံတစ်ခုရှိဖို့ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်တွေကို တစ်ဆင့်ချင်း တစ်ဆင့်ချင်း ပြည်သူ လူထုကို ပေးခဲ့တဲ့ကတိအတိုင်း ကြိုးစားပြီးတော့ အကောင်အထည်ဖော်နေပါတယ်။"

### ပြည်သူတစ်ရပ်လုံးပါဝင်ဖို့လည်း လိုအပ်

အဆိုပါ နှုတ်ခွန်းဆက်စကားကို နားထောင်ခြင်း အားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းသည် အချိန်အခါအလိုက် ပြောကြားသောပုံစံထက် များစွာ ပိုလွန်နေသည်ကို တွေ့နိုင်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ရေရှည်မျှော်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဤနေရာတွင် စုပေါင်းအကျိုးစီးပွားကို ကိုယ်စားပြု သော ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးလှသလို နေချင်စဖွယ်ရှိသော ပြည်ထောင်စုကြီးဖြစ်နေရန် အတွက် ကြိုးပမ်းကြရန်လည်း လိုနေပါသည်။ ထို့ အတွက် ယခုအစိုးရက ချမှတ်ထားသော လုပ်ငန်းစဉ် 'သုံး'ရပ် အောင်မြင်ရေးအတွက် သက်ဆိုင်နေသော အဖွဲ့အစည်းအသီးသီးတွင် တာဝန်ရှိသလို ပြည်သူ တစ်ရပ်လုံးပါဝင်ဖို့လည်း လိုအပ်နေပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိဂုံးချုပ်စကား တွင် "ငြိမ်းချမ်းရေးနဲ့ပတ်သက်လျှင် (၂၁) ရာစုပင်လုံ ညီလာခံကြီးကို စတင်နိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးသည် လည်း အမျိုးသားရင်ကြားစေ့ရေးနှင့် လက်တွဲပြီး တစ်ကြိမ်တည်း လုပ်ရမည့်ကိစ္စဖြစ်ကြောင်း၊ တရား ဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထုရဲ့ဘဝစီးပွားတိုးတက် ဖွံ့ဖြိုးရေးဆိုသည်ကလည်း နိစ္စဓူဝ လုပ်ဆောင်နေသော ကိစ္စများဖြစ်ကြောင်း၊ အခုမကြာမီကာလက လွှတ်တော် မှစပြီး စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ရေးခြေလှမ်းများကို စပြီး လှမ်းနေကြောင်း၊ ပြည်သူလူထု ကို ပေးတဲ့ကတိတွေကို တတ်စွမ်းသမျှတည်အောင် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

### ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာစိုက်ထူ

ထို့ကြောင့်ပင် ပြည်ထောင်စုနေ့လို ကာလမျိုးတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာစိုက်ထူကြရန် လိုအပ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပင်လုံစိတ်ဓာတ်ပင်ဖြစ်သည်။ ပင်လုံစိတ်ဓာတ် ဆိုသည်မှာ တိုင်းရင်းသားညီနောင်များ စုစည်းညီညွတ် သောအင်အားဖြင့် ပန်းတိုင်သို့ရောက်နိုင်သည်ဆို သော စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်ကို ရရှိရေး အတွက် တန်းတူညီမျှမှုကို အခြေခံသော၊ တရားမျှတမှု ကို အခြေခံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဖြတ်သန်းအကောင် အထည်ဖော်နေခြင်း ဖြစ်သည်။ တစ်ခုလုံးအကျိုးစီးပွားကို ကိုယ်စားပြုသော ပြည်ထောင်စုမှ ခွဲထွက်လိုစိတ် မရှိအောင် ဖန်တီးရေးက အရေးကြီးသလို ဒေသစွဲ၊ အုပ်စုစွဲ စိတ်ဓာတ် များ လျော့ပါးရေးဟာလည်း အရေးကြီးသည်သာ ဖြစ်ပါ သည်။ စုစည်းသည့်ဘက်ကို သွားမလား၊ ကွဲပြားသည့် ဘက်ကို သွားမလားဆိုသည်ကို ကိုယ်စီကိုယ်စီ ဆုံးဖြတ်ကြရမည့် အချိန်ပင် ဖြစ်ပါသည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၆ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ ကျော်လွင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၂-၂၀၁၉ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ ကျော်လွင်ဦး(၄၀)နှစ်၊ (ဘ) ဦးမောင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒီပဲယင်း) မယ(ပ) ၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မကြည်ခင်၊ စိုင်းအောင်နှင့် အောင်ရှိန်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၂-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ မကြည်ခင်(၄၄)နှစ်၊(ဘ) ဦးထွန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ) ၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ၎င်းကျေးရွာနေ စိုင်းအောင်(ခ) ချစ်စိုင်းအောင် (၂၅)နှစ်၊ (ဘ) ဦးချိုလေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ)၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ဇင်းကျေးရွာအုပ်စု၊ ဆာကနက်တောတိုက်နေ အောင်ရှိန် (၃၃)နှစ်၊ (ဘ) ဦးမြတ်ဟန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ဇင်းကျေးရွာနေ ကျော်မျိုး(ခ)ကျော်မြူ (၂၉)နှစ်၊(ဘ) ဦးကံထူးတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကန့်ဘလူ) မယ(ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ဝန်ဇင်း(၃)ရပ်ကွက်၊ နယ်မြေ(၆)နေ မစန်းရွှေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၂-၂၀၁၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝန်ဇင်း(၃)ရပ်ကွက်၊ နယ်မြေ(၆)၊ ဒူးလမ်းမ၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် နယ်မြေ(၁၀)၊ မင်္ဂလာလမ်းနေ မိုးထက်မောင်မောင်(ခ) ဖိုးတာတီး(၁၉)နှစ်၊ (ဘ) ဦးမျိုးမင်းထွန်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး နယ်မြေ (၆)နေ မစန်းရွှေ(၄၈)နှစ်၊ (ဘ)ဦးပန်းရင်ထံမှ ဝယ်ယူခဲ့သဖြင့် ၎င်းတို့(၂)ဦးအား နမစ(၂)(မိတ္ထီလာ) မယ (ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မစန်းရွှေ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂)(မိတ္ထီလာ) မယ(ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အောင်ဆန်းလမ်းနှင့် ဗထူးလမ်းကြား၊ ၅၂×၅၃ လမ်းကြားတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၂-၂၀၁၉ ရက်နေ့တွင် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အောင်ဆန်းလမ်းနှင့် ဗထူးလမ်းကြား၊ ၅၂×၅၃ လမ်းကြား၊ အကွက်အမှတ် (ညည-၆၁) နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဒေါ်အိအိမိုး(ခ)မိုးမိုး(၅၁)နှစ်၊ (ဘ)ဦးတင်ဝင်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ၎င်းခြံဝင်းအတွင်းနေ မမိုးမိုး (၃၀)နှစ်၊ (ဘ)ဦးဝင်းငွေနှင့် ၎င်းမြို့နယ်၊ ထထ-၁၅၊ (စ)ရပ်ကွက်နေ သန်းနိုင်ဦး (၄၅)နှစ်၊ (ဘ)ဦးတိုးရှိန်၊ တတ-၂၃/၁၄၊ (စ) ရပ်ကွက်နေ မိုးသောက်(ခ)ကျွဲကြီး(ခ) ကျော်သက်ဆွေ (၁၉)နှစ်၊(ဘ)ဦးစန်းလှိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးကုန်းကျေးရွာနေ သက်နိုင်ဦး(ခ) အငယ်လေး(၃၉)နှစ်၊ (ဘ) ဦးပြုံး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ သက်ဆွေဦး(ခ) ဖက်တီး (၃၈)နှစ်၊ (ဘ) ဦးလှသော်တို့ (၅) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပြည်ကြီးတံခွန်) မယ(ပ) ၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်း×၈၉ လမ်းတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၂-၂၀၁၉ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်း×၈၉ လမ်းထောင့်၌ စောင့်ကြည့် သတင်းစုံစမ်းနေစဉ် နောင်ချိုမြို့နယ်၊ မဲပုတ်ကျေးရွာနေ စိုးနောင်ငြိမ်း(ခ)ငစိုင်း (၂၅)နှစ်၊ (ဘ)ဦးထွန်းငြိမ်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်မြေသာစံ)မယ(ပ)၅/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃-၂-၂၀၁၉ ရက်နေ့တွင် မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ မော်လမြိုင်-သံဖြူဇရပ်သွား ကားလမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းစစ်စစ်နေစဉ် မြို့မ(၁)ရပ်ကွက်နေ တိုးအောင် (၂၈)နှစ်၊ (ဘ)ဦးဖေတင်နှင့် မြို့မ(၂)ရပ်ကွက်နေ ဝေယံ (၂၄)နှစ်၊ (ဘ) ဦးအောင်မင်းထင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား မမစ(မုဒုံ) မယ(ပ) ၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၈-၂-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သစ္စာပန်းလမ်းမပေါ်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်၊ စိန်ချယ်လမ်းနေ ရူပ(ခ) လူပါ (၃၉)နှစ်၊ (ဘ)ဦးပတ်တာအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဝေဘာဂီ) မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းခေါင်ပန်းခြံ(၂)လမ်း၊ အမှတ်(၅၀၄/က)နေ သီဟအောင် (ခ)ပန့်တုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၂-၂၀၁၉ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းခေါင်ပန်းခြံ(၂)လမ်း၊ အမှတ်(၅၀၄/က)နေ သီဟအောင်(ခ)ပန့်တု(၂၆)နှစ်၊ (ဘ)ဦးသိန်းဝင်းစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်အိပ်ခန်းအတွင်း အမှတ်(၂၃) ရပ်ကွက်၊ စံပါယ်လမ်းနေ ဝေယံဖြိုး(ခ) အငယ်ကောင် (၂၉)နှစ်၊ (ဘ) ဦးရှိန်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရွှေပြည်သာ) မယ(ပ) ၅/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၁)ဦး၊ မ(၄)ဦး၊ ပေါင်း(၄၅)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၆-၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၄)ရပ်ကွက်၊ သင်္ချိုင်းကုန်းအနီးလမ်းမပေါ်၌ စောင့်ကြည့်သတင်း စုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ ရုံရွှေ(ခ) လင်းရွှေ(၂၅)နှစ်၊ (ဘ)ဦးရန်လီအိန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ)၁၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ အမှတ်(၅) ရပ်ကွက်နေ ခင်မောင်(ခ)ခလိန်း(၆၅)နှစ်၊ (ဘ) ဦးအားကိလ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ ကျော်ထွန်း(၄၀)နှစ်၊ (ဘ)ဦးဘိုတို့အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကွတ်ခိုင်)မယ(ပ)၁၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၈)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၇)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၈-၂-၂၀၁၉ ရက်နေ့ ယခင်ဖမ်းဆီးရမိ အမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)၊ မိုးမခလမ်းသွယ်နေ ဟော်ရာရှူ(၅၅)နှစ်၊ (ဘ)ဦးဟော်စိုင်းလျော၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားWY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၁၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၀ သို့

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

**အတုယူပြီး လုပ်ကိုင်ကြစေလို**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ရုံးများကို ရပ်ရွာတွင် မရှိမဖြစ်နေရာတစ်ခုအဖြစ် မြင်လာအောင် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူကို သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းနှင့် သတင်းစုဆောင်းခြင်းလုပ်ငန်းများ၊ အများပြည်သူကို အစိုးရကိုယ်စား ထိတွေ့ဆက်ဆံပေးရသည့် လုပ်ငန်းများကို လုပ်ဆောင်ရကြောင်း၊ ယခုအခါ လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် ပြောင်းလဲ၍ အများပြည်သူအချင်းချင်း ဆက်ဆံရေးနှင့် အများပြည်သူနှင့် အစိုးရအကြား ထိတွေ့ဆက်ဆံပေးရသည့် အလုပ်များကို လုပ်ဆောင်ကြရပါကြောင်း၊ တချို့နေရာများတွင် လူထုအခြေပြုဗဟိုဌာနများကို တက်တက်ကြွကြွဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသူများကို တွေ့ရှိရသဖြင့် အသိအမှတ်ပြုခံရသည်ကို သိရှိရပါကြောင်း၊ ၎င်းတို့အား အတုယူပြီး လုပ်ကိုင်ကြစေလိုပါကြောင်း ပြောကြားသည်။

**တန်ဖိုးထားလုပ်ဆောင်သင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည့် အချိန်တိုင်းတွင် ပြောကြားသည့်အချက်တစ်ချက်ရှိပါကြောင်း၊ ယင်းမှာ ဌာနအလုပ်ကို ထမ်းဆောင်ရင်းဖြင့် မိမိကိုယ်တိုင်လည်း တိုးတက်အောင် ဆောင်ရွက်ရမည်ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဌာနအလုပ်များကို စိတ်ပါဝင်စားစွာ ထမ်းဆောင်ခြင်းအားဖြင့် မိမိကိုယ်တိုင်လည်း တိုးတက်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးသည် အလုပ်တစ်ခုကို ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေပါက အခြားလူများက တွေ့မြင်အားကျလာကာ ပူးပေါင်းပါဝင်ချင်သည့်စိတ် ဖြစ်ပေါ်လာပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများသည် အလုပ်လုပ်ကိုင်ရာတွင် တာဝန်အရ ဆောင်ရွက်ခြင်းထက် စိတ်ပါဝင်စားစွာ၊ ကောင်းမွန်စွာ လေးလေးနက်နက်ဖြင့် တန်ဖိုးထား လုပ်ဆောင်သင့်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးစာပေပွဲတော်များ၊ စာတမ်းဖတ်ပွဲများ၊ စာပေဆွေးနွေးပွဲများကို လုပ်ကိုင်ခဲ့ပါကြောင်း၊ ထိုအလုပ်များကို စတင်လုပ်ကိုင်စဉ်ကပင် အောင်မြင်မှုရှိသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ လိုအပ်နေသည့် အလုပ်တစ်ခုဖြစ်သည့်အတွက် အံဝင်ခွင်ကျဖြစ်ပြီး အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ဒေသအစီအစဉ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြည်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထ တိုးတက်လာစေရန်အတွက် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုကိုလည်း ၂၀၁၈ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

လူထုအခြေပြုဗဟိုဌာနများတွင် ပြည်သူ့စကားဝိုင်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဝိုင်းဖွဲ့ပြီး ဆွေးနွေးသည့်အလေ့အထမှာ ယခင်က မရှိခဲ့သော်လည်း ယခုအခါ စတင်သက်ဝင်နေပြီဖြစ်ပါကြောင်း၊ ယင်းမှာ လွတ်လပ်စွာ ပြောဆိုဝေဖန်တတ်စေရန်နှင့် ငြိမ်းချမ်းစွာ ဖြေရှင်းတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါကြောင်း၊ ပြည်သူ့စကားဝိုင်းများကို များစွာပြုလုပ်ပေးခြင်းဖြင့် အများပြည်သူအရည်အသွေး တက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆုပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့် လုပ်ငန်းဆောင်ရွက်နိုင်မှု ပထမဆုရ ပြင်ဦးလွင်ခရိုင်ရုံး၊ ဒုတိယဆုရ မြောင်းမြခရိုင်ရုံးနှင့် တတိယဆုရ မြစ်ကြီးနား ခရိုင်ရုံးတို့မှ ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြို့နယ်အဆင့် လုပ်ငန်းဆောင်ရွက်မှု ပထမဆုရ ပုသိမ်ကြီးမြို့နယ်၊ ဒုတိယဆုရ နတ်မောက်မြို့နယ်နှင့် တတိယဆုရ ပုဇွန်တောင်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများအား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စာပေနှင့် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား လည်းကောင်း ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများအတွက် ဌာန နှစ်ပတ်လည်အမှတ်တရအဖြစ် အင်္ကျီ ၂၇၅၁ ထည်ကို ပေးအပ်သည်။

ထို့နောက် "ပြည်သူ့အတွက် တို့ပြန်/ဆက်" ဗီဒီယိုကို ပြသပြီး ဆုရရှိသူများကိုယ်စား ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲ ဖောက်ပေးသည့် အစီအစဉ်ကို ကျင်းပခဲ့ပြီး ကံစမ်းမဲဆုကြီးများ ကံထူးသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဆုများ ပေးအပ်သည်။




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြို့နယ်အဆင့် လုပ်ငန်းဆောင်ရွက်မှု ပထမဆုရ ပုသိမ်ကြီးမြို့နယ်မှ ဝန်ထမ်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၂) ဦးကျော်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၃) ဦးထင်ကျော်<br>စစ်ဆေးရေးမှူးချုပ်<br>(ညွှန်ကြားရေးမှူးချုပ်)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင်ရုံး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင်ရုံး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင် |

### ☆ ကျောဖုံးမှ

လူစားဝင်ကစားသမား ရီရီဦးက နာကျင်အချိန်ပို ၉၀+၁၊ ၉၀+၅ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် နှစ်ပွဲနိုင် ခြောက်မှတ်ရထားပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် နောက်ဆုံးပွဲအဖြစ် အိမ်ရှင်အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

### ❖ ပြည်ထောင်စုနေ့အထိမ်းအမှတ်မှ

ရှေးဦးစွာ လွန်ဆွဲ(အမျိုးသား) ပြိုင်ပွဲအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက နေပြည်တော် စည်ပင်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဆက်လက်၍ လွန်ဆွဲ(အမျိုးသမီး) ပြိုင်ပွဲအဖြစ် ပြည်ထောင်စုရာထူးဝန်အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၁၄ မှတ်၊ ၁၂ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။ **သတင်းစဉ်**

## ထုတ်ပြန်ချက်

❒ စာမျက်နှာ ၈ မှ

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၉-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၀၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၆၆၄)ဦး၊ မ(၁၂၈)ဦး၊ ပေါင်း(၇၉၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၆၉၉.၂၂)ဂရမ်၊ ICE (၆၇.၁၄) ဂရမ်၊ ဘိန်း(၃၈၆၀၇.၉၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၂၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၃၅၄၁)ပြား၊ ဆေးခြောက်(၄၆၆၈.၂၇)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ (၃၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ တောင်ဦးလွင်ကျေးရွာ၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅)ပြား၊ ဘိန်းဖြူ(၁၀.၉၄)ဂရမ်၊ ဖားကန့်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉)ပြား၊ ဘိန်းဆီခဲ(၅)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အောင်ရာကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၄၀)ပြား၊ ဘိန်းဆီခဲ(၂၁.၅)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ရွာတန်းရှည်ကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြား၊ ဆိုင်ကယ်(၂)စီး၊ နမ့်ကွတ်ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နောင်ထလုံးကျေးရွာအနီး၊ နောင်ထလုံး-ကော့ကွကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ အဝေးပြေးကားဝန်း၊ တိုးတက်အောင်ကားဂိတ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ လက်ကောက်ဈေးရပ်ကွက်၊ အလယ်ဈေးလမ်းဆုံအနီး၌ သတင်းအရ သုံးဘီးဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၂)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ညောင်ဖြူစခန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၆၀)ပြား၊ ဘိန်းဖြူ(၃၀)ဂရမ်၊ လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်ဆီခဲ(၁၉၉၁.၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့အဝင် တန့်ယန်း-လားရှိုးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့နယ်၊ ကောင်းခါးကျေးရွာ၊ နမ့်ပေါ်တံတား၌ သတင်းအရ Mark II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၃၀)ပြား၊ ဘိန်းဖြူ(၄၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ဝိန်းနန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၀၀)ပြား၊ ဟိုပေါ့ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၄၉၀)ပြား၊ ကွတ်ခိုင်မြို့နယ်၊ နောင်ဗျစ်ကျေးရွာအဝင် ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၂၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ ကျောက်တောင်ကုန်းကျေးရွာအနီး၊ မိုးမိတ်-မဘိမ်းသွားကားလမ်းမ၊ မိုင်တိုင်အမှတ်(၄/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၇၆၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့ ရှောက်ကျုံးရှမ်းကျေးရွာ၌ လူနေထိုင်မှုမရှိသော နေအိမ်အတွင်း သိုဝှက်သိမ်းဆည်းထားသည့် ဘိန်းဖြူ(၃၂၅၀၀)ဂရမ်၊ ICE (၁၅၀၀)ဂရမ်၊ စိတ်ကြွဆေးအကြေမှုန့်(၇.၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၆၀၀၀)ဂရမ်၊ Brown Charcoal (၂၄၀၀၀)ဂရမ်၊ Phosphoric Acid (၆၂)လီတာ၊ ဓာတုဆေးမှုန့် (၄၀၀၀)ဂရမ်၊ ဓာတုဆေးရည်(၁၄)လီတာ၊ Carbon(၁၀၀၀) ဂရမ်နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းမျိုးစုံ(၃၄)မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ မော်လင်ကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်း (၃၈၃၇.၅၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသ၊ လသာကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အလယ်ကျွန်းနယ်မြေ၊ ပါရမီ(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇၅)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၂)ပြား၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးကုန်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်(အရှေ့) ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၉၅)ပြား၊ ဆေးခြောက်(၅)ဂရမ်၊ မိုးကုတ်မြို့နယ်၊ မိုးကုတ်-မိုးမိတ်သွားကားလမ်းမ၊ မိုင်တိုင်အမှတ်(၉)၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၁၇)ပြား၊ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၉၀၀)ပြား၊ တုံလုံကျေးရွာအနီး ခရိုင်ချင်းဆက်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အလယ်ရွာအနီး အနော်ရထာလမ်းနှင့် ရေတံခါး ကန်ပတ်လမ်းထောင့်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၉၆၀)ပြား၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၃၀၅)ပြား၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၈)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ သာကေတမြို့နယ်၊ (၁၀/တောင်)၊ (၁၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၅)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ICE(၀.၂၅)ဂရမ်၊ မယ်ခေါင်ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆)ပြား၊ ICE (၆.၅၂)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၄)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ပတ်လမ်း၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀၀)ပြား၊ ဘိန်းဖြူ(၃၀၀) ဂရမ်၊ ဘိန်းညိုမှုန့်(၃၀)ဂရမ်၊ ICE (၂၁၀)ဂရမ်၊ ပစ္စတိုသေနတ်(၅)လက်၊ ကျည်မျိုးစုံ(၉၄)တောင့်၊ ကျည်အိမ် (၂)ခု၊ မော်တော်ယာဉ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ပိန္နဲတောရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈)ပြား၊ ပွိုင့် ၂၂ သေနတ်အတို (၁)လက်၊ ၎င်းကျည်(၁၈)တောင့်၊ ဒီတိုနေတာ (၂)စုံ၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ လောင်းလုံမြို့ (ဃ)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၆၀)ပြားတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၃-၂-၂၀၁၉ ရက်နေ့မှ ၉-၂-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၁၉၇)မှုတွင် တရားခံကျား(၂၄၇)ဦး၊ မ(၂၅)ဦး၊ ပေါင်း(၂၇၂)ဦးကို ဘိန်းဖြူ(၃၃၂၁၂.၆၆၇၈)ဂရမ်၊ ICE (၁၇၂၀.၇၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၆၀၀၀)ဂရမ်၊ ဘိန်း(၄၂၁၃.၇၅) ဂရမ်၊ ဘိန်းညိုမှုန့် (၃၀)ဂရမ်၊ စိတ်ကြွဆေးပြား (၁၂၂၉၈၉)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၇.၄)ဂရမ်၊ ဆေးခြောက် (၂၄.၄) ဂရမ်၊ ဘိန်းဆီခဲ (၂၀၁၈.၁)ဂရမ်၊ Brown Charcoal(၂၄၀၀၀)ဂရမ်၊ Phosphoric Acid (၆၂)လီတာ၊ ဓာတုဆေးမှုန့် (၄၀၀၀)ဂရမ်၊ ဓာတုဆေးရည်(၁၄)လီတာ၊ Carbon(၁၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းမျိုးစုံ(၃၄)မျိုး၊ လက်နက်မျိုးစုံ(၆)လက်၊ ကျည်မျိုးစုံ(၁၁၂)တောင့်၊ ကျည်အိမ်(၂)ခု၊ ဒီတိုနေတာ(၂)စုံတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံ အသိပေးအပ်ပါသည်-


**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |



ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ထောက်ကြန့် ဘုရားလေးကွေ့အနီး မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၉ ရက်က ရပ်ကွက်နေပြည်သူများ မှုခင်းအန္တရာယ်နှင့် ဒုစရိုက်မှုများ ကြုံတင်ကာကွယ်ရမည့် နည်းလမ်းများကို နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်စိုးထွန်း ရှင်းလင်းပြောကြားစဉ်။

ဟန်စိုး

## သတင်းလမ်းညွှန်

### (၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံဂီတဖျော်ဖြေပွဲ ကျင်းပမည်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် အောင်မြေသာယာအားကစားကွင်း၌ တေးဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်ကို နေ့စဉ်မွန်းလွဲ ၂ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ရှေးဟောင်းသုတေသနအသင်းနှစ်ပတ်လည် ကျင်းပမည်

မြန်မာနိုင်ငံရှေးဟောင်းသုတေသနပညာရှင်အသင်း၏ (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံဘုရားလမ်း ကျားကူးမဲ့ဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ပအိုဝ်းတိုင်းရင်းသားမောင်မယ်သစ်လွင် ကြိုဆိုမည်

ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ တက္ကသိုလ်များ-(ရန်ကုန်)က ကြီးမှူး၍ ပအိုဝ်းမောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ နှုတ်ဆက်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ရန်ကုန်ဓာတ်ပုံပြပွဲ ကျင်းပမည်

၁၁ ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပြပွဲကို မဟာဗန္ဓုလပန်းခြံ၌ ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ ပြည်တွင်းပြည်ပ နာမည်ကြီးဓာတ်ပုံဆရာများ၏ ရှေးဟောင်းဓာတ်ပုံလက်ရာများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### ရှေးဟောင်းအဆောက်အအုံများဆိုင်ရာ ပန်းချီပြပွဲ ကျင်းပမည်

မြန်မာ့ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများကို ပန်းချီကားများအဖြစ် ရေးဆွဲထားသော BEYOND THE RED EARTH ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ယောမင်းကြီးလမ်း Gallery 65 ၌ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### စိန်ရတုခန်းမ၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မြန်မာနိုင်ငံ လူမှုရေးပညာရှင်များအသင်း(MPSWA)တို့ ပူးပေါင်းစီစဉ်သော Social Work Education and Professional Development Workshop အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီမှ စတင်ကာ စိန်ရတုခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်စိုး




## ကြယ်တံခွန် လတံခွန် ပြည်သားမွန်

❖ ပဒေသရာဇ်၊ ကေရာဇ်ဟု
ရှေးခေတ်ဟောင်းလွန်၊ ကျွန်တစ်ဖြစ်လဲ
နှံ့နစ်ဆဲလေ၊ ဆင်းရဲတွင်းမှာ
နှစ်ပေါင်းရာကျော်၊ မြန်မာတို့ဘုန်း
နွမ်းပျက်သုဉ်း၍၊ စုံးစုံးမြုပ်ပေ
ရေမြေတောတောင်၊ တက်တက်ပြောင်တိုင်
ယူဆောင်သုံးစား၊ သွေးစုပ်ထားချိန်
အသွားထက်မြက်၊ ဓားတစ်လက်တည့်
ဝိုင်းစက်ရှိန်ဝင်း၊ ထိန်ထိန်လင်းသည့်
လမင်းလက်ရှန်း တို့မြေထွန်းခဲ့။
❖ ဖေဖော်ဝါရီ၊ ဆယ့်သုံးမည်ဝယ်
မြန်ပြည်ရှေ့ဆောင်၊ နေလရောင်ဟု
ဗိုလ်အောင်ဆန်းကား၊ ပြည်ချစ်သားသည်
ဖွားမြောက်ထိန်လင်း အမှောင်ခွင်းပြီ။
❖ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြ
လမ်းစရှုပ်ရှင်း၊ အမှောင်ခွင်းလျက်
လင်းလက်ပြောင်ရှန်း
မြန်မာပြည်မှာ ထွန်းသည့်လ။
❖ ဗိုလ်အောင်ဆန်းနှယ်၊ စွမ်းဆောင်သည့်သား
ထွန်းပြောင်မည့်သား၊ ဆင့်ဆက်ပွားကာ
လများရာထောင် လင်းပါစေ။

အောင်လံမြေ- နေညိုညို



## ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ဒလ- ပန်းဆိုးတန်း ရေယာဉ်ခရီးစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရ

**ဒလ ဖေဖော်ဝါရီ ၁၁**

ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ခရီးစဉ်များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှ စတင်ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းလာမှုများကြောင့် နံနက် ၇ နာရီခွဲမှ စတင်ကာ ရေယာဉ်ခရီးစဉ်များအား ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါနေ့က ဒလ- ပန်းဆိုးတန်း ခရီးစဉ်အား နံနက် ၅ နာရီမှ စတင်ပြီး ပုံမှန်ပြေးဆွဲပေးခဲ့သော်လည်း နံနက် ၇ နာရီခွဲမှ စတင်၍ ဆီးနှင်းများကျဆင်းလာမှုကြောင့် ခရီးစဉ်အား ခေတ္တရပ်နားခဲ့ကြောင်း၊ ခရီးသည်များ တစ်စတစ်စ များပြားလာပြီး စက်တပ်သမ္ဗန်ဆိပ်တွင်လည်း ခရီးသည်များ စုပြုံနေသည်ကို တွေ့မြင်ခဲ့ရသည်။ ရေယာဉ်ကြီးများမှာ အဆိုပါအချိန်တွင် ခရီးစဉ်ရပ်နားခဲ့သော်လည်း စက်တပ်သမ္ဗန်ငယ်လေးများမှာ ပုံမှန်ထက် ခရီးသည်လျှော့တင်ကာ ပြေးဆွဲပေးနေသည်ကိုလည်း တွေ့မြင်ရသည်။

နံနက် ၈ နာရီ ၅ မိနစ်တွင် ဆီးနှင်းကျဆင်းမှု လျော့နည်းသွားသည့်အတွက် ခေတ္တရပ်ဆိုင်းထားသည့် ခရီးစဉ်အား ပြန်လည်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်ကျန်ရှိမှု များပြားနေသည့်အတွက် အလှည့်ကျရပ်နားထားသည့် ချယ်ရီ ၂ သင်္ဘောဖြင့် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဆက်လက်ပြေးဆွဲပေးခဲ့သည့်အတွက် ခရီးသည်များ အဆင်ပြေခဲ့ကြောင်း သိရသည်။

မောင်ယဉ်ဦး(ဒလ)



# အီရန်တော်လှန်ရေး နှစ် (၄၀) ပြည့် အခမ်းအနားကျင်းပ

**တီဟီရန် ဖေဖော်ဝါရီ ၁၁**

အီရန်နိုင်ငံတွင် အစ္စလာမ္မစ်တော်လှန်ရေး အောင်မြင်သည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က နိုင်ငံအနှံ့ကျင်းပခဲ့ရာ ထောင်ပေါင်းများစွာသော လူထုကြီး စုဝေးတက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီရန်တော်လှန်ရေး နှစ်(၄၀)ပြည့် အထိမ်းအမှတ် အောင်ပွဲနေ့ အခမ်းအနားကို နိုင်ငံတွင်းရှိ မြို့ကြီးများ၌ ကျင်းပရာတွင် ကြွေးကြော်သံများက တော်လှန်ရေး အောင်မြင်မှုများနှင့် အမေရိကန် ဆန့်ကျင်ရေး သဘောထားများ ယှဉ်တွဲနေသည်။

မြို့တော်တီဟီရန်တွင် ပြုလုပ်သည့် လူထုစုဝေးပွဲ အခမ်းအနားတွင် လမ်းမများပေါ်၌ လူအုပ်စုများက အမေရိကန်နှင့် အစ္စရေးတို့အား ဆန့်ကျင်သည့် ကြွေးကြော်သံများ ဟစ်ကြွေးကြပြီး ကွယ်လွန်သူ အီရန်အစ္စလာမ္မစ် တော်လှန်ရေးခေါင်းဆောင်ကြီး အယာတိုကရိုဟူးလာ ခိုမေနီ၏ ရုပ်ပုံကားချပ်များနှင့် ၎င်းအားဆက်ခံသူလက်ရှိ ထိပ်တန်းခေါင်းဆောင်ကြီး အယာတိုလာ အလီခါမေနီတို့၏ ရုပ်ပုံကားချပ်များကို ကိုင်ဆောင်လှည့်လည်ကြသည်။

၂၀၁၅ ခုနှစ်အတွင်းက ရရှိခဲ့သော အီရန်နိုင်ငံနှင့် အဏုမြူဆိုင်ရာ သဘောတူညီချက်မှ အမေရိကန်က နုတ်ထွက်ခဲ့ခြင်းနှင့် လွန်ခဲ့သည့်နှစ် မေလအတွင်းက အီရန်နိုင်ငံအပေါ် ဟန့်တားပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့ပြီးနောက်တွင် နှစ် (၄၀) ပြည့် အစ္စလာမ္မစ် တော်လှန်ရေး အောင်မြင်သည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပခြင်းဖြစ်သည်။

အီရန်နိုင်ငံတွင် ၁၉၇၉ ခုနှစ်က ဖြစ်ပွားခဲ့သည့် အစ္စလာမ္မစ်တော်လှန်ရေးက အမေရိကန်၏ အားပေးထောက်ခံမှုရှိသည့် ဘုရင်ရှားမိုဟာမက် ရီဇာပါလာဗီအား ဘုရင်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့ပြီး အီရန်နိုင်ငံကို ခိုမေနီက ဦးဆောင်မှုရယူနိုင်ခဲ့သည့် သမိုင်းအလှည့်အပြောင်းဖြစ်ခဲ့သည်။

**ဆင်ဟွာ**



# လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်လာရေး လက်ဘနွန်နိုင်ငံ၌ ကန်ဒေါ်လာသန်း ၄၀၀ ကမ္ဘာ့ဘဏ်ရင်းနှီးမြှုပ်နှံမည်

**ဘေရွတ် ဖေဖော်ဝါရီ ၁၁**

လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်ရရှိရေးကို ဖန်တီးဆောင်ရွက်နိုင်ရန် လက်ဘနွန်နိုင်ငံ၌ ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်တစ်ရပ်ကို စတင်လုပ်ဆောင်ရန် ဆန္ဒရှိနေကြောင်း ကမ္ဘာ့ဘဏ်အဖွဲ့က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့နှင့် လက်ဘနွန်ဆက်သွယ်ရေး လုပ်ငန်းဝန်ကြီး မိုဟာမက်ချိုကိုင်ရာတို့ တွေ့ဆုံစဉ်အတွင်း ကမ္ဘာ့ဘဏ်၏ ကန်ဒေါ်လာ သန်း ၄၀၀ ရင်းနှီးမြှုပ်နှံမည့်အဆိုပြုချက် စတင်ခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်ဆက်သွယ်ရေးလုပ်ငန်း ဝန်ကြီးရုံး၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ဝန်ကြီးများအဖွဲ့ကောင်စီတွင် ကမ္ဘာ့ဘဏ်က အဆိုပြုထားသည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တစ်ရပ်ကို လက်ဘနွန်နိုင်ငံအနေဖြင့် အထောက်အပံ့ပေးရန်လည်း ကမ္ဘာ့ဘဏ်က တောင်းဆိုထားကြောင်း လက်ဘနွန်ဆက်သွယ်ရေးဝန်ကြီးရုံး၏ ထုတ်ပြန်ချက်ကဆိုထားသည်။

လက်ဘနွန်နိုင်ငံ သမ္မတမစ်ချယ်အော်ယွန်ရဲ့ ပြောကြားချက်အရ ပြီးခဲ့သည့်နှစ်အတွင်းက လက်ဘနွန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၄၆ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်သည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအထောက်အပံ့များအတွက် အာဖဂန်နစ္စတန်နိုင်ငံအစိုးရအား အမေရိကန်ဒေါ်လာ ၂၃၅ သန်း ထောက်ပံ့ပေးခဲ့ကြောင်းလည်း သိရသည်။

**ဆင်ဟွာ**



# အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီး အာဖဂန်နစ္စတန်သို့ ရောက်ရှိ

**ကဘူး ဖေဖော်ဝါရီ ၁၁**

အမေရိကန်ပြည်ထောင်စုက ဦးဆောင်၍ အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တာလီဘန်အဖွဲ့နှင့် ဆွေးနွေးမှုများကို တွန်းအားပေးပြုလုပ်နေစဉ်အတွင်း အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ကြိုတင်ကြေညာခြင်းမရှိဘဲ ရောက်ရှိလာကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီး ရှာနာဟန်သည် ယခုခရီးစဉ်အတွင်း အာဖဂန်နစ္စတန်သမ္မတ အာရှက်ဖ်ဂါနီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ လွန်ခဲ့သည့်လအတွင်းက အမေရိကန်အစိုးရ၏ကိုယ်စားလှယ်များနှင့် တာလီဘန်စစ်သွေးကြွအဖွဲ့မှ စေ့စပ်ညှိနှိုင်းသူများ၏ တွေ့ဆုံဆွေးနွေးမှုများကို ကာတာနိုင်ငံတွင် အမေရိကန်၏ ဦးဆောင်မှုဖြင့် ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲ၌ ၁၇ နှစ်ကြာ လက်နက်ကိုင်ပဋိပက္ခများမှ ရုန်းမထွက်နိုင်သည့် အာဖဂန်နစ္စတန်နိုင်ငံအတွက် ရှေ့ပြေးအလားအလာကောင်းများ ပေါ်ထွက်နိုင်လိမ့်မည်ဟု ညှိနှိုင်းဆွေးနွေးသူများက မျှော်လင့်ခဲ့ကြသည်။ ယင်းညှိနှိုင်းဆွေးနွေးပွဲ၌ သဘောတူညီမှုများ အလေသုံးဆယ်ရယူခြင်းကို အာဖဂန်နစ္စတန်သမ္မတက သတိပေးဆန့်ကျင်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၁၄၀၀၀ ကို လတ်တလောတွင် ဖြန့်ချထားပြီး အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အာဖဂန်နစ္စတန်ပြည်တွင်းရေး၌ အမေရိကန်၏ ပါဝင်လုပ်ဆောင်နေမှုများ အဆုံးသတ်နိုင်ရေးအတွက် တွန်းအားပေးလျက်ရှိသည်။ အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်စစ်သွေးကြွများအကြား အာမခံချက်ရှိသော ငြိမ်းချမ်းရေးအဆုံးသတ်မရရှိသေးမီ နိုင်ငံတွင်းမှ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာရုပ်သိမ်းသွားမည်ကို အာဖဂန်နစ္စတန်အစိုးရ၏ စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီး ရှာနာဟန်က အစောပိုင်းက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ၎င်းအနေဖြင့် အာဖဂန်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးအတွက် အစိုးရထံမှ ညွှန်ကြားချက်မရရှိသေးကြောင်း ပြောကြားခဲ့သည်။

မိမိအနေဖြင့် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့များတည်ရှိနေခြင်းကို အလိုရှိပါကြောင်း၊ ယင်းသို့ တည်ရှိနေခြင်းသည် အမေရိကန်ပြည်ထောင်စုနှင့် ဒေသတွင်း တည်ငြိမ်ရေးအတွက် အာမခံချက်ရရှိစေရန်ဖြစ်ကြောင်း ရှာနာဟန်က ပြောကြားသည်။

အမေရိကန်ယာယီကာကွယ်ရေးဝန်ကြီးသည် အမေရိကန်တပ်ဖွဲ့များက အာဖဂန်နစ္စတန်အထူးတပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးနေသည့်စခန်းသို့ သွားရောက်ခြင်းမပြုမီ အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ၏ ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး စကော့မီလာနှင့် တွေ့ဆုံခဲ့သည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ငလျင်လှုပ်ခတ်မှုအကြိမ် ၂၅၀ နီးပါးဖြစ်ပွားခဲ့

**မနီလာ ဖေဖော်ဝါရီ ၁၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူရီဂါအိုဒယ်နော့တီပြည်နယ်ရှိ မြို့ငယ်တစ်ခုတွင် ဖေဖော်ဝါရီ ၈ ရက်ကတည်းက အကြိမ် ၂၅၀ နီးပါး ငလျင်ဆက်တိုက်လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ မီးတောင်နှင့် ငလျင်ဌာနက ဖေဖော်ဝါရီ ၁၀ ရက်က ပြောကြားခဲ့သည်။


ဆူရီဂါအိုဒယ်နော့တီပြည်နယ် General Luna မြို့အရှေ့မြောက်ဘက်ရှိ မြေအောက်အနက် ၄၄ ကီလိုမီတာကို ဗဟိုပြု၍ ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၁ မိနစ်တွင် အင်အား ၅ ဒသမ ၅ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် နောက်ဆက်တွဲငလျင် ၆၀ ကျော် လှုပ်ခတ်ခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၅၅ မိနစ်တွင် General Luna မြို့အရှေ့တောင်ဘက် ၂၈ ကီလိုမီတာရှိ မြေအောက်အနက် ၁၉ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ၅ ဒသမ ၉ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၉ ရက်တွင်လည်း General Luna မြို့တွင် ငလျင်လှုပ်ခတ်မှု ၁၃၀ ကျော် ဖြစ်ပွားခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းအထိ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာဖြစ်ပေါ်ခြင်းကိုမူ ဖိလစ်ပိုင်နိုင်ငံရှိ သဘာဝဘေးအန္တရာယ်ဌာနများမှ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖရိကသမဂ္ဂ ထိပ်သီးအစည်းအဝေး အီသီယိုးပီးယားတွင် ကျင်းပ



**အက်ဒစ်အဘာဘာ ဖေဖော်ဝါရီ ၁၁**

အာဖရိကသမဂ္ဂ၏ ထိပ်သီးအစည်းအဝေးတစ်ရပ်ကို အီသီယိုးပီးယားနိုင်ငံ မြို့တော်အက်ဒစ်အဘာဘာတွင် ဖေဖော်ဝါရီ ၁၀ ရက်က စတင်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ယင်းသမဂ္ဂအဖွဲ့ချုပ် တည်ရှိရာ အက်ဒစ်အဘာဘာမြို့၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယင်းထိပ်သီးအစည်းအဝေးတွင် အာဖရိကတိုက်လုံးဆိုင်ရာ လွတ်လပ်သောကုန်သွယ်ရေးဇုန်တည်ဆောက်ရေး၏ နောက်ဆုံးအဆင့်သို့ ဝင်ရောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် လွန်ခဲ့သည့်နှစ်အတွင်းကပင် လွတ်လပ်သော ကုန်သွယ်ရေးဇုန်တည်ဆောက်ရေးနှင့် အခွန်အကောက်များက ဖြည်းဖြည်းချင်းလျှော့ချရေးအတွက် သဘောတူညီခဲ့ကြပြီးဖြစ်သည်။

အာဖရိကသမဂ္ဂ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲတွင် ရဝမ်ဒါနိုင်ငံ သမ္မတက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ရာတွင် အာဖရိကတိုက်လုံးဆိုင်ရာ လွတ်လပ်သော ကုန်သွယ်ရေးဇုန်သည် ၎င်းတိုက်အတွင်းရှိ တည်ရှိသော နိုင်ငံအားလုံးကို လွှမ်းခြုံနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း၊ ၎င်းကို မကြာတော့သည့် ရက်သတ္တပတ်များအတွင်း ပုံဖော်နိုင်တော့မည်ဖြစ်ကြောင်း၊ ကင်ညာနှင့် ဂါနာအပါအဝင် အခြားနိုင်ငံများမှ ဥပဒေပြုလွှတ်တော်များကလည်း အဆိုပါသဘောတူညီချက်များကို အတည်ပြုပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

**»»» မြန်မာ-ထိုင်းမှ**

ပွဲစဉ်များအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် လက်ဝှေ့ဒီပအောင်လံနှင့် ကျိုက်ခေါက်စေတီတော် အောင်လံပွဲစဉ်များ ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် လက်ဝှေ့ဒီပအောင်လံ ဗိုလ်လုပွဲနှင့် အောင်ချင်းလေး(မြန်မာ)နှင့် ခေါင်ဝမ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျိုက်ခေါက်စေတီ အောင်လံဗိုလ်လုပွဲနှင့် သပြေညို(မြန်မာ)နှင့် ဝမ်ချနာ(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ကျိုက်ခေါက်စေတီတော် အောင်လံရတဲ့သူကို နိုင်ငံခြားသားနဲ့ ထိုးဖို့အတွက် အကြမ်းဖျင်းမူ ချထားတယ်။ မနှစ်က အောင်လံဆုရတဲ့ ဟိန်းထွန်းအောင်က မအားလပ်တဲ့အတွက် ဒုတိယရတဲ့ အောင်ချင်းလေးနဲ့ ထိုင်းဖိုက်ကို တည်ပေးတာပါ။ သပြေညိုနဲ့ပွဲကလည်း အလွန်ကြည့်ကောင်းမယ့်ပွဲပါ။ ပထမတစ်ခေါက်မှာ သပြေညိုက သူ့ကိုနိုင်ဖူးတယ်၊ ဒါပေမယ့် သူကလည်း မြန်မာ့လက်ဝှေ့သမား မိုက်ရိုင်းကို အမြင့်ကန်ချက်နဲ့ပွဲသိမ်းနိုင်ခဲ့တယ်" ဟု မြန်မာ့ရိုးရာလက်ဝှေ့ အစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး ဦးတင်ထွဋ်ဦးက ပြောသည်။

လက်ဝှေ့ဒီပအောင်လံလုပွဲတွင် သိန်းစိုး(အဖြူရောင်သွေးသစ်)၊ အံ့ဘွား(ကျားဖြူ)၊ နိုင်းဝမ်း(ခြသေ့်မင်း)၊ ရွှေတောင်သား(တောင်ဇလပ်)တို့ ပါဝင်ထိုးသတ်သွားမည်ဖြစ်ပြီး ကျိုက်ခေါက်စေတီတော် အောင်လံလုပွဲတွင် ဟံသာဝတီသား(အဖြူရောင်သွေးသစ်)၊ ကိုကိုအောင်(တောင်ဇလပ်)၊ သားဒိန်း(ဖိုးရာဇာ)၊ တောက်ရှားအောင်(AMT 2) တို့ ပါဝင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ Uptown ဟိုတယ်၌ ကျင်းပကြောင်း၊ ယင်းပြိုင်ပွဲတွင် နေ့စဉ် အထူးသုံးချီစိန်ခေါ်ပွဲနှင့် လေးချီစိန်ခေါ်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ဇာနည်မောင်၊ အောင်ကျော်ဦး**






# မန်ယူနောက်တန်းကစားသမား အက်ရှ်လေယန်း တစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

မန်ယူအသင်းရဲ့နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ အက်ရှ်လေယန်းဟာ တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့တာကြောင့် အိုးထရက်ဖို့ဒ်တွင် ၂၀၂၀ ပြည့်နှစ်အထိ ဆက်ရှိနေမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား အက်ရှ်လေယန်းရဲ့လက်ရှိစာချုပ်သက်တမ်းဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ကာလရှည်ကစားခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးလည်းဖြစ်ပါတယ်။ နောက်တန်းကစားသမား အက်ရှ်လေယန်းဟာ ၂၀၁၁ ခုနှစ်အတွင်းက အက်စ်တွန်ဗီလာအသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ လက်ရှိအချိန်အထိ ပွဲပေါင်း ၂၂၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီးလည်းဖြစ်ပါတယ်။

နောက်တန်းကစားသမား အက်ရှ်လေယန်းဟာ မန်ယူအသင်းနဲ့အတူ ပါဝင်ကစားခဲ့ရာမှာ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ယူရိုပါလိဂ်ဖလားနဲ့ လိဂ်ဖလားတွေကို ရယူပေးနိုင်ခဲ့ပါတယ်။

မန်ယူအသင်းအနေနဲ့ အသင်းအတွက် အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး မာရှယ်လ်နဲ့ နောက်တန်းကစားသမား ဖီးလ်ဂျုံးစ်တို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုထားကြောင်း သိရပါတယ်။

**ငွေကြယ် - ရေးသားသည်**



# တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် ညနေ ၆ နာရီခန့်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့ကွင်းလမ်းအမှတ်(တကက-၃၀၃)ရှိနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား Mr. Sumeth အား တွေ့ရပြီး စားပွဲပေါ်မှ အိုက်စ် သုည ဒသမ ၈ ဂရမ်ကို လည်းကောင်း။

အလားတူ ည ၉ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) မြို့ပတ်လမ်းဆုံတွင် စိုင်းအိုက်လူ မောင်းနှင်လာသည့် Crown မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ သေနတ်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ ၉၄ တောင့်၊ ကျည်အိမ် ခုနစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ အိုက်စ် ဂရမ် ၂၁၀၊ ဘိန်းဖြူ ဂရမ် ၃၀၀၊ ဘိန်းညိုမှုန့် ဂရမ် ၃၀၊ ငွေကျပ် ၃၇၅၀၊ ထိုင်းနိုင်ငံသုံး ငွေဘတ် ၂၀၊ တရုတ်နိုင်ငံသုံးငွေ ၆၂ ယွမ်၊ မလေးရှားနိုင်ငံသုံးငွေ တစ်ရင်းဂစ်၊ ဘရူနိုင်းနိုင်ငံသုံးငွေ တစ်ဒေါ်လာ၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ည ၉ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ရွှေမြေသာယာဈေးအနီးတွင်တွေ့ရှိသူ ထိုင်းနိုင်ငံသား လက်ချာန္ဒန်းဖေ့လောင်းထောင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၀၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(အပြင်)ကျေးရွာ သံလွင်လမ်းသွယ် အမှတ်(တကပ/၁၉၂)ရှိ ၎င်းငှားရမ်းနေထိုင်သည့်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၈၀ နှင့် Ecstasy ဆေးပြား ၇၇၆ ပြား၊ လက်ကိုင်ဖုန်းတစ်လုံး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(အပြင်)ကျေးရွာ ရွှေဟသ်ာလမ်းရှိ BAI TONG ဟိုတယ် အခန်းအမှတ်(၂၁၄)ကို ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသူများဖြစ်သည့် Miss Tidarut Lorprakansit နှင့် မဝမ်နာလီလော့ဖူတို့အား တွေ့ရှိရပြီး



စိုင်းအိုက်လူအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွရူးသွပ်ဆေး ငါးပြား၊ အိုက်စ် ငါးဂရမ်၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# နောင်ချိုမြို့နယ်နှင့် ပေါက်မြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် သစ်တောဦးစီးဌာနမှ ပေါက်မြို့နယ် ဇာဂျီးနီးယားဆေးပေါင်းရုံရှေ့၌ ဖေဖော်ဝါရီ ၈ ရက်က လူမပါဘဲ ရပ်ထားသည့် ဆီဘောက်ဆာယာဉ်ကို ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိသည်။ **(ယာပုံ)**

အလားတူ ယနေ့နံနက် ၁ နာရီက ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တွင် မန္တလေးမှ ဖြိုးသူရ မောင်းနှင်လာသည့် ဆီဘောက်ဆာယာဉ်ကို ရပ်တန့်




စစ်ဆေးရာ ဆီတိုင်ကီအတွင်းမှ တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွဲသားများ သိမ်းဆည်းရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မွှေးကြူဇင်**

# သာပေါင်းမြို့နယ်တွင် ယာဉ်တစ်စီးတိမ်းမှောက် ခုနစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

**သာပေါင်း ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျွန်းလျားကြီးကျေးရွာအုပ်စု သစ်စင်ကျေးရွာအနီး ကြက်သွန်ကွင်း-သဲဖြူ-မကျည်းဇင် တောင်ပေါ်ကားလမ်း၌ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဝါးတင်ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦးမှာ နေရာတွင် သေဆုံး၍ ခြောက်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သာပေါင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မြင့်လွင် ဦးစီးအဖွဲ့ကသွားရောက်စစ်ဆေးရာ သဲဖြူကျေးရွာမှ ကြက်သွန်ကွင်းကျေးရွာသို့ ကျောက်ချောမြေသား တောင်ပေါ်ကားလမ်းအတိုင်း မျိုးမင်းဌေး ဝဇန်ကြို့ကုန်းကျေးရွာနေသူ မောင်းနှင်သည့်ဝါးများတင်ဆောင်ထားသောယာဉ်ပေါ်တွင် အမျိုးသား၊ အမျိုးသမီး ၁၃ ဦး လိုက်ပါလာရာ မိုင်တိုင် ၂၆/၄ ကုန်းအဆင်း၌ ဘရိတ်ပေါက်ပြီး အရှိန်လွန်တိမ်းမှောက်သဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးမှာ ဝါးလုံးများပိမိပြီး နေရာတွင်သေဆုံးသွားခဲ့သည်။ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦးမှာ ဒဏ်ရာများ ရရှိသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သာပေါင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မာန်အောင်ကျွန်း၏ အနောက်မြောက်ဘက်ရှိ မီးပြတိုက်အနီး ဆင်ပြောင်အမည်ရှိ သင်္ဘောတစ်စင်း နစ်မြုပ်၊ လူ ၁၈ ဦး ပျောက်ဆုံး

**မာန်အောင် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် (မာန်အောင်ကျွန်း)၏ အနောက်မြောက်ဘက်ရှိ ဇီးတောကျေးရွာနှင့် ရေမိုင်လေးမိုင်ခန့်အကွာ လက်ဖက်ကျွန်းမီးပြတိုက်သို့ ပြုပြင်ရန်လာရောက်သည့် ဆင်ပြောင်အမည်ရှိ သင်္ဘောမှာ လူ ၂၅ ဦးပါဝင်ပြီး ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၄ နာရီခွဲခန့်က နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လူ ၁၈ ဦး ပျောက်ဆုံးနေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အခင်းဖြစ်စဉ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မီးပြတိုက်ဦးစီးဌာနပိုင် ဆင်ပြောင်ရေယာဉ်ပေါ်၌ ရေယာဉ်မှူး ဦးထွန်းထွန်းပါ ၂၃ ဦး၊ မာန်အောင်မီးပြတိုက်မှ ဒေသခံနေ့စားဝန်ထမ်း တစ်ဦး စုစုပေါင်း ၂၅ ဦးတို့သည် မီးပြတိုက်မြောက်ဘက် ရေမိုင်တစ်မိုင်ခန့်အကွာတွင် ကျောက်ချ ညအိပ်နားနေစဉ် ယနေ့ နံနက် ၄ ခန့်က ဘေးလှိုင်းရိုက်ခတ်မှုများကြောင့် ရေယာဉ်အတွင်း မှန်ပြတင်းပေါက်များကွဲအက်၍ ရေများဝင်ရောက်လာသဖြင့် သင်္ဘောမှာဝဲဘက်သို့ တိမ်းစောင်းကာ နစ်မြုပ်သွားစဉ် သင်္ဘောပေါ်မှ ဝီစီမှုတ်သံများကြောင့် မီးပြတိုက်ဌာနမှူး ဦးအေးလွင်တို့အဖွဲ့က ဒေသငါးဖမ်းစက်လှေ နှစ်စင်းဖြင့် သွားရောက်ကူညီကယ်ဆယ်ခဲ့ရာ လူ ၂၅ ဦး အနက်မှ ခုနစ်ဦးအား ကယ်တင်နိုင်ခဲ့ပြီး ရေယာဉ်မှူး ဦးထွန်းထွန်းပါ ၁၇ ဦးနှင့် ဒေသခံနေ့စားဝန်ထမ်း တစ်ဦး ပေါင်း ၁၈ ဦးတို့မှာ သင်္ဘောနှင့်အတူ နစ်မြုပ်ပျောက်ဆုံးနေကြောင်း သိရသည်။

ယင်းသင်္ဘောနစ်မြုပ်ရာသို့ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးအိုင်အေမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မျှော်တော်ဦးကျေးရွာ အခြေစိုက်အမှတ်(၁၉) ရှေ့တန်းရေတပ်စခန်း ဗိုလ်မှူး ခွန်ဟိန်းထက်စိုးနှင့် တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အသက်ရှင်လျက် ကယ်တင်နိုင်သော သင်္ဘောသားများအား နယ်မြေခံတပ်မှ ဆေးမှူးဗိုလ်ကြီးရဲပြည့်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကယ်ဆယ်ရေးအဖွဲ့ကလည်း အစားအသောက်များ ပေးအပ်ခဲ့သည်။ ပျောက်ဆုံးနေသော ရေယာဉ်မှူး ဦးထွန်းထွန်းနှင့်၁၇ဦးအား ဆက်လက် ရှာဖွေလျက်ရှိကြောင်း ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့ ကန်သာဦးရပ်ကွက်တွင် ရေခဲသေတ္တာ မီးဖြတ်စက်ရှော့ဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်

**မုံရွာ ဖေဖော်ဝါရီ ၁၁**

မုံရွာမြို့ ကန်သာဦးရပ်ကွက် သီတာလမ်း နယ်မြေ(၃)တွင် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၂ နာရီခန့်က ရေခဲသေတ္တာ မီးဖြတ်စက်အပူလွန်ကဲရှော့ဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်ခဲ့ကြောင်း မုံရွာခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ မုံရွာခရိုင်မီးသတ်အဖွဲ့နှင့်အတူ မီးငြှိမ်းသတ်ယာဉ် ရှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ခန့်နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းငြှိမ်းသတ်ရာ နံနက် ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးပေါ်ဆသူ ကိုဇော်မိုးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

# ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်သူ အမျိုးသမီးငယ်နှစ်ဦးအား မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်

**တာချီလိတ် ဖေဖော်ဝါရီ ၁၁**

ထိုင်းနိုင်ငံအတွင်း အထောက်အထားမဲ့ ဝင်ရောက်လာသည့် အမျိုးသမီးငယ်နှစ်ဦးအား မယ်ဆိုင်မြို့ အဝေးပြေးဂိတ်တွင် တွေ့ရှိ၍ ခေတ္တခေါ်ယူထိန်းသိမ်းထားပြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရဲတပ်ဖွဲ့က တာချီလိတ်မြို့အခြေစိုက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်က ဆက်သွယ်အကြောင်းကြားခဲ့ရာ မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်၊ အတွင်းရေးမှူး ဦးစည်သူမောင်၊ အဖွဲ့ဝင် ဦးထွန်းနိုင်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် ၁ (တာချီလိတ်)မှ တပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေးတို့က မယ်ဆိုင်မြို့ရဲတပ်ဖွဲ့ထံ သွားရောက်တွေ့ဆုံပြီး အဆိုပါအမျိုးသမီးငယ်နှစ်ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရဲတပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေးနှင့် တာဝန်ရှိသူများက အဆိုပါအမျိုးသမီးငယ်နှစ်ဦးအား လူကုန်ကူးခံရမှုအန္တရာယ်ဆိုင်ရာ သိကောင်းစရာများအား အသိပညာပေးကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**


**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ပြည်ထောင်စုစည်းလုံးညီညွတ်ရေးအုတ်မြစ်

## ဒုတိယပင်လုံ

ကောင်းစျာန်သိမ်း





THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.

Saohpalong of Tawngpeng State.

Saohpalong of Yawnghwe State.

Saohpalong of North Hsenwi State.

Saohpalong of Laihka State.

Saohpalong of Mong Pawn State.

Saohpalong of Hsamonghkam State.

Representative of Hsahtung Saohpalong.

(Hkun Pung)

(U Tin E) (U Htun Myint)

(U Kya Bu) (Hkun Saw).

(Sao Yape Hpa) (Hkun Htee)

Kachin Committee.

(Sinwa Naw, Myitkyina)

(Zau Rip, Myitkyina)

(Dinra Tang, Myitkyina)

(Zau La, Bhamo.)

(Zau Lawn, Bhamo)

(Labang Grong, Bhamo)

Chin Committee.

(U Hlur Hmung, ATM, IDSM, K.S.M., Falam.)

(U Thawng Za Khup, ATM, Tiddim.)

(U Kio Mang, ATM, Haka)

Burmese Government.

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ညနေပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းအဖွဲ့နှင့် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များ၏ တင်ပြချက်များကို ဆွေးနွေးကြသည်။ နှစ်ဖက်ဆွေးနွေးပြီးနောက် ပင်လုံစာချုပ်မူကြမ်းကို ရေးဆွဲကြသည်။ တောင်းဆိုချက်များကို မြန်မာကိုယ်စားလှယ်အဖွဲ့က လိုက်လျောသဖြင့် ကျေနပ်သွားကြသည်။

ထိုနေ့ညနေတွင် တောင်ကြီးမှ ကျောင်းသား ကျောင်းသူများ၊ ဈေးသမဂ္ဂ၊ အလုပ်သမား၊ အမှုထမ်း၊ အရာထမ်းများ၊ ရှမ်း၊ အင်းသား၊ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ မြန်မာ၊ ဂေါ်ရခါး စသည့် တိုင်းရင်းသားပေါင်းစုံများ၊ ရပလများ၊ ပြည်သူ့ရဲဘော်များသည် ကားအစီး ၆၀ ကျော်ဖြင့် ပင်လုံသို့ ရောက်ရှိလာကြသည်။ ထို့နောက် ညောင်ရွှေ၊ အင်းလေး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ ဘော်ဆိုင်းမှ ပြည်သူလူထုများ ပင်လုံသို့ ရောက်ရှိလာကြသည်။ ၎င်းတို့သည် ပင်လုံညီလာခံ ခန်းမဆောင်အနီးတွင် လွတ်လပ်ရေးချက်ချင်းပေး၊ ရှမ်း၊ မြန်မာ တောင်တန်းသားများပူးပေါင်းကြ၊ ရှမ်း-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ၊ နယ်ချဲ့သမား အလိုမရှိ စသည်တို့ကို ကြွေးကြော်ဆန္ဒပြကြသည်။ ပင်လုံညီလာခံဆွေးနွေးပွဲသို့ ကယား၊ ကရင်ပြည်နယ်တို့မှ ကိုယ်စားလှယ်များ နောက်ကျမှရောက်ရှိလာကြသည်။

### ပင်လုံစာချုပ်မူကြမ်း

ဘော်တွမ်လေသည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပင်လုံစာချုပ်မူကြမ်းကို ဗိုလ်ချုပ်အောင်ဆန်းထံ လာရောက်ပေးပို့ခဲ့သည်။ နောက်ဆုံးအတည်ပြုသော စာချုပ်မူကြမ်း သုံးစောင်ကို မိုင်းပွန်စော်ဘွားကြီးက ဗိုလ်ချုပ်ထံ တင်ပြခဲ့သည်။ ဘော်တွမ်လေ ယူလာသော စာချုပ်မူကြမ်းမှာ ကော်မတီက ပယ်ထားသော စာချုပ်ဖြစ်သည်။ ထို့နောက် မြန်မာတို့နှင့် ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည်ဟူသော သဘောတူညီချက်ကို ရရှိ၍ ဝမ်းမြောက်သည့် အထိမ်းအမှတ်အဖြစ် ရှမ်းစော်ဘွားများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် ရှမ်းစော်ဘွားများအသင်းဥက္ကဋ္ဌ တောင်ပိုင်းစော်ဘွားကြီးက “ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ချင်း၊ ကရင်



အမျိုးသားအချင်းချင်း အထင်အရှားသဘောကွဲလွဲချက်များရှိသော်လည်း ယခုတော့ ဤသဘောကွဲလွဲချက်များ မရှိတော့ပါဘူး။ ဗမာနှင့် ရှမ်းစသော တောင်တန်းနယ်အားလုံးတို့ ကောင်းရာကောင်းကြောင်းအချိန်သို့ ဆိုက်ရောက်လာပါပြီ။ ဤအစည်းအဝေးတွင် ကျွန်တော်တို့အချင်းချင်း သွေးကွဲအောင် ခြေထိုးသူတွေ ရှိနေကြောင်းကို သိရပါတယ်။ သူတို့သွေးခွဲပေမယ့် ကျွန်တော်တို့မပါဘူး။ ကျွန်တော်တို့လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာယုံကြည်ပါ” ဟု ပြောကြားခဲ့သည်။

### စုပေါင်းလုပ်ကြမှသာ အကျိုးရှိ

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ပြန်လည်ပြောကြားရာတွင် “အချင်းချင်း သဘောကွဲလွဲမှုမျိုးတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာ စစ်သေနာပတိဟာ ကရင်ဖြစ်ချင်ဖြစ်မယ်။ ကချင်၊ ချင်း ဖြစ်ချင်လည်းဖြစ်မယ်။ ဘယ်သူပဲဖြစ်ဖြစ် တစ်မိန့်တည်း လိုက်နာဆောင်ရွက်ကြရမှာပဲ။ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအား စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်” ဟု ပြောကြားခဲ့သည်။

### ပင်လုံစာချုပ်လက်မှတ်ရေးထိုး

ထို့နောက် ခေါင်းဆောင်ကြီးများ အသီးသီးတို့က မိန့်ခွန်းများပြောကြားကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးလိုက်ကြသည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပြီးနောက် မွန်းလွဲ ၂ နာရီတွင် တောင်ပေါ်သားများညီညွတ်ရေးအဖွဲ့ အစည်းအဝေးကျင်းပကာ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းအား တောင်တန်းဒေသဆိုင်ရာ ဘုရင်ခံ၏အမှုဆောင်(ဝန်ကြီး) အဖွဲ့ဝင်အဖြစ် ရွေးချယ်လိုက်ကြသည်။ ချင်းတိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဝမ်ကိုဟောသည် အစိုးရဝန်ထမ်းတစ်ဦးဖြစ်နေသဖြင့် ပင်လုံစာချုပ်တွင် လက်မှတ်ထိုးခြင်း မပြုနိုင်ခဲ့ပေ။ နောက်တစ်လခန့်ကြာသော် လက်မှတ်ရေးထိုးနိုင်ပြီး နယ်စပ်ဒေသ ဒုတိယအတိုင်ပင်ခံဝန်ကြီး ဖြစ်လာခဲ့သည်။

မြန်မာနှင့်တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း နယ်ချဲ့အစိုးရက ထိုစာချုပ်တွင် တိုင်းရင်းသားအားလုံးအစုံအလင်မပါဝင်သဖြင့် တောင်တန်းဒေသ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး စုံစမ်းစေပြန်သည်။ ၁၉၄၇ ခုနှစ် ဧပြီလ ၂၀ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားများ အစစ်အဆေးခံကြရသည်။ အားလုံးသည် ပင်လုံသဘောတူညီချက်ကို လက်ခံကြောင်း၊ မြန်မာပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးကို ရရှိလိုကြောင်း ထွက်ဆိုသွားကြသည်။

### စည်းလုံးညီညွတ်မှုအုတ်မြစ်

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ဗြိတိသျှအစိုးရနှင့် အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုပြီးနောက် ပင်လုံမြေတွင် လူမျိုးစုံကွန်ဖရင့်ကြီးကို ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၁၂ ရက်နေ့အထိ ထမြောက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။ ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုအုတ်မြစ်ကို စိုက်ထူနိုင်ခဲ့သည်။ လွတ်လပ်ရေးအတွက် အပင်ပေါက်ကို စိုက်ပျိုးနိုင်ခဲ့သည်။ ထိုအခြေအနေသို့ရောက်အောင် လွယ်လွယ်ကူကူတော့မဟုတ်၊ အခက်အခဲများ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများ၊ တိုက်ခိုက်မှုများကြားမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်နိုင်ခဲ့သည်။

ပြည်ထောင်စုစည်းလုံးညီညွတ်ရေး အုတ်မြစ်ချပွဲကို ပြန်ပြောင်းသုံးသပ်လေ့လာကြည့်မည်ဆိုလျှင် ပြည်ထောင်စုစည်းလုံးညီညွတ်မှုကို အဓိကတည်ဆောက်သူ ဗိသုကာမှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။ အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်များက လက်တွဲပါဝင်ခဲ့ကြသလို ပဒေသရာဇ်စနစ်ကို ဖက်တွယ်လိုသူများက ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ခဲ့သည်ကို တွေ့ရသည်။ နယ်ချဲ့အနေဖြင့်မူ နှစ်ပေါင်းတစ်ရာကျော် တိုင်းပြည်ကို သိမ်းပိုက်ခဲ့ပြီး ပြန်လည်စွန့်လွှတ်မည့်အရေးကို မြော်တွေးကြည့်နိုင်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရာ၌ ရိုးရိုးသားသား၊ တက်တက်ကြွကြွ ထောက်ခံအားပေးကြသူများမှာ တိုင်းရင်းသားပြည်သူအားလုံးတို့သာ ဖြစ်သည်။

### ညီညွတ်ရေးဗိသုကာ

မြန်မာ့သမိုင်းတွင် မကြုံစဖူး ထူးခြားစွာသော တိုင်းရင်းသားလူထုစည်းလုံးညီညွတ်ရေးကို ဤသို့ ဖန်တီးခဲ့ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် “စတုတ္ထမြန်မာနိုင်ငံတော်ကြီး” ကို ပြောင်မြောက်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအရည်အချင်းနှင့် အမျိုးသားညီညွတ်မှုစည်းရုံးရေးစွမ်းရည်တို့မှာ အထင်အရှားအမြောက်အမြားပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဟူသော လူထုခေါင်းဆောင်တစ်ဦး၏ တော်လှန်ရေးအယူအဆနှင့် တိုင်းပြည်လွတ်လပ်ရေးအတွက် ကြံခိုင်ဖြောင့်မတ်သောလမ်းစဉ်တို့အပြင် သူ၏မွန်မြတ်လှသော ခေါင်းဆောင်မှု၊ စည်းရုံးစွမ်းဆောင်နိုင်မှုဂုဏ်သတင်းသည် မြန်မာပြည်မြောက်ဖျားမှ မြင့်မားညို့မှိုင်းသော ကချင်တောင်တန်းကြီးများဆီသို့ပင် ပဲ့တင်ရိုက်ကာ မြည်ဟည်းပျံ့နှံ့သွားစေပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆက်သွယ်မိရာမှ ကချင်-ဗမာ သွေးစည်းညီညွတ်ရေး လုပ်ငန်းအရပ်ရပ်သည် ချောမောပြေပြစ် အောင်မြင် အထမြောက်ခဲ့လေသည်။ အလားတူပင် မြန်မာပြည်အနောက်မြောက်တောင်တန်းကြီးများပေါ်မှ ချင်းတိုင်းရင်းသားများသည်လည်းကောင်း၊ ရှမ်းကုန်းမြေမြင့်ဒေသမှ ရှမ်းတိုင်းရင်းသားများသည်လည်းကောင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်စသည့် တိုင်းရင်းသားများသည်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းရည်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကို အကြွင်းမဲ့လက်ခံယုံကြည်လာကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကို တညီတညွတ်တည်း ယုံကြည်လက်ခံလာကြခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို အမှူးထားကျင်းပသည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံကြီးတွင် မြေပြန့်မှ ဗမာလူထုနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားများအားလုံးတို့သည် ပြည်ထောင်စုသားဟူသော အမည်နာမတစ်ခုတည်းဖြင့် အခိုင်အမာ သွေးစည်းညီညွတ်စွာ ပူးပေါင်းမိကြလေသတည်း။ ။

### ပြည်ထောင်စုစိတ် ကမ္ဘာမြေနှိုင်းလျက်

- မျိုးချစ်စိတ်ဖြင့်
  အတိတ်ဘိုးဘွား၊ မြန်မာများလျှင်
  အင်အားကြီးမြတ်ခဲ့ကြသည်။
- မျိုးချစ်စိတ်ဖြင့်
  အတိတ်ဘိုးဘွား၊ တိုင်းရင်းသားတို့
  ထင်ရှားသမိုင်းသစ်ခဲ့သည်။
- မျိုးချစ်စိတ်ဖြင့်
  အတိတ်ဘိုးဘွား၊ မြန်မာများသို့
  အင်အားပေါင်းစု၊ ညီညွတ်မှုဖြင့်
  ယခုမှ နောင်၊ မျိုးဂုဏ်ဆောင်မည့်
  ပြည်ထောင်စုစိတ်၊ ကမ္ဘာမြေနှိုင်းလျက်
  တစ်စိတ်တစ်ဝမ်း၊ အရောက်လှမ်းစို့
  ကိန်းခန်းမျှညီ ကမ္ဘာတည်။
  ငြိမ်းချမ်းရမည် မြန်မာပြည်။

( ၇၂ နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုလျက် )

မောင်သင်းပျံ့(ကျိုက်ထော်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများဖွင့်ပွဲ တက်ရောက်

**စစ်တွေ ဖေဖော်ဝါရီ ၁၁**
(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနဆိုင်ရာများပြခန်း၊ ကုမ္ပဏီများ ပြခန်းများနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဧညဝတီအားကစားကွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နှင့် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ဌာနဆိုင်ရာများပြခန်း၊ ကုမ္ပဏီများပြခန်းနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်ဌာနဆိုင်ရာများသည် ဧညဝတီအားကစားကွင်းအတွင်း ဖွင့်လှစ်ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက “ကျွန်တော်တို့ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြခန်း ၄၅ ခန်းပြသထားပါတယ်။ အဲဒီအထဲမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေ၊ ဌာနဆိုင်ရာတွေရဲ့ မိမိဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတွေ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ စီးပွားဖြစ်အောင်မြင်နေမှုတွေ၊ ဒ့ါအပြင် ပြည်နယ်အတွင်းမှ ထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်တွေကိုလည်း ပြသထားပါတယ်။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းတွေကို လေ့လာကြည့်ရှုသူတွေအနေနဲ့ အသိပညာဗဟုသုတတွေတိုးပွားရရှိလာမှာဖြစ်တဲ့အတွက် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်အပ်ပါတယ်”ဟု ပြောသည်။

အဆိုပါပြခန်းများကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ကံထွန်း(ဟံတာမြေ)**



# ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၌ မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါများ ကုသပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါ လူနာများကို မီးယပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ဦးဆောင်ပြီး ကုသပေးနေကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပသည့် မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါနှင့်ပတ်သက်သည့် ပဉ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက “ဒီဆွေးနွေးပွဲက သားဖွားမီးယပ်ပညာဌာန ဗဟိုအမျိုးသမီးဆေးရုံကြီးနဲ့ ဩစတြေးလျနိုင်ငံ Brisbane Hospital က မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းပါရဂူတွေနဲ့ တွဲဖက်ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။ မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါဆိုတာ အသက်အန္တရာယ် စိုးရိမ်လောက်တဲ့ ရောဂါထဲမှာတော့ မပါဝင်ပါဘူး။ ဒါပေမယ့် အမျိုးသမီးထုမှာ နိစ္စဓူဝနေထိုင်လှုပ်ရှားမှုမှာ အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ ဆီးမထိန်းနိုင်တာ၊ အမျိုးသမီးတွေမှာ ချောင်းဆိုးလိုက်ရင်၊ နှာချေလိုက်ရင်၊ လမ်းလျှောက်လိုက်ရင်၊ စကားပြောရင်၊ လမ်းများများလျှောက်ရင် ဆီးမထိန်းနိုင်တဲ့ ဝေဒနာတွေ၊ ဆီးခဏခဏသွားရတဲ့ ဝေဒနာတွေ၊ ညမှာ ဆီးတွေအကြိမ်ကြိမ်သွားလို့ အိပ်မပျော်တဲ့သူတွေ၊ နောက်တစ်ခုက အမျိုးသမီးတွေ အသက်ကြီးလာရင် သားအိမ်ကျတယ်ဆိုပြီး သားဖွားမီးယပ်အထူးကုတွေကိုလာရောက်ပြသကြတယ်။ တင်ပဆုံကျုံ့ကြွက်သားတွေ အားနည်းပြီး အတွင်းပိုင်းအင်္ဂါတွေ လျော့နည်းပြီးကျတဲ့ ဒီဝေဒနာတွေ အဖြစ်များတာပါ။ ဒါကြောင့် ဒီဝေဒနာတွေက ရောဂါအကြီးကြီးမဟုတ်ပေမယ့် နေ့စဉ်လှုပ်ရှားနေရတာဖြစ်တဲ့အတွက် အရေးကြီးတယ်လို့ ဆိုနိုင်ပါတယ်”ဟု ဆိုသည်။

### အဖြစ်အများဆုံးရောဂါ

ထို့နောက် ဆေးရုံအုပ်ကြီးက မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းလူနာများကို ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့်စပ်လျဉ်း၍ “၂၀၁၆ ကစပြီး မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်း ပြင်ပလူနာဌာနကို ဒီဆေးရုံမှာ စတင်ဖွင့်လှစ်ပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ကြည့်ရှုပေးပါတယ်။ အဖြစ်အများဆုံးရောဂါတွေဖြစ်တဲ့ ဆီးထွက်ကျတာ ဆီးခဏခဏသွားတာစတဲ့ ရောဂါအမျိုးအစားတွေကို မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါစက်ကိရိယာနဲ့ စမ်းသပ်စစ်ဆေးပြီး အကြောင်းရင်းသိ ကုသပေးနိုင်ဖို့ အတွက် ဒီ Clinic ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ထားပါတယ်။ ဒီနေ့ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ဩစတြေးလျနိုင်ငံက ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို အိန္ဒိယနိုင်ငံနဲ့မလေးရှားနိုင်ငံတွေမှာ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ဆောင်ခဲ့ပြီး ရလာတဲ့ပညာရပ်တွေနဲ့ ကုထုံးအသစ်တွေလည်း တွေ့လာပါတယ်။ မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါအတွက် သီးသန့်ဌာနရှိရင် ပိုပြီး အာရုံစိုက်လုပ်ဆောင်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မီးယပ်ဆိုင်ရာလမ်းကြောင်းရောဂါကုတဲ့ အတွင်းလူနာဌာနကို ဇန်နဝါရီ ၂၈ ရက်နေ့မှာစပြီး ဖွင့်လှစ်ကုသပေးနေပါတယ်။



### ရလဒ်ကောင်းတွေ ရလာ

“အမျိုးသမီးထုကို ကျွန်မပြောချင်တာက မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါဟာ အသက်အန္တရာယ်ဖြစ်လောက်တာတော့ မဟုတ်ပါဘူး။ အလုပ်ရုံဆွေးနွေးပွဲတွေမှာ နိုင်ငံခြားပညာရှင်တွေက ဆွေးနွေးတဲ့အခါမှာ နိုင်ငံခြားက ရောဂါသည်တွေနဲ့ ခံယူချက်ချင်း မတူတာတွေ့ရတယ်။ ဒီက ရောဂါဝေဒနာသည်တွေက ဆီးရောဂါနည်းနည်းလေးရှိလာရင်မပြသေးဘူး။ တော်တော်ဆိုးရွားနေတဲ့ အချိန်ကျမှ ကျွန်မတို့ဆီကို ရောက်လာတယ်။ တချို့က ဆီးထွက်ကျတယ်။ ဆီးခဏ ခဏသွားတယ်။ ဒါတွေကို ခွဲစိတ်ကုသမှ မဟုတ်ပါဘူး။ တခြားနည်းလမ်းတွေဖြစ်တဲ့ တင်ပဆုံအားနည်းတာတွေကို လေ့ကျင့်ခန်းလုပ်ပေးတယ်။ သက်သာသွားတာလည်း ရှိနိုင်ပါတယ်။ ဆေးဝါးတွေလည်း ရှိပါတယ်။ ခွဲစိတ်တဲ့ နည်းလမ်းတွေမှာလည်း နိုင်ငံခြားပညာရှင်တွေနဲ့ ပူးပေါင်းပြီး နောက်ဆုံးပေါ် ခွဲစိတ်ကုသမှုတွေနဲ့ဆို ရလဒ်ကောင်းတွေ ရနိုင်ပါတယ်။ ဒီရောဂါက အသက်အန္တရာယ်မစိုးရိမ်ရသော်လည်း ရောဂါစောစောတွေ့ရင် နိစ္စဓူဝအလုပ်တွေကို စိတ်ချမ်းသာစွာနဲ့ လုပ်နိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီဆီးရောဂါနဲ့ပတ်သက်ရင် လာပြကြပါ။ အကူအညီ တောင်းပါ။ ဆီးရောဂါဖြစ်တာ ရှက်စရာမဟုတ်ပါဘူး။ လာပြီးပြကြပါ။ အမျိုးသမီးထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေလည်း ပါပါတယ်။ သူနာပြုတွေရဲ့အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒီရောဂါနဲ့ပတ်သက်တဲ့ ကျွမ်းကျင်သူနာပြုတွေ ပေါ်ထွန်းနေပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း ဒီလို ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေဖြစ်အောင် မွေးထုတ်ပေးချင်ပါတယ်။ ဒီသင်တန်းမှာလည်း သူနာပြုတွေကို ဆီးအိမ်ကို ဘယ်လိုထိန်းပေးရမလဲ၊ ဆီးအိမ်နဲ့ပတ်သက်ပြီး လူနာတွေကို ဘယ်လိုညွှန်ကြားပေးရမယ်ဆိုတဲ့ ပညာရပ်တွေကိုလည်း ထည့်သွင်းဆွေးနွေးမှာပါ။ သူနာပြုနဲ့ ဆရာဝန်တွေပူးပေါင်းပြီး ဆောင်ရွက်ပေးမှသာ ဆီးရောဂါနဲ့ သက်ဆိုင်ရာရောဂါတွေ ကုသမယ်ဆိုရင် ပိုပြီးရလဒ်ကောင်းတွေ ရလာနိုင်မယ်လို့ ပြောချင်ပါတယ်” ဟု ဆေးရုံအုပ်ကြီးက ဆိုသည်။

### မျှဝေပေးတာဖြစ်

သားဖွားမီးယပ်ပညာဌာန ပါမောက္ခ(ဌာနမှူး) ပါမောက္ခ ဒေါက်တာစမ်းစမ်းမြင့်ကလည်း “မီးယပ်ဆိုင်ရာ ဆီးရောဂါကို ကုသဖို့အတွက် အရေးကြီးတဲ့အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ မစခင်က ဩစတြေးလျနိုင်ငံ Brisbane Hospital က မီးယပ်ဆိုင်ရာ ဆီးရောဂါကုပညာရှင်တွေ၊ ခွဲစိတ်ပညာရှင်တွေနဲ့ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲတစ်ခု လုပ်ကြမယ်ဆိုပြီး သူတို့ကိုကမ်းလှမ်းတော့ လာလုပ်ပေးပါတယ်။ ဒါနဲ့ဆို ငါးကြိမ်ရှိပြီ။ ဗဟိုအမျိုးသမီးဆေးရုံကြီးက ပညာရှင်တွေအတွက် သူတို့က လက်တွေ့ခွဲစိတ်ပြီး ပညာတွေကို မျှဝေပေးပါတယ်။ ခက်ခဲတဲ့ခွဲစိတ်မှုတွေကိုလည်း အတူလုပ်ဆောင်ကြပါတယ်။ မီးယပ်ဆိုင်ရာ ဆီးလမ်းကြောင်းရောဂါသည်တွေ တော်တော်များလာပါတယ်။ အခုကျသီးသန့်ကုပေးလို့ရပါတယ်။ အရင်တုန်းက မီးယပ်ရောဂါသည်တွေကို ကုသတဲ့ဌာနမှာပဲ ကုသပေးတာပါ။ ဒီသီးသန့်ဌာနလေးမှာ ဆီးအိမ်ကျတာတွေ၊ ဆီးမအောင့်နိုင်တာတွေ၊ ဆီးထွက်ကျတာတွေ ၊ ချောင်းဆိုးရင် ဆီးကျတာမျိုးတွေအတွက် အထူးကုပေးတဲ့ဌာနကို လာဝိုင်းဝန်းပြီး သူတို့ရဲ့ အသိပညာ၊ အတတ်ပညာတွေကို မျှဝေပေးတာဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးတဲ့ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။ အခြားကုသရေးဌာနတွေ အတွက်လည်း နိုင်ငံတကာက ပညာရှင်တွေဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲတွေ မှန်မှန်လုပ်တယ်။ ဒီမှာအလုပ်ရုံဆွေးနွေးပွဲတွေလုပ်တော့ ဒီကပညာရှင်တွေ အများကြီးတက်လို့ရပါတယ်။ နိုင်ငံတကာက အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း လွှတ်ပါတယ်။ မြန်မာနိုင်ငံက သားဖွားမီးယပ်ပညာရှင်တွေ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ပြည်တွင်းအတွေ့အကြုံသာမက ပြည်ပအတွေ့အကြုံတွေရရှိအောင် ကြိုးစားဆောင်ရွက်ပေးတာဖြစ်ပါတယ်။

“မီးယပ်ဆိုင်ရာ ဆီးရောဂါတွေကို ဗဟိုအမျိုးသမီးဆေးရုံကြီးက ကုသမှုတွေ ပေးနေပါတယ်။ ရက်တွေ သတ်မှတ်ပြီး သီးသန့်ဌာနမှာ ကုသပေးနေပါတယ်။ သားအိမ်ကျတာ၊ ဆီးအိမ်ကျတာ၊ ဆီးသွားရင် ခက်ခဲတာစတဲ့ရောဂါနဲ့ ပတ်သက်ပြီး မီးယပ်ဆိုင်ရာရောဂါတွေဖြစ်လာရင် လာခဲ့ပါ။ မီးယပ်ဆိုင်ရာ ဆီးရောဂါကို ကုသပေးတဲ့ ပြင်ပလူနာဌာနမှာ အပတ်စဉ် အင်္ဂါနေ့မနက်တိုင်း စစ်ဆေးပြီးတော့ ကုပေးနေပါတယ်။ ခွဲစိတ်ကုသမှုတွေကိုလည်း အပတ်စဉ် ကြာသပတေးနေ့တိုင်း လုပ်ဆောင်ပေးနေပါတယ်။ အသက်အရွယ်မရွေး ကုသမှုခံယူကြပါ”ဟု ပြောသည်။

**ရီရီမြင့်**

# ဂေါက်ကွင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းပြပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**
ဖေဖော်ဝါရီ ၂ ရက်မှ ၇ ရက်အထိ အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ဂေါက်ကွင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းပြပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံဂေါက်ကွင်းပညာရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးဒန် တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ဂေါက်ကွင်းပြုပြင်ထိန်းသိမ်းမှုများ၊ ထိန်းသိမ်းရေးစက်ပစ္စည်းများ ထုတ်လုပ်ထားမှု၊ ဂေါက်ကွင်းဆိုင်ရာ အရည်အသွေးထိန်းသိမ်းမှုများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် မြန်မာ့ဂေါက်သီးအားကစားလောက တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်လျက်ရှိပြီး ဂေါက်ကွင်းများ ထိန်းသိမ်းခြင်းများကို ပြည်တွင်း၌ ပြန်လည်ဖြန့်ဝေပေးနိုင်ရန် တက်ရောက်ခဲ့ခြင်းလည်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**



## (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပညာပေးပြခန်းများ ပုသိမ်တွင် ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

(၇၂) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကန်သာယာကွင်း၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပညာပေးပြခန်းများကို လိုက်လံကြည့်ရှုသည်။

ပြသထားသောပညာပေးပြခန်းများမှ ပန်းချီပြခန်း၊ ပညာရေးကောလိပ်ပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးပြခန်း၊ အခြေခံပညာပြခန်း၊ နည်းပညာတက္ကသိုလ်ပြခန်း၊ ကွန်ပျူတာတက္ကသိုလ်ပြခန်း၊ ကျန်းမာရေး၊ တိုင်းရင်းဆေး၊ စားသုံးသူရေးရာပြခန်း၊ ယာဉ်ထိန်းရဲပြခန်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးပြခန်း၊ မူးယစ်ပြခန်း၊ သစ်တောပြခန်း၊ စိုက်ပျိုးရေးပြခန်းနှင့် စာအုပ်အရောင်းဆိုင်များပါဝင်ပြီး ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက် အထိပြသသွားမည်ဖြစ်ကြောင်းနှင့် ညပိုင်းများတွင်လည်း ဖျော်ဖြေပွဲများနှင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ ပြိုင်ပွဲများကျင်းပ

**ကြာအင်းဆိပ်ကြီး**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အရုပ်ဆက်ဂိမ်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ဒုတိယတန်းနှင့် တတိယတန်းမှ ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့က ကဗျာရွတ်ဆိုခြင်း၊ အရုပ်ဆက်ဂိမ်းများဆော့ကစားခြင်းဖြင့် ပျော်ရွှင်စွာယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

**မောက်မယ်**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီဆွဲပြိုင်ပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ဈေးတန်းအလက (ခွဲ) ၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ စာစီစာကုံးပြိုင်ပွဲဝင် ၃၀၊ ပန်းချီဆွဲပြိုင်ပွဲဝင် ၃၀ လာရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗိုလ်ချုပ်အောင်ဆန်း (၁၀၄) နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်ပွဲတော်များ ကျင်းပ

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ၁၀၄ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲကျင်းပခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီက ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တွင် ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းဌေး၊ နတ်မောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်သန်းမြင့်နှင့် ပရဟိတပေါင်းစုံကွန်ရက်ကိုယ်စားပြုခေါင်းဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၁၀၄ နှစ်မြောက် ဗိုလ်ချုပ်မွေးနေ့ပွဲတော်အား ကလေးပြိုင်ပွဲများ၊ ကဗျာရွတ်ပွဲများ၊ မြို့ခံအငြိမ့်အဖွဲ့များ၊ စာပေဟောပြောပွဲများ၊ အလှခတ်ခြင်းပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူပန်းချီပြိုင်ပွဲများနှင့် ကလေးသူငယ်အကအလှများဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

**မူဆယ်**

၁၀၄ နှစ်ပြည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို မူဆယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ရွှေညာသားမြတ်မင်းက ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း စာတမ်းကိုလည်းကောင်း၊ စာရေးဆရာ နိုင်မျိုးသစ္စာ(နမ္မတူ)က စာရေးဆရာ အောင်ဆန်း စာတမ်းကိုလည်းကောင်း၊ စာရေးဆရာမ ကြည်လင်သွန်းက ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထားနှင့် နိုင်ငံ့အတွက် သက်စွန့်ဆောင်ရွက်ချက်များအား လေ့လာချဉ်းကပ်ခြင်းဟူသော စာတမ်းကိုလည်းကောင်း၊ စာရေးဆရာ မောင်ယဉ်မွန် (မောဝ်နေခြည်)က ကိုအောင်ဆန်းကိုလွမ်းမိပါရဲ့ ခေါင်းစဉ်ဖြင့် ကဗျာစာတမ်းကိုလည်းကောင်း၊ စာရေးဆရာထက်ဦးလွင်(မူဆယ်)က ထာဝရကြယ် စာတမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မျိုးခိုင်(မူဆယ်)က တို့ဗိုလ်ချုပ်စာတမ်းနှင့် စာပေဝါသနာရှင် ဦးခင်ဇော်က ကိုယ်ရေးအကျဉ်းနှင့် အတ္ထုပ္ပတ္တိစာတမ်းတို့ကိုလည်းကောင်း အသီးသီးဖတ်ကြားခဲ့ကြသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

**တပ်ကုန်း**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် (အကြို) မူလတန်းအဆင့် ကျောင်းပေါင်းစုံ ဆေးရောင်ခြယ်၊ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲစည်းကမ်းများ ရှင်းလင်းပြောကြားပြီး ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၂၅ ဦး၊ ပုံပြောပြိုင်ပွဲတွင် ၁၂ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် ၁၁ ဦး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

**ပင်လောင်း**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အား အမှတ်တရရှိစေရန် ဗိုလ်ချုပ်အောင်ဆန်းမိသားစုဓာတ်ပုံများ၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ၊ အမှတ်တရနေအိမ်၊ အသုံးအဆောင်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ၊ ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ မိန့်ခွန်းကောက်နုတ်ချက်များ ရေးသားထားသည့် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁နာရီခွဲက ကျင်းပသည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မြဝတီ**

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ဆွေးနွေးပွဲ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ အာဇာနည်ပန်းခြံရှိ အာဇာနည်ခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြဝတီမြို့မဲဆန္ဒနယ်အမှတ်(၂) ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသက်ဦးနိုင်၊ အထက(၂)ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်၊ အဖြူရောင်မီးအိမ် ပရဟိတအသင်းဥက္ကဋ္ဌ ဦးမန်းစိုးသီဟတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မင်းလှမြို့ ဇေယျာသီရိဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**အထက်မင်းလှ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့ရှိ ဇေယျာသီရိဈေးကြီးတွင် ရာသီဥတုပူပြင်းသည့်ကာလ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကြိုတင်ကာကွယ်မှုအဖြစ် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း ပညာပေးသရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက ဇေယျာသီရိဈေးကြီး၌ ပြုလုပ်သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေဖြိုးအောင်က မီးလောင်ကျွမ်းစေနိုင်သည့် ဖြစ်စဉ်များ၊ မီးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေး၊ မီးဘေးအန္တရာယ်ကြောင့် ပြည်သူ့ဘဏ္ဍာငွေများ ထိခိုက်ပျက်စီးဆုံးရှုံးနိုင်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကိုရီးယားနိုင်ငံထုတ် မီးကာဝတ်စုံဖြင့် မီးဒဏ်ခံနိုင်မှုသရုပ်ပြခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်နည်း ၊ မီးသတ်ရေပိုက်များဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးကာစောင်ဖြင့် မီးငြှိမ်းသတ်ခြင်း၊ 3Dနော်ဇယ်အသုံးပြု၍ ဆီမီးလောင်မှု ငြှိမ်းသတ်ခြင်း၊ ဈေးမီးလောင်မှုများ၌ ကြုံတွေ့ရသည့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်နှစ်စီး၊ မီးငြှိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် လက်တွေ့သရုပ်ပြသသည်။

**ဇာဇာ (အထက်မင်းလှ)**

# တောင်နဝင်းဆည်အခြေအနေ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ပေါက်ခေါင်းမြို့နယ် တောင်နဝင်းဆည် ကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

တောင်နဝင်းဆည် ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ဆည်တမံ၏ အက်ကြောင်းများဖြစ်ပေါ်နေမှု၊ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးနေမှုနှင့် မြေသားစမ်းသပ်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆည်တမံနှင့်ပတ်သက်၍ အခြေအနေများ၊ ပညာရှင်များ၏ ဆန်းစစ်တွေ့ရှိချက်များ၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ပြည်သူများထံ ပွင့်လင်းမြင်သာစွာ ချပြပေးရန် လိုအပ်ကြောင်း၊ ဆည်တမံ၌ တပ်ဆင်ထားသည့် CCTV များကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြည်သူများ ကြည့်ရှုနိုင်ရန် ပေါက်ခေါင်းမြို့တွင် တပ်ဆင်ပေးရန်၊ ဆည်တမံ၏ အခြေအနေများအား ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် အချိန်ပြည့် ကြည့်ရှုစစ်ဆေးဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ပြည်သူများသိရှိစေရန် အချက်ပေးစနစ် သတ်မှတ်အသိပေး ဆောင်ရွက်ရန်၊ ရေလှောင်တမံနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် အခြေအနေကို ကြိုတင်ကာကွယ်ရေးအစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့သည် ဆည်တမံပေါ်သို့ သွားရောက်ခဲ့ပြီး လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ ဘူမိဗေဒ(မြေသား) စမ်းသပ်နေမှုများ၊ CCTV တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

တောင်နဝင်းဆည်၏ အလျား ၁၆၆၇၄ ပေရှိသည့် အနက် ရေလှောင်တမံ၏ ပေ ၅၉၀၀ နှင့် ပေ ၆၀၀၀ အကြားတမံမျက်နှာပြင်အက်ကြောင်းအနက် သုံးပေခန့်၊ အက်ကြောင်းအပေါ် အကျယ်နှစ်လက်မ၊ သုံးလက်မခန့် အလျားလိုက် ပေ ၆၀ ခန့် ကွဲအက်နေပြီး အဆိုပါ တောင်နဝင်းဆည်သည် ယခုနှစ်အတွက် နွေစပါးဧက ၆၇၀၀ ကျော်ကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

# ဗုဒ္ဓတစ်ထောင် အကောက်တောင် ဘုရားဖူးလာပြည်သူများ ရေဝတီမြစ်သဲသောင်များတွင်အပန်းဖြေသူများဖြင့်စည်ကား



**ပန်းတောင်း ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာရှိ ဗုဒ္ဓတစ်ထောင် အကောက်တောင်သို့ ဘုရားဖူးလာသူများသည် ဧရာဝတီမြစ်အတွင်း သဲသောင်များပေါ်ရှိ အပန်းဖြေစခန်းများတွင် အပန်းဖြေရေချိုးသူများဖြင့် ဖေဖော်ဝါရီ ပထမအပတ်မှစ၍ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ကျောက်တောင်တွေကို ထွင်းထုထားတဲ့ ရှေးဟောင်းနံကပ်ဘုရားတွေရှိတဲ့ ဗုဒ္ဓတစ်ထောင် အကောက်တောင်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အကြားမှာရှိတာပါ။ ဗုဒ္ဓတစ်ထောင်ကို ဘုရားဖူးသွားချင်ရင် ထုံးဘိုကျေးရွာ ဧရာဝတီမြစ်ကမ်းနားက စက်လှေတွေနဲ့သွားရတယ်။ အခုမိုးကုန်တော့ ဧရာဝတီမြစ်က သောင်တွေထွန်းလာတော့ ကျေးရွာအုပ်ချုပ်ရေးအစီအစဉ်နဲ့ အပန်းဖြေစခန်းတွေ ဆောက်ကြတယ်။ သဲသောင်ပြင်မှာရေချိုး၊ ရေကစားဖို့အတွက် ဖောကွင်းတွေ၊ လှေျာစင်တွေ၊ ရေပေါ်စီးစက်ဘီး၊ ဆိုင်ကယ်၊ ဈေးဆိုင်တွေနဲ့ အသက်ကယ်အင်္ကျီတွေပါ စီစဉ်ပေးထားတယ်။ အန္တရာယ်ရှိတဲ့ ရေနက်တဲ့နေရာတွေမှာလည်း တားမြစ်နယ်မြေသတ်မှတ်ဆောင်ရွက်ထားပြီး လုံခြုံရေး စီစဉ်ထားပါတယ်" ဟု ရပ်မိရပ်ဖဖြစ်သူ ဦးမြင့်ဆွေက ပြောသည်။

ဧရာဝတီမြစ် သဲသောင်ပြင်သို့ ဘုရားဖူးများအပြင် ရေချိုးအပန်းဖြေသူများ နေ့စဉ်လာရောက်လျက်ရှိကြပြီး သဲသောင်ပြင်သို့စက်လှေဖြင့် သွားရသည်ဖြစ်ရာ စက်လှေခမှာ လူကြီးတစ်ဦးလျှင်ကျပ် ၁၀၀၀ သာပေးရပြီး ကလေးများအတွက် အခမဲ့ ပို့ဆောင်ပေးနေပြီး ဒုတိယချောင်းသာဟု တင်စားခေါ်ကာ အထူးစည်ကားလျက်ရှိသည်။ **အောင်မြင့် (ပန်းတောင်း)**

# ဩစတြေးလျ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း၏ ခြေစမ်းပွဲများ ထုတ်ပြန်



**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲများ ထုတ်ပြန်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၈ ရက်အထိ လေ့ကျင့်လျက်ရှိပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘရစ္စဘိန်းရှိအာ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် မက်တီဒက်စ်လူငယ်အမျိုးသမီးအသင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဩစတြေးလျ ယူ-၁၆ အမျိုးသမီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် မူလက ဩစတြေးလျ ယူ-၁၆ အမျိုးသမီးလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရန် သဘောတူညီမှုရထားသော်လည်း နောက်ဆုံးညှိနှိုင်းမှုအရ ဖေဖော်ဝါရီ ၁၇ ရက်တွင် တစ်ပွဲတည်းသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲအောင်မြင်ရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ဒုတိယအဆင့်ခြေစစ်ပွဲတွင် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာအသင်းပါဝင်သော အုပ်စု (ခ) ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ နှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ကျောက်မဲမြို့၌ ခိုလှုံလျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့

**ကျောက်မဲ ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ဖေဖော်ဝါရီ ၉ ရက် ည ၇ နာရီခန့်က တိုက်ပွဲရှောင်သူ ၄၉၃ ဦး လာရောက် ခိုလှုံလျက်ရှိကြောင်း သိရသည်။

အဆိုပါတိုက်ပွဲရှောင်ပြည်သူများမှာ ကျောက်မဲမြို့နယ် ပန်လော့ကျေးရွာအုပ်စု ပန်လော့ကျေးရွာမှ အိမ်ထောင်စု ၁၆၅ စု၊ လူဦးရေ ၃၁၃ ဦးတို့မှာအမှတ် ၇ ရပ်ကွက် ဓမ္မဓေနီ ရွှေကျင်ဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ နမ့်ပျဉ်ကျေးရွာမှ အိမ်ထောင်စု ၅၆ စု၊ လူဦးရေ ၁၈၀ တို့မှာ အောင်စုပန်ဘုန်းတော်ကြီးကျောင်းတို့၌လည်းကောင်း လာရောက်ခိုလှုံလျက်ရှိသည်။

အဆိုပါတိုက်ပွဲရှောင်ပြည်သူများအား ကျောက်မဲမြို့နယ် တိုက်ပွဲရှောင်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ၎င်းတို့နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကျောက်မဲခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် အိမ်သုံးပစ္စည်းကိုးမျိုးကိုလည်းကောင်း၊ ကျောက်မဲမြို့နယ် အုမ်တမောဝ်တအောင်းယဉ်ကျေးမှုအဖွဲ့က သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

တိုတိုထွာထွာဖတ်စရာ

## မြို့နယ်သံဃာ့ဝန်ဆောင် ဆဋ္ဌမအစည်းအဝေးကျင်းပ

**မန္တလေး**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့၏ သတ္တမအကြိမ် မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့(ဆဋ္ဌမနှစ်ပတ်လည်) ဆဋ္ဌမအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက သီရိဟေမာအရှေ့ရပ်ကွက် မဟာလောကရံသီအိမ်တော်ရာစေတီတော် ရတနာဃရ ၁၄ ခန်း ဓမ္မဗိမာန်တွင် ကျင်းပသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့၏ သတ္တမအကြိမ် မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့ (ဆဋ္ဌမနှစ်ပတ်လည်) အစီရင်ခံစာပါ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များကို အဖွဲ့ဝင်ဆရာတော်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဖတ်ကြားလျှောက်ထားကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မလှိုင်မြို့နယ်သံဃနာယကအဖွဲ့ရွေးချယ်ပွဲကျင်းပ

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သံဃနာယကအဖွဲ့(သုဓမ္မာ) ဂိုဏ်းမှ အနားယူသွားသည့် ဆရာတော်သုံးပါးနေရာအား အစားထိုးရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက မလှိုင်မြို့ ရွှေမုဋ္ဌောစေတီတော် လယ်/ဆည်ဓမ္မာရုံတွင် ကျင်းပသည်။

ယင်းနောက် လစ်လပ်သွားသည့် မြို့နယ်သံဃနာယကအဖွဲ့ (သုဓမ္မာ) ဂိုဏ်း ဆရာတော်သုံးပါးအား ရွေးချယ်ကြပြီး မြို့နယ်သံဃာ့ဝန်ဆောင်အစည်းအဝေးမှ မလှိုင်မြို့နယ်၏ မြို့နယ်သံဃနာယကအဖွဲ့အဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ဘာသာရေးဆိုင်ရာအဆောက်အအုံများ လေ့လာရေးအဖွဲ့ ဆူးလေစေတီတော်အားလေ့လာမည်

**ရန်ကုန်**

လူမှုရေးနှင့် ရှေးဟောင်းအမွေအနှစ်ဘာသာရေး အဆောက်အအုံများကို လေ့လာသည့် Cultural Heritage Initiative Tour (CHIT) အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီးအား အဖွဲ့ဝင်အင်အား ၅၀ ခန့်ဖြင့်လာရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ဖွဲ့စည်းထားပြီး ရန်ကုန်မြို့ရှိ အဖိုးမဖြတ်နိုင်သော သမိုင်းဝင်ယဉ်ကျေးမှုအထိမ်းအမှတ် များအား ရှာဖွေလေ့လာခြင်း၊ အရောင်အသွေးစုံလင်လှသောယဉ် ကျေးမှုနှင့် ယုံကြည်မှုတို့ကို လေ့လာခြင်း၊ ချစ်ခြင်းမေတ္တာနှင့်ငြိမ်းချမ်းရေး သတင်းစကားများအား မျှဝေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်မှူး ရဲမှူးအောင်မျိုးဦး၊ ရဲစခန်းမှူး ဒုရဲမှူး သန်းထိုက်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျွန်းလှမြို့နယ် ရွာကုန်းကြီးကျေးရွာ အထကတွင် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုမဖြစ်ပွား စေရေးတို့အတွက် အသိပညာပေးဟောပြောခဲ့စဉ်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# မြန်မြန်တူး၊ များများတူးမှ မြေကြီးကရွှေသီးမည်

ကျော်ကျော်လှိုင် (SMART)

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက် နေပြည်တော်တွင် ပြုလုပ်သော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေး အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညဏ်ထွန်းက မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းတွင် မြိုင်ပေနက် ရေနံအစမ်းတွင်း အမှတ် ၁ ကို ဇန်နဝါရီ ၂၆ ရက်နေ့တွင် စတင်တူးဖော်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ မြိုင်ရေနံအစမ်းတွင်း အမှတ် (၁) ကို အောင်မြင်စွာ တူးဖော်စမ်းသပ်ပြီးပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သုံးသန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်းလည်း သတင်းထုတ်ပြန်ပါသည်။ မြိုင်ရေနံအစမ်းတွင်း အမှတ် (၁) သည် ချင်းတွင်း အနည်ကျချိုင့်ဝှမ်း၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည်။ ယခင်က ရေနံအစမ်းတွင်းများ တူးဖော်ထားခြင်းမရှိသော ဒေသတစ်ခုလည်းဖြစ်ပါသည်။ အလွန်ဝမ်းသာစရာကောင်းသော သတင်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် သဘာဝဓာတ်ငွေ့များ လိုအပ်နေပါသည်။

၂၀၁၇-၁၈ ခုနှစ်တွင် လျှပ်စစ် ၁၉၁၉၃ ဂီဂါဝပ်နာရီ ထုတ်လုပ်ရာ ၄၂ ရာခိုင်နှုန်းသည် ဓာတ်ငွေ့သုံး တာဘိုင်များမှ ထုတ်လုပ်ခြင်းဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် National Grid ခေါ် ပင်မလျှပ်စစ်ကွန်ရက်မှ လျှပ်စစ် ရရှိသော အိမ်ထောင်စုသည် ၃၉ ရာခိုင်နှုန်းသာ ရှိပါသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၁ သန်းခန့်ရှိရာ အိမ်ထောင်စု ၆ ဒသမ ၇ သန်းခန့်သည် ပင်မလျှပ်စစ်ကွန်ရက်မှ လျှပ်စစ်မရသေးပါ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ အိမ်ထောင်စု ၉၉ ရာခိုင်နှုန်း လျှပ်စစ်ရရှိရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေပါသည်။ စီမံကိန်းများအရ အိမ်ထောင်စု ၉၉ ရာခိုင်နှုန်း လျှပ်စစ်ရရှိရန်မှာ စက်တပ်ဆင်အင်အား ၁၆၆၀၀ မီဂါဝပ်ဖြင့် လျှပ်စစ် ထုတ်လုပ်ရပါမည်။ ၂၀၃၀ ပြည့်နှစ်ရောက်လျှင် စက်တပ်ဆင်အင်အား ၈၉၁၉ မီဂါဝပ်ရှိသော ဓာတ်ငွေ့သုံး တာဘိုင်များဖြင့် လျှပ်စစ်ထုတ်ရန် လျာထားပါသည်။ ယနေ့လက်ရှိ မြန်မာနိုင်ငံတွင် ဓာတ်ငွေ့သုံး တာဘိုင်များမှ လျှပ်စစ် ထုတ်လုပ်ရန်အတွက် ဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၄၄၀ နေ့စဉ် သုံးစွဲနေပါသည်။ ဓာတ်ငွေ့ကုဗပေသန်း ၄၀ သာ ကုန်းတွင်းဓာတ်ငွေ့မြေမှရရှိပြီး ကျန်ကုဗပေ သန်း ၄၀၀ သည် ကမ်းလွန်ဓာတ်ငွေ့မြေများမှ ဝယ်ယူရခြင်းဖြစ်ပါသည်။ ကုန်းတွင်းဓာတ်ငွေ့မြေများမှ ရရှိသော ဓာတ်ငွေ့စရိတ်သည် ကမ်းလွန်ဓာတ်ငွေ့မြေများမှ ရရှိသော ဓာတ်ငွေ့စရိတ်ထက် များစွာ သက်သာပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သမိုင်းကို ပြန်ကြည့်လျှင် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် BOC, IBP နှင့် BBPC နိုင်ငံခြားသား လုပ်ငန်းရှင်များ၏ လုပ်ငန်းများကို ပြည်သူပိုင် ဆောင်ရွက်ခဲ့ရာ BOC နှင့် IBP တို့၏ ပိုင်ဆိုင်မှု ၄၉ ရာခိုင်နှုန်းကို ကျပ် ၆၂၅ သိန်းဖြင့် ညှိနှိုင်းဝယ်ယူခဲ့ပြီး ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ နိုင်ငံသားပိုင် ပြည်သူ့ရေနံလုပ်ငန်းကို တည်ထောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရေနံရှာဖွေရေး တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို တိုင်းရင်းသား ပညာရှင်များက ဆောင်ရွက်ခဲ့ရာ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများကို ဇယား ၁ တွင် ပြထားသည့်အတိုင်း နှစ်အလိုက် အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့ပါသည်။

**ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ (ဇယား-၁)**

| | | |
|---|---|---|
| ၁။ | မြန်အောင်ရေနံမြေ | ၁၉၆၄(ဧရာဝတီတိုင်း) |
| ၂။ | ပြည်ရေနံမြေ | ၁၉၆၅(ပဲခူးတိုင်း) |
| ၃။ | ရွှေပြည်သာရေနံမြေ | ၁၉၆၇(ဧရာဝတီတိုင်း) |
| ၄။ | ပြလို့ သဘာဝဓာတ်ငွေ့မြေ | ၁၉၆၉(မကွေးတိုင်း) |
| ၅။ | မန်းရေနံမြေ | ၁၉၇၀(မကွေးတိုင်း) |
| ၆။ | လက်ပံတိုရေနံမြေ | ၁၉၇၄(မကွေးတိုင်း) |
| ၇။ | ပက်ပယ်ရေနံမြေ | ၁၉၇၆ (မကွေးတိုင်း) |
| ၈။ | ထောက်ရှာပင်ရေနံမြေ | ၁၉၇၈(မကွေးတိုင်း) |
| ၉။ | ထန်းတပင်ရေနံမြေ | ၁၉၈၀(ဧရာဝတီတိုင်း) |
| ၁၀။ | တပ်မရေနံမြေ | ၁၉၈၁(မန္တလေးတိုင်း) |
| ၁၁။ | ကမ်းနီရေနံမြေ | ၁၉၈၅(မကွေးတိုင်း) |
| ၁၂။ | အဖျောက် သဘာဝ ဓာတ်ငွေ့မြေ | ၁၉၉၁(ဧရာဝတီတိုင်း) |
| ၁၃။ | ကျောက်ခွက်ရေနံမြေ | ၁၉၉၅ (မကွေးတိုင်း) |
| ၁၄။ | ညောင်တုန်း သဘာဝ ဓာတ်ငွေ့မြေ | ၁၉၉၉(ဧရာဝတီတိုင်း) |
| ၁၅။ | သာကြီးတောင်၊ စပယ်ရေနံမြေ | ၂၀၀၁(မကွေးတိုင်း) |
| ၁၆။ | မအူပင်(တောင်) | ၂၀၀၇(ဧရာဝတီတိုင်း) |

မြန်အောင်နှင့် ရွှေပြည်သာမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ဖြင့် တစ်ချိန်က မြန်အောင် ဓာတ်ငွေ့သုံးတာဘိုင်မှ လျှပ်စစ် ထုတ်လုပ်ခဲ့ပါသည်။ ယခု ကမ်းလွန်ရတနာဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ကိုသုံး၍ မြန်အောင်ဓာတ်ငွေ့သုံးတာဘိုင်မှ လျှပ်စစ်ထုတ်နေရပါသည်။ ထိုနည်းတူ တစ်ချိန်က အလုံနှင့် လှော်ကား သဘာဝဓာတ်ငွေ့သုံး စက်ရုံများသည် ကုန်းတွင်း အဖျောက်ဓာတ်ငွေ့မြေမှ ထွက်ရှိသော ဓာတ်ငွေ့ကို သုံးခဲ့ပါသည်။ ယခုကမ်းလွန်ရတနာ ဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ကို ဝယ်ယူသုံးစွဲ၍ လျှပ်စစ်ထုတ်နေရပါသည်။ ကုန်းတွင်းမှ ထွက်ရှိသော ဓာတ်ငွေ့ကိုသုံး၍ လျှပ်စစ်ထုတ်လုပ်စဉ်က ထုတ်လုပ်စရိတ်များ သက်သာခဲ့ပါသည်။

ဇယား (၁) ကိုလေ့လာလျှင် ၁၉၆၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ် ၁၆ နှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ရှစ်ခုကို ရှာဖွေတူးဖော်နိုင်ခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်က တွေ့ရှိခဲ့သော မန်းရေနံမြေသည် ၁၉၇၉-၈၀ ခုနှစ်တွင် ရေနံစည် ၂၅၀၀၀ ခန့်ကို နေ့စဉ်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် ရေနံအများဆုံးထွက်သည့် ရေနံမြေတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။ မန်းရေနံမြေမှ ယနေ့တိုင် တစ်နေ့လျှင်ရေနံစည်ပေါင်း ၁၁၈၈ စည် ထုတ်လုပ်နေဆဲဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း ၃၈ နှစ် အတွင်းတွင်မူ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ရှစ်ခုသာ ရှာဖွေနိုင်ခဲ့ပါသည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၁၆ နှစ်အတွင်း ရေနံနှင့်ဝဘာဝဓာတ်ငွေ့မြေ ရှစ်ခုရှာဖွေနိုင်သော်လည်း ၁၉၈၀ မှ ၂၀၁၈ ခုနှစ် နှစ်ပေါင်း ၃၈ နှစ်အတွင်း ရေနံမြေ ရှစ်ခုသာ ရှာဖွေတွေ့ရှိရသည့် အကြောင်းကိုဆန်းစစ်ရန်အတွက် ဇယား ၂ ကိုလေ့လာရပါမည်။ ဇယား ၂ သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဝယ်ယူအသုံးပြုခဲ့သော တွင်းတူးစက်များဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်နောက်ပိုင်း ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်သာ တွင်းတူးစက် လေးလုံးဝယ်ခဲ့သည်ကို တွေ့ရပါမည်။ ၂၀၀၇ ခုနှစ်တွင် ဝယ်ယူခဲ့သော တွင်းတူးစက်များ၏ စွမ်းဆောင်ရည်သည် ၁၉၇၁ နှင့် ၁၉၈၃ ခုနှစ်တွင် ဝယ်ယူခဲ့သောတွင်းတူးစက်များ၏ စွမ်းဆောင်ရည်ကို မီခြင်းမရှိပါ။ ၂၀၀၇ ခုနှစ်နောက်ပိုင်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ အသစ်များ ရှာဖွေတူးဖော်နိုင်ခြင်း မရှိပါ။

ဇယား (၂)

| အကြောင်းအရာ | စက်အမျိုးအစား | စက်အရေအတွက် |
|---|---|---|
| BOC မှဝယ်ယူအသုံးပြုခဲ့သော စက်များ | National 80B GM | ၁ |
| | National 80B Paxman | ၁ |
| | T-45 Series | ၁ |
| | နေရှင်နယ် ၅၀ | ၃ |
| ၁၉၆၄-၁၉၆၈ ဝယ်ယူသော တွင်းတူးစက်များ (POI) | L-350 Card Well | ၁ |
| | နေရှင်နယ် ၅၅ | ၁ |
| | 4LD(Rumanian) | ၂ |
| | National 80B GM | ၁ |
| | National 80B Paxman | ၁ |
| | T-45 Series | ၂ |
| | နေရှင်နယ် ၅၀ | ၃ |
| | D.M.A Cardwell | ၁ |
| ၁၉၇၁-၁၉၈၃ ဝယ်ယူသော တွင်းတူးစက်များ (MOC) | နေရှင်နယ် ၅၅ | ၇ |
| | Gefco | ၄ |
| | Gardner Denver | ၃ |
| | TM 350 | ၁၀ |
| | USS Oil Well | ၁ |
| | Emsco C2 T3 | ၁ |
| | Emsco D3 T2 | ၂ |
| ၂၀၀၇ခုနှစ်နှောင်းပိုင်း(MOGE) | ZJ-40 | ၂ |
| | ZJ-70 | ၂ |

ရေနံတွင်းများကို များများတူးနိုင်မှသာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တွေ့ရှိရန် အလားအလာ ကောင်းပါသည်။ ကမ္ဘာ့မှတ်တမ်းများအရ ရေနံအစမ်းတွင်း ၁၀ တွင်းတူးလျှင် သုံးတွင်းသာ ရေနံတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် များများတူးရန်လိုအပ်ပါသည်။ ၁၉၈၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် တွင်းတူးစက်ပေါင်း ၃၀ ကျော်ဖြင့် တစ်နှစ်လျှင် ရေနံတွင်း ၅၀ နီးပါးတူးနိုင်သော်လည်း ယနေ့အချိန်တွင် တွင်းတူးစက်ပေါင်း ၁၆ စက်နှင့် တစ်နှစ် တွင်း ၂၀ ပြည့်ရန်ပင် ကြိုးစားတူးဖော်နေရပါသည်။ ကုန်းတွင်းမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်သည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးကို များစွာ အထောက်အကူပြုမည်မှာ သိသာထင်ရှားပါသည်။ မြန်မြန်တူး၊ များများတူးနိုင်မှ မြေကြီးက ရွှေသီးပါမည်။

တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် ကျပ်ဘီလီယံ ၄၀၀ ကျော် အရှုံးခံ၍ လျှပ်စစ်ဖြန့်ဖြူးနေသော်လည်း ရေနံတွင်းများတူးရန်အတွက် တစ်နှစ်လျှင် ကျပ် ၆၀ ဘီလီယံခန့်သာ သုံးစွဲနေသည်နှင့် နှိုင်းယှဉ်လျှင် လျင်လျင်မြန်မြန် ပြုပြင် ပြောင်းလဲရမည့် အချက်များကို တွေ့မြင်နိုင်ပါသည်။ ကုန်းတွင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာလျှင် ကမ်းလွန်မှ ဝယ်ယူနေရသော ဓာတ်ငွေ့များ၊ နိုင်ငံခြားမှ ဝယ်ယူရန်စီစဉ်နေသော LNG ဓာတ်ငွေ့များကို လျှော့ချဝယ်ယူနိုင်ပါမည်။ လျှော့ချဝယ်ယူနိုင်သည်နှင့် အမျှ နိုင်ငံခြားငွေလိုငွေပြမှုများ လျော့ကျလာပါမည်။

မြန်မာနိုင်ငံကုန်းတွင်းပိုင်းမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရန် အောက်ပါအချက်များကို လျင်မြန်စွာ ပြောင်းလဲလုပ်ဆောင်သင့်ကြောင်း စေတနာဖြင့် တင်ပြလိုက်ပါသည်။

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို ကော်ပိုရိတ်အသွင် ပြောင်းလဲဖွဲ့စည်းရန်။ [မှတ်ချက်။ ပုဂ္ဂလိကသို့ပေးရန် မဟုတ်။ အုပ်ချုပ်မှုပုံစံကို ပတ်ထရိုနပ်စ် (Petronas)၊ ပီတီတီ (PTT) တို့ကဲ့သို့ ပြောင်းလဲရန်ဖြစ်သည်။]

၂။ ဓာတ်ငွေ့ထွက်ရန် အလားအလာရှိသော ပြလို့၊ ထန်းတပင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် သုံးဖက်မြင် ဆိုက်စမစ် (3D Seismic) နည်းများ သုံးကာ ရေနံရှာဖွေခြင်းများ လုပ်ရန်။ အစီအစဉ်များဆွဲ၍ ဘတ်ဂျက်ပိုမိုတောင်းခံကာ အကောင်အထည်ဖော်ရန်။

၃။ အလားအလာကောင်းသော နေရာများတွင် ရေနံရှာဖွေရေးတွင်းများ တူးရန်။ အစီအစဉ်များဆွဲ၍ ဘတ်ဂျက်ပိုမိုတောင်းခံကာ အကောင်အထည်ဖော်ရန်။

၄။ တွင်းတူးစက် အသစ်များ ဝယ်ရန်။

၅။ ကုန်းတွင်းလုပ်ကွက်များတွင် မြန်မြန်နှင့် များများတူးမည့် ရေနံကုမ္ပဏီများကို အထူးအခွင့်အရေးများပေး၍ ထုတ်လုပ်မှု အပေါ်ခွဲဝေသော စာချုပ်များ ချုပ်ဆိုရန်။

# “မနောမြေမှ ကျောက်စိမ်းကမ္ဘာ” ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

Moon Myanmar Media က ထုတ်လုပ်ပြီး ဒါရိုက်တာ JZ Daung Loon ရိုက်ကူးထားသည့် “မနောမြေမှ ကျောက်စိမ်းကမ္ဘာ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာနှင့် သရုပ်ဆောင်ဖြစ်သူ JZ Daung Loon က “ကချင်တိုင်းရင်းသားတွေရဲ့ လူမှုဘဝနဲ့ သဘာဝရှုခင်းတွေကို ရိုက်ပြထားတာပါ။ ၂၀၁၃ ခုနှစ် မှာ စတင်ပြင်ဆင်ရိုက်ကူးခဲ့တာပါ။ အဲဒီကာလတုန်းက ကျွန်တော်တို့ရိုက်မယ့် နယ်မြေဒေသကလည်း မငြိမ်းချမ်းဘူး။ ခက်ခက်ခဲခဲ ရိုက်ခဲ့ရတာပါ” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ကချင်တိုင်းရင်းသား သရုပ်ဆောင်များဖြစ်သည့် JZ Daung Loon၊ M Seng Naw၊ G Taint Saung၊ Swan Swan Pan၊ M Jyar Aung၊ Jyar Seng Eain၊ L Zaw Dein၊ D Moon Aung၊ MZ Loon Naw၊ K Kai Dint၊ Kai Lai တို့ပါဝင်ပြီး ဖြစ်ရပ်မှန်ကို အခြေခံကာ ကချင်ပြည်နယ်၏ သဘာဝအလှရှုခင်းများနှင့် ကချင်တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်မှုများကို ပေါ်လွင်အောင် ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

စီစဉ်ထုတ်လုပ်သူ နန်းမောက်လောဝ်ဆိုင်က “ဒီဇာတ်ကားလေးကို ၂၀၁၃ ခုနှစ်မှာ စတင်ပြင်ဆင်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာ စတင်ရိုက်ကူးပြီး ဆင်ဆာကျတဲ့အခါ နယ်မှာ ပြသခဲ့ပါတယ်။ အကယ်ဒမီစာရင်းထဲမှာ ဝင်သွားတော့ အကယ်ဒမီရခဲ့ပါတယ်” ဟု ပြောသည်။

သရုပ်ဆောင် Swan Swan Pan က “အလှပြင်ဆိုင်မှာ အလုပ်လုပ်တဲ့ နူးနူးဆိုတဲ့ ကောင်မလေး တစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားတာပါ။ ရေခဲတောင်မှာရိုက်တာဆိုတော့ တော်တော်အေးတယ်။ အဲဒီကို လမ်းလျှောက်ပြီးသွားရင် ၁၅ ရက် လောက်ကြာတာဆိုတော့ အခြားလမ်းဘက်က ဝင်ခဲ့ရတယ်။ ကားလမ်းတွေကလည်း တော်တော်ဆိုးတယ်။ ပင်ပန်းခဲ့ပါတယ်။ အပြင်မှာဖြစ်ပျက်နေတဲ့ ဘဝတွေကို အခြေခံပြီး ရိုက်ထားတာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုစေချင်ပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများနှင့် တောတောင်ရေမြေသဘာဝအလှရှုခင်းများကို သိရှိနိုင်ရန်၊ ကချင်ပြည်နယ် ဖားကန့်ဒေသတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကျောက်တူးသမားများ၏ ဘဝဖြတ်သန်းမှု ပုံရိပ်များနှင့် ကချင်တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်မှုစိတ်ထားအလှကို သိရှိစေရန် ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကယ်ဒမီရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**


နန်းမောက်လောဝ်ဆိုင်


Swan Swan Pan


JZ Daung Loon

# ဂရမ်မီမှာ ပန်းရောင်ဝတ်စုံတွေနဲ့ ပွဲတက်ခဲ့တဲ့ ကြယ်ပွင့်များ

ယခုနှစ်ရဲ့ ဂရမ်မီတေးဂီတထူးချွန်ဆုပေးပွဲမှာတော့ ပန်းရောင်ဝတ်စုံတွေနဲ့ ပွဲတက်လာတဲ့တေးသံရှင်တွေ များစွာရှိနေတာကို တွေ့ရပါတယ်။ ဒီလိုဝတ်ဆင်ခဲ့သူတွေထဲမှာ အမျိုးသမီးတေးသံရှင်တွေသာမက အမျိုးသားတေးသံရှင်တွေလည်း ပါဝင်နေတာကို တွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


ပန်းရောင်ဝတ်စုံတွေကို ရွေးချယ်ဝတ်ဆင်ခဲ့ကြတဲ့ ကြယ်ပွင့်တွေဟာ ပန်းရောင်အရင့်ကိုသာမက ပန်းရောင်ဖျော့ဖျော့ဝတ်စုံတွေလည်း ဝတ်ဆင်ခဲ့တာကို တွေ့ရပါတယ်။ ဒ့ါအပြင်ပန်းရောင်ကို အနက်ရောင်နဲ့တွဲဖက်ကာ ဖက်ရှင်ကျကျဝတ်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလို ဂရမ်မီကော်ဇောနီပေါ်ကို ပန်းရောင်ဝတ်စုံကို ဝတ်ဆင်လျှောက်လှမ်းခဲ့ကြသူတွေအနက် လှပတဲ့ဝတ်စုံအဖြစ် ရွေးချယ်ဖော်ပြခြင်း ခံရတဲ့ကြယ်ပွင့်တွေလည်း ရှိနေပါတယ်။

ဒီကြယ်ပွင့်တွေအနက် အလှဆုံးသောဝတ်စုံတွေကို ဝတ်ဆင်ခဲ့ကြသူတွေကတော့ ကာဒီဘီ၊ ကတ်တီပါရီ၊ ပို့စ်ထ်မယ်လုံး၊ ကမ်မီလာကပ်ဘဲလို **(ဝဲမှယာ)**တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။











# ဂရမ်မီဆုပေးပွဲကို တက်ရောက်ခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ဟာ ဖေဖော်ဝါရီ ၁၀ ရက်မှာပြုလုပ်ခဲ့တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီကို တက်ရောက်ခဲ့ကြတာတွေ့ရပါတယ်။ ဒီအခမ်းအနားကို တက်ရောက်ခဲ့ရာမှာတော့“BTS” ရဲ့အဖွဲ့ဝင်တွေဟာ ကိုရီးယားဒီဇိုင်နာတွေဖန်တီးပေးခဲ့တဲ့ ဝတ်စုံတွေကို ဝတ်ဆင်တက်ရောက်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“BTS” ဟာ ဆုပေးပွဲအခမ်းအနားတက်ရောက်လာစဉ် မီဒီယာတွေရဲ့အင်တာဗျူးတွေကိုလည်း ဖြေကြားပေးခဲ့ပါတယ်။ အများစုကတော့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး မေးမြန်းခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ယခုနှစ်အတွက် ဂရမ်မီဆုပေးပွဲ ကျင်းပပြီးစီး

ကျော်ကြားတဲ့ နိုင်ငံတကာတေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကို လတ်တလောမှာတော့ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်မှာတော့ နာမည်ကျော် ကြယ်ပွင့်တွေ များစွာ တက်ရောက်ကြသလို မတက်ရောက်တဲ့အတွက် ပရိသတ်တွေ၊ စိတ်မကောင်းဖြစ်ရတဲ့ တေးသံရှင်တွေလည်းရှိနေတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၀ ရက်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါ ဆုပေးပွဲမှာတော့ နာမည်ကျော် တေးသံရှင်တွေဖြစ်ကြတဲ့ တေလာဆွစ်၊ ရီဟားနား၊ ဘီယွန်းစေး အစရှိတဲ့ ကမ္ဘာကျော်တွေ တက်ရောက်လာတာ မတွေ့ရပါဘူး။

ဒီနှစ်ရဲ့တေးအယ်လ်ဘမ်ဆုကိုတော့ ကေစီမက်စ်ဂရေ့စ်က “Golden Hour” တေးအယ်လ်ဘမ်နဲ့ ရရှိခဲ့ပါတယ်။ “Record of the Year” ဆုကိုတော့ တေးသံရှင် ချိုင်းဒစ်ဂမ်ဘီနိုက “ This Is America ” နဲ့ ရရှိခဲ့တာပါ။ “ This Is America ” နဲ့ပင် တစ်နှစ်တာရဲ့ တေးသီချင်းဆုကို ရရှိခဲ့တာလည်းဖြစ်ပါတယ်။ အကောင်းဆုံးရက်ပ်တေးအယ်လ်ဘမ်ဆုကိုတော့ “Sweetener” တေးအယ်လ်ဘမ်နဲ့ အရီရန်နာဂရန်းဒ်က ဆွတ်ခူးခဲ့တာကိုလည်း တွေ့ရပါတယ်။ တေးသံရှင် ကာဒီဘီကလည်း ယခုနှစ် ဆုပေးပွဲမှာတော့ အကောင်းဆုံး ရက်ပ်တေးအယ်လ်ဘမ်ဆုကို “Invasion of Privacy” တေးအယ်လ်ဘမ်နဲ့ ရရှိခဲ့တယ်လို့ သိရပါတယ်။

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉) (နတ်တော်လပြည့်ကျော် ၁၃ ရက်)တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ အမှတ်(၂၀/၂၁)၊ ပြည်သာယာအိမ်ရာ၊ မြိုင်မာလာ(၂) လမ်း၊ (၁၅)ရပ်ကွက်နေ **ဒေါ်သန်းမြ (နန့်ရှင်းရပ်၊ မိုးကောင်းမြို့ ကချင်ပြည်နယ်) (ထွန်းရတနာစိမ်းကျောက်စိမ်း၊ ကျောက်မျက်ကုမ္ပဏီ လီမိတက်)**အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါ သမယတွင် **သီဟသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်အား ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ(ကျိုက်မရော ဆရာတော်၊ ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်) ကျိုက်မရောမြို့ မွန်ပြည်နယ်မှ အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက် ပါသည်။

**ကျိုက်မရောဆရာတော်ကြီး**

**နှင့်**

**တပည့်-ရဟန်းဒါယကာ၊ ဒါယိကာမများ**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတထံမှ **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခံရသော

**ဦးသိန်းဟန် (ဥက္ကဋ္ဌ)**

TOKYO PIPE, Excel Hotel Group, Excel Home Mart

အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

FRIENDSHIP ညီအစ်ကိုများ


**ပြင်ဆင်ဖတ်ရှုပါရန်**

၂-၂-၂၀၁၉ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၁)ပါ အများသိစေရန် ဒေါ်သိင်္ဂီမြင့် ကြော်ငြာ မြေတိုင်းရပ်ကွက်(၄) အား မြေတိုင်းရပ်ကွက်(၄၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**တိုက်ခန်းငှားမည်**

ဘုရင့်နောင်လမ်းမပေါ်၊ ဆင်မလိုက်အနီး၊ မြေညီငှားမည်။

Ph:09-777999339

09-790249104

**ကောင်းထိုက်စံ ကုမ္ပဏီ**

**မှ လုံးချင်း၊ မြေကွက်များ အမြန်ရောင်းမည်**

| | | | |
|---|---|---|---|
| ကုန်းမြင့်ရိပ်သာ၊မရမ်းကုန်း၊မြေ | (၄၀×၆၀) | ၄၅၀၀ | L |
| (၆)မိုင်ခွဲ၊ပြည်လမ်းသွယ်၊1RC | (၆၀×၅၅) | ၄၄၀၀ | L |
| (7)မိုင်၊ပြည်လမ်းသွယ် 2RC | (၆၂×၆၅) | ၄၀၄၀ | L |
| (၈)မိုင်၊ရွှေနှင်းဆီလမ်း၊မြေ | (၄၀×၄၀) | ၂၃၅၀ | L |

09-447440891 / 09-447440892

FB Page-ကောင်းထိုက်စံ အိမ်ခြံမြေနှင့်အထွေထွေ အကျိုးဆောင်ကုမ္ပဏီ

**အမည်ပြောင်း**

အဖ ဦးကျော်မြ-အမိ ဒေါ်ချိုမာလွင်တို့၏သမီး အမက (၇) တာမွေ၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသူ မနိုနိုကျော်အား မရွှေရှုပါအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးကျော်မြ**

**လှည်းတန်း(စံရိပ်ငြိမ်)တိုက်ခန်းရောင်းမည်**

၇၂၀ သိန်း (ညှိနှိုင်း)

0943081013

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တိုက်အမှတ်(၄၃၁)ဟုခေါ်သည့် (၃)ခန်းတွဲ၊ (၈½)ထပ် ကန်ထရိုက်တိုက်၏(ပထမထပ်)ရှိ အခန်းအမှတ် (2-C)တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါတိုက်ခန်းကို ဒေါ်ထက်ထက်ရှင်မြင့်(၁၂/လမတ(နိုင်)၀၃၁၆၆၆)က တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

**ဦးသန့်ဇင် (LL-B)** အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင် (LL-B)** အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၈၄၀)၊ မြေကွက်တည်နေရာအမှတ်(၈၄၀)၊ မင်းရဲကျော်စွာလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိုးတင့်(CL-၀၃၂၆၇၃)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်ဦးစိုးတင့်(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မေကြည်[၁၂/ဥကတ(နိုင်)၀၂၄၄၆၈]မှာ ဂရန်မူရင်း၊ နိုင်ကတ်၊ ခင်ပွန်းသေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ဒေါ်ခင်မေကြည်မှ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၁၉-၁၂-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၁၂/၁၅၁၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်ကာ သွပ်မိုး(၂)ထပ်အိမ်ရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ ကွင်းဆင်းသိရှိကြောင်း ဒေါ်ခင်မေကြည်မှ လက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်ခင်မေကြည်၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရွှေမဟာ**

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမြို့မြေကွက်များ ဝယ်လိုသည်။

09-5106146

09-775106146

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁/အလောင်းဘုရား)၊ ဦးပိုင်အမှတ်(၁၃၁ဂ)၊ ဧရိယာ(၀.၀၅၁)ဧကအား ဦးရဲရာဇာစိုး(ဘ)ဦးတင်မောင်သန်း[၁၄/ပသန(နိုင်)၁၇၉၁၉၄]၊ ဒေါ်ဇွန်နွေနိုင်(ဘ)ဦးဟန်ဝင်းသန်း[၁၂/မဂဒ(နိုင်)၁၃၇၄၇၂]မှ တပ်ကုန်းမြို့နယ် တရားရုံး၏ကျမ်းကျိန်လွှာအမှတ် (၅၂၃/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

ကြော်ငြာ


N.G.E.S အင်္ဂလိပ်စာ သင်တန်း
(ဇမ္ဗူရာသီ နှင့် ပုံမှန်) တန်းခွဲများ
အင်္ဂလိပ်စကားပြော သဒ္ဒါနှင့် အရေးအဖတ်

(English For Speaking, Listening, Reading & Grammar) +
(Essay, Letter & Story Writing)

5 % Discount

၉၄၊ ၅ လမ်း (အထက်/လမ်းတို့) လမ်းမတော်၊ ရန်ကုန်မြို့
09 5079896,09965005219,09799675960

သင့်သွေးဖြင့် အသက်ကယ်ပါ

Taw Win Nan Htake Htar Travels & Tours
No.(1), 151st, Tamwe Township, Yangon.

Feb - 12,15
Mar - 1,15,22, Apr - 12,13
royalnanhtakehtar
09- 4500 43394, 09-252630799, 09-787177990

နန်းဦးလှိုင် ဘုရားဖူးခရီးသွားပို့ဆောင်ရေး
● ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးရွက်၊ ကျောင်းတော်ရာ၊ မကွေး (၃)ရက်။ အလောင်းတော်ကဿပ ပါ(၅)ရက်။
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက်။ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ ကဿပ ပါ(၈)ရက်။
● ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး ဘုရားစုံဖူး၊ ကျောက်တော် မဟာမုနိ၊ စစ်တွေ၊ ငပလီကမ်းခြေ (၈)ရက်။
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ (၇)ရက်။ လွိုင်ကော်ပါ(၈)ရက်။
● အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၃)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ(၅)ရက်။ (Feb15, 22,25, Mar 1)
● ထားဝယ်ရှင်ကိုးရှင်နှင့် မောင်းမကန်ကမ်းခြေ မျောက်ရစ်၊ ကျိုက်ကမီ၊ စက်စဲ (၅)ရက် - မြိတ်(ဘိတ်)ပါ(၇)ရက်။
● တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ ပင်းတယ(၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။ ● မော်တင်စွန်းဘုရားပွဲ(၃)ရက်။
● အင်းတော်ကြီး-ရွှေမဥ္ဇူ၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဖန်းမောက်ဇလုံတောင်၊ ရွှေဘို (၆)ရက်။ ဆက်၍-မိုးကုတ် ပါ(၈)ရက်။
ဖုန်းဆိုးဟန်း 01-391577, ၄၂ လမ်းမတော်လမ်း မြို့မရေးအနောက် သန်လျင် 056-21671, 09-5122961

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ပုလဲ စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၉/ ၂၀၂၀ ဒသမတန်းပညာသင်ဆုဖိတ်ခေါ်ခြင်း
ထူးချွန်ကြိုးစားသော ကျောင်းသား / သူများ ပညာရေးအခွင့်အလမ်းရရှိစေရန် အောက်ပါပညာသင်ဆုများချီးမြှင့်ပါမည်။
ပညာသင်ဆု (ပထမဆင့်) - ဘော်ဒါနှင့်ကိုယ်ပိုင်ကျောင်း ရာနှုန်းပြည့်အခမဲ့တက်ရောက်ခွင့်။
ပညာသင်ဆု (ဒုတိယဆင့်) - ဘော်ဒါနှင့်ကိုယ်ပိုင်ကျောင်း ၅၀% တစ်ဝက်သက်သာခွင့်။
၁။ နဝမတန်းစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ထူးချွန်ပါက ဦးရေမကန့်သတ်ဘဲ ချီးမြှင့်ပါမည်။ ၂။ နဝမတန်းဖြေဆိုပြီးသည့် မည်သည့်ကျောင်းသား/သူမဆို ဖြေဆိုခွင့်ရှိသည်။
၃။ ပညာသင်ဆုဖြင့်တက်ရောက်ပြီး ဒသမတန်းကို(၄)ဘာသာဂုဏ်ထူးနှင့်အထက်အောင်မြင်ပါက နိုင်ငံခြားလေ့လာရေးခရီးပါ အခမဲ့ပို့ဆောင်ပေးပါမည်။

ဖြေဆိုရမည့် ဘာသာရပ်များ
၁။ မြန်မာစာ (စာစီစာကုံး၊ သဒ္ဒါနှင့် နဝမတန်းကဗျာ) ၃။ သင်္ချာ (နဝမတန်းအဆင့်)
၂။ အင်္ဂလိပ်စာ (Essay/Letter နှင့် နဝမတန်း Grammar) ၄။ ဓာတုဗေဒ (နဝမတန်းအဆင့်) ၅။ ရူပဗေဒ(နဝမတန်းအဆင့်)
ဖြေဆိုရမည့်နေ့ရက် - ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်(၉း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ
ဖြေဆိုရမည့်နေရာ - ပုလဲစံပြဘော်ဒါနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရန်ကုန်။
Scholarship ရွေးချယ်ခံရသူအမည်စာရင်းကို (၁၀-၃-၂၀၁၉)ရက်နေ့တွင်ကြေညာပြီး (၃၀-၃-၂၀၁၉)ရက်နေ့တွင် ကျောင်းစတက်ရမည်။
**မတ်လ(၂)ရက်နေ့** နောက်ဆုံးထားပြီး လူကိုယ်တိုင်/စာတိုက်ဖြင့် ကိုယ်ရေးအချက်အလက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ယခင်တက်ရောက်ခဲ့ဖူးသောကျောင်းအမည်များ၊ ရရှိခဲ့သောဆုအထောက်အထားများ(ဓာတ်ပုံ၊ဂုဏ်ပြုလက်မှတ်များ)ကိုအောက်ပါလိပ်စာသို့ပေးပို့ရမည်။
အမှတ်(၇၇)၊ ၄ ဝါလမ်း၊ ပုလဲမြို့သစ် (တံတားဖြူမှတ်တိုင်အနီး) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၄၅၆၃၉၉၉၉၃၊ ၀၉-၄၅၆၃၉၉၉၉၂

နှစ်ရှည်ငှား/ရောင်း မည်။
မြောင်းတကာ စက်မှုဇုန်မြေကွက်
၀-၃ဧက မြေညှိပြီး၊ အုတ်တံတိုင်းခတ်ပြီး
(အရှုပ်အရှင်းကင်း)
နှစ်ရှည်ငှား/ရောင်းမည်။
09 5008406
09 5502775

မြေကွက်များအရေးတကောင်းအမြန်ဝယ်လိုသည်
အင်းစိန်မြို့သစ်(အရှေ့ တောင်၊ မြောက် ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
ဖုန်း 01-2339310
01-2339355
01-578044
01-570721

ဘော်မြန်မာဆေးသုတ်အဖွဲ့
Unitex 1'x1' = 230
Orient 1'x1' = 280
Premier 1'x1' = 330
Nippon,Dulux, Jotun 1'x1' = 430
Ph: 09 796211925, 09 786590618


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | မြို့နယ် | မြေပိုင်း | မြေကွက် | မြေအသုံးပြုမှု | ထိုင်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဥက္ကဋ္ဌ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | မြို့နယ် | မြေပိုင်း | မြေကွက် | မြေအသုံးပြုမှု | ထိုင်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ဥက္ကဋ္ဌ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- [illegible] (Shopping Mall, Hotel, Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- [illegible] Shopping Mall [illegible] (၁၀၀,၀၀၀) [illegible] (၈) [illegible] RC [illegible] (၂၀၀) မှ (၃၀၀) [illegible]
- Shopping Mall [illegible] Floor height (၁၃) [illegible] (Corridor) [illegible] (၁၃) မှ (၁၅) [illegible] Water Cooled Chiller [illegible] Airconditioning [illegible] Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift [illegible] ၂၄ နာရီ CCTV [illegible]
- Shopping Mall တွင် Schindler [illegible] (1.6) [illegible] (၁၀) [illegible] (၄) [illegible] (၁၅) [illegible] (၃) [illegible] (၂၀) [illegible] (၆၀၀) [illegible]
- [illegible] 25MVA [illegible] Standby Generator [illegible]
- [illegible]

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO., LTD.
[illegible]

TEL : 01- 524 963, 01- 526 928
01- 516 533~6




**Summit Int'l Learning Centre**

SUMMIT S I L C


No.91, Upper Kyeemyin Daing Road, Yangon

Ph: 01 9317321/ 09 450066812/ 09 73150347

**2019 Summer English 4~Skills!**

Opening on 6th March

**March, April & May**



Monday ~ Friday Sessions

Session I - 8:30 am ~ 11:30 am

Session II - 12:00 pm ~ 3:00 pm

Weekend Session (Sat ~ Sun)

9:00 am ~ 12:00 pm

Listening & Speaking

Public Speaking

Art & Sing Along

Critical Thinking & Problem Solving

Reading & Writing

Hands-on Activities

Libeary Hunting Activity!

Child Centered Approach (C.C.A) ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ဖြင့် ကလေးများနားလည်ကျက်မှတ်မှုအပေါ် တွေးတောသုံးသပ်၊ ဖန်တီးနိုင်ရန် အခွင့်အလမ်းရှိသော Activities များ၊ Flow of Speech ကောင်းစေရန် Sing Along နှင့် Public Speaking Practice များ၊ စိတ်ဝင်စားဖွယ်အခြေခံ Art နှင့် Activities များတို့ဖြင့် သင်ယူနေမှန်းမသိ၊ သင်ယူတတ်မြောက်စေမည့် သင်ပေး သင်ယူဝန်းကျင်လေပြဖြစ်စေရန် ဆရာမများမှ ကြိုးစားသင်ကြားပေးသည့် Summer English 4 - Skills Course ဖြစ်ပါသည်။ စာကြည့်တိုက်မှစာအုပ်များကို တစ်ပိုင်းထင်ရှားကြည့်မှုကောင်းဖြင့် စာဖတ်အားကိုမြှင့်တင်ပေးပါသည်။ MACMILLAN, LONDON မှ Original Text Books များဖြင့် သင်ကြားပေးပါသည်။ ထိရောက်သောသင်ကြားမှုရရှိရန် လူဦးရေကန့်သတ်ထားပါသည်။

GOLDEN EDEN®
SLEEP SOLUTIONS

Bedsheet , Comforter, Pillow, Bolster, Mattress, Mattress Protector



Imported from Singapore
www.goldenedensleepsolutions.sg

Authorized Sole Distributor in Myanmar
Kaday Myaing Co.,Ltd
Bldg 31, Rm.no 5, Sabai St,
Near Yuzana Plaza.
01 203671,01 205756

ပရိုမိုးရှင်း
marketplace
Feb 11 to Feb 16 2019

**"ကန့်ကွက်နိုင်ပါသည်"**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ ရန်ရှင်လမ်း၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(ဘီ) အခန်းအမှတ်( ၁၂၀၅ )( ၁၂ )ထပ်တိုက်၏ ( ၁၂၅၁ ) အကျယ်အဝန်း( ၀၆၈၀ )စတုရန်းပေရှိ Space Yankin ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်မိုးစစ် ( ၁၂/ဥကမ(နိုင်) ၀၃၂၈၉၃ )မှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ

ဒေါ်နန်းဆင့်ဆင့်လွင် (LL.B,D.B.L,D.M.L) (စဉ် ၁၂၆၇၃)

ဒေါ်မိုမိုအေး (LL.B,D.B.L,D.M.L,D.I.L) WIPO,DL-101Switzerland(စဉ် ၈၅၅၀)

ဒေါ်ထင်ဇာနည်နေဝင်း (LL.B,D.I.L)(စဉ် ၉၅၃၄) DL-101(WIPO)Geneva

တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ ရိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎- 09799991090, 09799991092, 09799991095
Email : rabbitfamilyrealestate@gmail.com
Website : www.rabbitfamily.com

အားလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေးဆေး

**ဒေါ်ကြွယ်** အမှုငြိမ်း ဆေးဆေး
အမှတ်တံဆိပ်

မော်ပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းရှေးထွက်၊ ချိူင်းချေးနဲ့၊ စီးယပ်ဖြူဆင်းခြင်းနှင့် ဆေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ဖြန့်ချိရေး-အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၆၀၈၅၄၅၀၄၂၀၉-၄၅၁၀၀၈၉၉၇၀၉-၈၅၉၈၄၅၃

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားချိတ်ဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ရ တ နာ သစ် တော    ပြည့် သွေး ကြော    သစ် တော ရ တ နာ    ထိန်း သိမ်း ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးသွင်
**အင်ဂျင်နီယာချုပ်(စက်မှု-ငြိမ်း)၊ ဆည်မြောင်း**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**
**အသက်(၇၄)နှစ်**

အမှတ်(63-F)၊ သာယာကုန်းလမ်း၊ အင်းစိန်မြို့နယ်နေ ဒေါ်ချိုချို (တိုင်းစာရင်းစစ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ ခင်ပွန်း၊ ဦးမျိုးသွင် အသက်(၇၄)နှစ်သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းနိုင်**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
## ဦးလင်ဘွန်ဖန်(ခ)ဦးလင်ဘွန်ဖွတ်(ခ)ဦးဝင်း
**အသက်(၁၀၅)နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်ရှိ စံကျောင်းဆောင်အလှူရှင်ဖြစ်သော ဦးလင်ဘွန်ဖန်(ခ)ဦးလင်ဘွန်ဖွတ်(ခ)ဦးဝင်းသည် ၉-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
## ဦးလင်ဘွန်ဖန်(ခ)ဦးလင်ဘွန်ဖွတ်(ခ)ဦးဝင်း
**အသက်(၁၀၅)နှစ်**

ရန်ကုန်မြို့နေ ဦးမျိုးထွန်း(ခ)ဦးမျိုးဝင်း (K.M.T Group Ltd.)-ဒေါ်ကြည်ကြည်ဦးတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးဖြစ်သူသည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်အေမီနှင့် ဝန်ထမ်းများ**
**K.M.T Group Ltd.**
**(Mandalay)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကံကြီး(ဆင်လမ်း၊ ပခုက္ကူ)၊ မြန်မာ့အလင်း(ငြိမ်း)
**အသက်(၈၂)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ မန်နေဂျာ ဒေါ်မိမိမာ၏ဖခင် ဦးကံကြီး(ဆင်လမ်း၊ ပခုက္ကူ)၊ မြန်မာ့အလင်း(ငြိမ်း) အသက်(၈၂)နှစ် သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရီ
**အသက် (၇၆) နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ရဲမှူးကျော်မြင့်အေး၏မိခင်ဖြစ်သူ ဒေါ်တင်ရီ(ကော့သောင်းမြို့ မြို့မရဲစခန်းဝင်းနေ)သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနကြီးမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကျော်ဦး (စခန်းမှူး-ငြိမ်း)
**အသက် (၆၅) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ ဒေါ်ခင်ဝင်းမြင့်၏ချစ်လှစွာသောခင်ပွန်း သူငယ်ချင်း ဦးအောင်ကျော်ဦးသည် ၇-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်း (၉/၈၄)**
**သင်တန်းဆင်းသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းလွင်
**ရဲအုပ်၊ သတင်းတပ်ဖွဲ့(ငြိမ်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် (၅၇/A)နေ ဒေါက်တာခိုင်မင်းထက်(လက်ထောက်ဆရာဝန်၊ ရောဂါဗေဒ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန)၏ ဖခင်သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းလွင် [ရဲအုပ်၊ သတင်းတပ်ဖွဲ့(ငြိမ်း)]
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၅၇/A)နေ ဒေါက်တာခိုင်မင်းထက်(လက်ထောက်ဆရာဝန်၊ ရောဂါဗေဒ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန)၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ)နှင့် ဓာတ်ခွဲဝန်ထမ်းများ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်မြညွန့်
**ရန်ကုန်မြို့ ကျိုက္ကမီအသင်း သက်ကြီးပူဇော်ကန်တော့ခံ**
**အသက် (၉၅) နှစ်**

ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ် (၈၂၆)နေ ဦးစံရွှေ-ဒေါ်လှရွှေတို့၏သမီး၊ (ဦးပါလေး-ကရုပ္ပိ)၏ဇနီး၊ ဒေါ်အေးအေးစန်း၊ ဦးမြင့်ဟိန်-ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းမြင့်-(ဒေါ်မူမူသိန်း)၊ ဒေါ်အေးအေးမွန်၊ ဒေါ်မြင့်ရီ၊ ဦးရဲထွဋ်ဝင်း-ဒေါ်ဝင်းဝင်းချို၊ ဦးဝင်းခိုင်-ဒေါ်ဥမ္မာထွန်းတို့၏မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်မြညွန့်သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကျိုစုသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဒေါက်တာဦးသောင်းထွန်း
**မေ့ဆေးဆရာဝန်ကြီး၊ ဦးနှောက်နှင့်အာရုံကြောဌာနမှူး(ငြိမ်း)**
**အသက် (၈၈) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ ရွှေဟင်္သာလမ်း၊ အမှတ်(၅၉/ခ)နေ (ဦးမြ-ဒေါ်ထူးမေ)တို့၏သား၊ (ဦးမြင့်ခိုင်)၊ ဒေါ်မြင့်မြင့်ရီတို့၏ညီ/မောင်၊ ကိုညီညိုထွန်း-မနေခြည်နှင်းပွင့်လှိုင်၊ မသွယ်-ကိုအောင်မျိုးနိုင်တို့၏ဖခင်၊ ဒေါ်ခင်အေးမြင့်၏ခင်ပွန်းသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဝတ်ပြု ဆုတောင်းပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးစောလှ
**ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် (တွေ/အုပ်-ငြိမ်း)**
**ဥက္ကဋ္ဌ၊ ပြွန်တန်ဆာအသင်း (ရန်ကုန်)**
**အသက် (၇၉) နှစ်**

ပြွန်တန်ဆာမြို့နေ (ဦးအုန်းခိုင်-ဒေါ်သိန်းမေ)တို့၏သား၊ (ပါမောက္ခ ဦးထွန်းကြွယ်)-ဒေါ်စု၊ (ဦးထွန်းသန်း-ဒေါ်နှင်းနု)၊ (ဦးနီ-ဒေါ်စောမြိုင်)တို့၏မောင်၊ ဦးအောင်ဝင်း-ဒေါ်သီတာဦး(မြောင်းမြခရိုင်၊ လ.ဝ.က)၊ ဦးချမ်းငြိမ်း၊ ဦးသန်းထိုက်-ဒေါ်စန္ဒာဝင်း၊ ဦးခင်မောင်ကြီး(ပါရမီ)-ဒေါ်ပပဝင်း၊ ဦးအောင်ပြည်ငြိမ်း၊ ဒေါ်သူဇာဝင်း၊ ဒေါ်ဇာနည်ဝင်း၊ ဒေါ်ခင်စောပြည့်ဝင်းတို့၏ဖခင်၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်(၄၅)နေ [ဒေါ်ခင်ကြွယ်(ဦးစီးအရာရှိ-လ.ဝ.က)]၏ခင်ပွန်း၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုတော်အိမ်ရာ၊ အခန်း(၂၀၂)၊ တိုက်(၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးသိန်းအောင်
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၉)နေ (ဦးစိန်ဝမ်-ဒေါ်ကျင်ဝိုင်)တို့၏သား၊ (ဦးခင်မောင်-ဒေါ်ညွန့်)တို့၏သားသမက်၊ ဦးဌေးအောင်-ဒေါ်နုနု၊ ဒေါ်လှလှဝင်း(စည်ပင်-ငြိမ်း)တို့၏အစ်ကို၊ ဒေါ်ပြုံး၊ ဦးငွေထွန်း-(ဒေါ်ခင်မိုးကြည်)၊ (ဦးဝင်းနိုင်)၊ ဦးမြတ်စိုး-ဒေါ်ချိုချိုမြင့်၊ ဦးရန်နိုင်စိုး၊ မပန်းသီခိုင်တို့၏မွေးသဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်မြခင်၏ခင်ပွန်းသည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြမြရီ
**(အမှတ်-၃၊ အကြီးစားစက်မှုလုပ်ငန်း-ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလ္လကုန်းဌေးကြွယ် က ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၆၀)၊ မြေညီထပ်နေ (ဦးထွန်းကြည်-ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးမြင့်အေး)-ဒေါ်လှိုင်မြင့်၊ ဦးအုန်းမြင့်-[ဒေါ်လှလှရီ(ခ)မဘေဘီ]၊ ဒေါ်မြင့်မြင့်ရီတို့၏ ညီမ၊ (ဦးမောင်မောင်အေး-ဒေါ်သက်သက်မော်)၊ ဒေါ်မြမြသိန်း၊ ဦးတင်ရွှေ-ဒေါ်လှလှထွေးတို့၏ အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ် သည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြတ်ဦး (ဘိုကလေး)
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန(၂)လမ်း၊ အမှတ်(၈၇/B)နေ (ဦးထန်ပီ-ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ ဦးမောင်မောင်အောင်(ကာတွန်း)၏ ဇနီး၊ ကိုကျော်ဖြိုးဝေ-မကျော့ကျော့ခိုင်၊ မဆုလဲ့ဝေတို့၏ ချစ်လှစွာသော မိခင် သည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဆရာဦးမင်းဦး**
**(အထက-၁၊ ငြိမ်း)**
**သုံးခွမြို့**
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့ (၁၂)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၂)နေ (ဦးချစ်-ဒေါ်စိန်မျှင်)တို့၏သား၊ ဦးရဲမြင့်-ဒေါ်ခင်စန်းတို့၏ အစ်ကို၊ ဒေါ်ကျင်အေး (သမဦးစီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးသန်းဦး (ငြိမ်း)-ဒေါ်မာမာဆွေ၊ ဦးကျော်ဆန်း-ဒေါ်မာမာစန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ တပည့်များအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**ဦးတင်ဝင်းမောင်**
**အသက်(၇၃)နှစ်**
**အသင်းဝင်အမှတ်-၃၁၉**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၆၄)နေ ဒေါ်ရှင်မြ၏ ခင်ပွန်း သည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အသင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**
**ဦးတင်ဝင်းမောင် (ချောက်/မြိတ်)**
**အသင်းဝင်အမှတ်(၆၉၂)**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၆၄) နေ ဒေါ်ရှင်မြ၏ခင်ပွန်းသည် ၉-၂-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**ကပ္ပတိန် ဦးမြင့်စိုး**
**MASTER Marinar (FG)**
**အသက်(၆၆)နှစ်**

(မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်ဝန် ဦးစံရွှေ-ဒေါ်မြသိန်း)တို့၏ တစ်ဦးတည်းသောသား၊ (ဦးညွန့်လွင်-ဒေါ်လှလှ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးကိုကို၊ ဦးမောင်မောင်စိုး-ဒေါ်နွယ်နွယ်သက်(NLD)တို့၏ ညီ/မောင်၊ ဦးအောင်သူမြင့်စိုး၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဘောက်ထော်ပြည်သာယာ၊ မာလာမြိုင်လမ်း၊ အမှတ်(၁၅)နေ ဒေါ်ချိုချိုလွင်၏ ခင်ပွန်း၊ ကပ္ပတိန် ဦးမြင့်စိုး (MASTER Marinar FG)သည် ၁၁-၂-၂၀၁၉ ရက်တွင် ပါရမီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ်-၁၅၊ မာလာမြိုင်လမ်း၊ ဘောက်ထော် ပြည်သာယာမှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးအေးကို
**ကြီးကြပ်ရေးမှူး (ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့နေ [ဦးမောင်မြင့်(ဇလွန်)-ဒေါ်မြသန်း]တို့၏သားကြီး၊ ရန်ကုန်မြို့ အမှတ်(၈၃)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်နေ (ဒေါ်အေးရီ) (ဈေးများဌာန၊ ရုံးအုပ်-ငြိမ်း၊ YCDC)၏ခင်ပွန်း၊ (ဦးအေးချို)၊ ဒေါ်သန်းရီ၊ ဦးထွန်းသန်း၊ (ဒေါ်ညွန့်ရီ)၊ [ဦးညွန့်တင် (ဒဂုံ၊ ဗဟန်း၊ လှိုင်သာယာ) EO (ငြိမ်း)၊ YCDC-ဒေါ်အေးအေးမြင့်]၊ [ဒေါ်ဝင်းကြည်(MEIC)]၊ ဒေါ်ဆွေဆွေလှဲ၊ ဦးမြသောင်း(ဒုညွှန်မှူး၊ ရာပြတ်ဌာန-YCDC)-ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးဝင်းလင်းအောင်-ဒေါ်ခင်သန်းမြင့်(စာတိုက်ကြီး)၊ ဦးစိုးလွင်-ဒေါ်သန်းသန်းအေးတို့၏ အစ်ကိုကြီး၊ (ဦးအောင်ခိုင်)၊ ဦးအောင်နိုင်၊ (ဦးအောင်နေမျိုး)၊ ဒေါ်သက်သက်ရီ(လျှပ်စစ်-ငြိမ်း)၊ ဦးထင်လတ်(2/E)-ဒေါ်သက်သက်နီတို့၏ ချစ်လှစွာသောဖခင်၊ မခိုင်ဇင်လင်းမွန်(MLA)၊ မောင်ထင်အောင်ခန့်(MLA)တို့၏အဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄း၂၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ အမှတ် ၉၇၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြသောင်း (ကုန်သွယ်လယ်ယာ-ငြိမ်း)
**(ညောင်လေးပင်မြို့ ရွာသစ်ရပ်ကွက်)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၅၉/၄၆၉)၊ အခန်း(H-3)နေ (ဦးထွန်းရင်-ဒေါ်စိန်ရီ)တို့၏ သား၊ (ဒေါ်ငယ်)၏ ခင်ပွန်း၊ ဒေါ်လှတင်၏ အစ်ကို၊ ဦးမြင့်ဝေ (တပ်မတော်ရေ-ငြိမ်း)-ဒေါ်မာမာမြင့် (လ/၅၊ သာကေတ)၊ ဦးစောအောင် (တပ်မတော်ရေ-ငြိမ်း)-ဒေါ်ကြူကြူသင်း၊ ဦးမောင်မောင်မြင့်-ဒေါ်သန္တာ၊ ဦးညွန့်နိုင်-ဒေါက်တာဒေါ်ဌေးဌေးသန်း(ထိုင်ဝမ်)၊ ဦးခင်မောင်သောင်း-ဒေါ်သိန်းသိန်း၊ ဦးသန်းထွန်းအောင်(တပ်မတော်ရေ-ငြိမ်း)-ဒေါ်သန်းသန်းစိန်တို့၏ ဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်ဌေး
**အသက် (၈၅) နှစ်**
**B.A(Ed), B.Ed**
**ကျောင်းအုပ်ဆရာမကြီး၊ အလက(၂)၊ မင်္ဂလာတောင်ညွန့် (ငြိမ်း)**

မန္တလေးမြို့နေ (ဦးစံလှ-ဝက်မစွတ်ခင်ခင်ဆွေ)တို့၏သမီးငယ်၊ တောင်ကြီးမြို့နေ (ဦးမောင်ကြီး-ဒေါ်ဒေါ်လှိုင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ ကံ့ကော်မြိုင်လမ်း၊ ခြံအမှတ်(၁၂)နေ [ဒေါက်တာဦးကိုကိုကြီး(ဒုညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)]၏ ချစ်လှစွာသောဇနီး၊ မန္တလေးမြို့နေ (ဦးခင်မောင်ဦး-ဒေါ်ကြင်စိန်)၊ ရန်ကုန်မြို့နေ (ဦးခင်မောင်ဖြူ-ဒေါ်နုနု)၊ (ဗိုလ်မှူးအေးမောင်-ဒေါ်ခင်ခင်တင့်)၊ (ဦးအောင်ကြည်)-ဒေါ်ခင်ခင်မတို့၏ချစ်လှစွာသော ညီမငယ်၊ ဒေါ်မိုးခင်ခင်လှိုင်(အ.ထ.က-၂၊ ရန်ကင်း)၊ ဒေါ်တိုးခင်ခင်ခိုင်(Amara Hotel နှင့် Grand Amara Hotel၊ နေပြည်တော်)၊ ဒေါက်တာ ယုဇနဉာဏ် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သက္ကဗီတာဗုဒ္ဓကောလိပ်နှင့် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်ကျော်ခိုင်လင်း၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၁-၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ စ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကံကြီး (ဆင်လမ်း၊ ပခုက္ကူ)
**မြန်မာ့အလင်း-ငြိမ်း**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မီးဒုံးလမ်း၊ တိုက်(၉၂)၊ အခန်း(၃)နေ (ဦးဘရင်၊ ဒေါ်ဖွားရီ)တို့၏ သား၊ (ဒေါ်အုန်းကြည်)၏ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်မိမိမာ(မန်နေဂျာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဒေါ်ခင်ခင်မြင့်(အကောက်ခွန်-ငြိမ်း)၊ ဦးသန်းထွဋ်-ဒေါ်တင်တင်အေး၊ ဦးခင်မောင်ထွန်း-ဒေါ်ခင်လေးအိန္ဒြာ(MAX MYANMAR CONSTRUCTION CO., LTD)တို့၏ဖခင်၊ မောင်ဖြိုးမောင်မောင်ချို (MAWLAMYINE CENTURY LOGISTICS CO., LTD)-မနှင်းယုမွန် (KBZ BANK H.O)၊ မခင်ချိုချို(ILBC)တို့၏ အဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀း၁၀ နာရီတွင် ဗဟိုရိစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တိုက်(၉၂)၊ အခန်း(၃)၊ မီးဒုံးလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ကျော်
**(၁၉၈၂-၈၆-စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်း)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ ကံ့ကော်လမ်း (R-3)၊ အခန်း(၃၀၃)နေ ဦးကျော်လှိုင်-(ဒေါ်တင်တင်ဦး)တို့၏ သား၊ Dr.ခင်မောင်လေး (သွား/ဆရာဝန်)-ဒေါ်အဲလစ်ခင်တို့၏ ညီ၊ မောင်ဟိန်းသူလင်း၊ မောင်အောင်ကောင်းကျော်ဇံတို့၏ ဦးလေး၊ သန်လျင်မြို့နယ်၊ စတားစီးတီး၊ (B-5)၊ အခန်း(၅၀၉)နေ ဒေါ်သက်သက်ရီ (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ-၂)၏ ခင်ပွန်းသည် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း သူငယ်ချင်း၊ ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စမ်းချောင်း၊ ပန်းလှိုင်အိမ်ရာမှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀း၃၀ နာရီအထိ ပန်းလှိုင်အိမ်ရာ၊ စမ်းချောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အီရန်ကိုအနိုင်ယူပြီး မြန်မာအမျိုးသမီးအသင်း နှစ်ပွဲဆက်အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၁၉ Hero Gold Cup အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ညနေပိုင်းက အိန္ဒိယနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

**မြန်မာအမျိုးသမီးအသင်း - နှစ်ဂိုး**
**အီရန်အမျိုးသမီးအသင်း - ဂိုးမရှိ။**

မြန်မာ့လက်ရွေးစင်အသင်းအတွက် ရှုံးကန်ခဲ့ရသည့်ပွဲဖြစ်ပြီး နောက်ကျဂိုးများဖြင့် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ အီရန်လက်ရွေးစင်အသင်းသည် မြန်မာအသင်းထံမှ အမှတ်ရယူနိုင်ရန် ကြိုးစားခဲ့ပြီး မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမပေးရအောင် ထိန်းထားနိုင်သော်လည်း နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့်ဂိုးများဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် နိုင်ပွဲဆက်ရန် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မြန်မာအသင်းသည် အီရန်အသင်း၏ခံစစ်ကိုကျော်ဖြတ်နိုင်ရန် ခက်ခက်ခဲခဲကစားခဲ့ရပြီး ဂိုးသွင်းခွင့်အချို့ကိုလည်း အသုံးမချနိုင်သောကြောင့် အနိုင်ရရန် နောက်ဆုံးအချိန်ထိ ကြိုးပမ်းခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**



မြန်မာနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးနှင့် ကျိုက်ခေါက်စေတီဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၃၂၁ နှစ်မြောက် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် လက်ဝှေ့ယှဉ်ပြိုင် ထိုးသတ်ပွဲတွင် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲနှင့်အောင်လံနှစ်ခုလုပွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လက်ခမောင်းခတ်ပြီး စိန်ခေါ်မယ်**

"အမှတ်ပေးပွဲမပါဘူး။ မြန်မာ့ရိုးရာပုံစံ အတိုင်းပါပဲ။ စိန်ခေါ်ပွဲတွေကတော့စိန်ခေါ်ပွဲ ပုံစံအတိုင်းပဲ အလဲမထိုးနိုင်ဘူးဆိုရင်တော့ သရေပွဲကျမယ်။ အလံလုပွဲတွေကတော့ နဂိုရိုးရာအတိုင်းပါပဲ။ အချီပြည့်လို့ အရှုံး၊ အနိုင် မပေါ်ရင် အချိန်တိုးပြီး ထပ်ယှဉ်ပြိုင်မယ်။ ကွဲလို့၊ ဒါမှမဟုတ် သက်လုံမကောင်းလို့ ဆက်မထိုးနိုင်ရင် နိုင်တဲ့လူက လက်ခမောင်းခတ်ပြီး စိန်ခေါ်မယ်။ အဲဒီမှာ မထနိုင်ရင် လက်ခမောင်းခတ်ပြီး စိန်ခေါ်တဲ့သူက အနိုင်ရမယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးဥက္ကဋ္ဌ ဦးဝါဆိုဝင်းမြင့်က ရှင်းပြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ »»**

ကြေးမုံ

## အချပ်ပို စာမျက်နှာများပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာနှင့် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ အချပ်ပိုစာမျက်နှာများ ပါရှိပါသည်။

## သတင်းအညွှန်း


**မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မည်**
စာမျက်နှာ » ၅

**အခွန်ငွေမဆောင်သေးလွတ်လပ်ရေးနှင့်ဝေး (ဗမာပြည်သူလူထုသို့ 'ဗိုလ်ချုပ်'၏ မေတ္တာရပ်ခံချက်)**
စာမျက်နှာ » ၆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**
စာမျက်နှာ » ၈


# ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်ကြသည့် ထုပ်ဆီးတိုး (အမျိုးသမီး)၊ လွန်ဆွဲ(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁/၂/၃)တို့၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အားကစားဝါသနာရှင် အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှု အားပေးသည်။**

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖



(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် ထုပ်ဆီးတိုးပြိုင်ပွဲ ကျင်းပစဉ်။




ကြေးမုံ

၂၀၀၉ ခုနှစ်၊
(၇၂) နှစ်မြောက်

ပြည်ထောင်စုနေ့
ဖေဖော်ဝါရီ ၁၂ ရက်၊ ၂၀၁၉ ခုနှစ် (အင်္ဂါနေ့)
အထူးထုတ်

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားမှသည် . . .
# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု
# တည်ဆောက်ရေးသို့ . . .



ဓာတ်ပုံ- မိုးလွင်ဦး(လှိုင်လင်)

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားမှသည် . . . ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသို့ . . .

**ဒေါက်တာအောင်အောင်မင်း (ပါမောက္ခချုပ်-ငြိမ်း)**

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၁ နှစ် ပြည့်မြောက်ခဲ့ပါပြီ။ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်ဖြစ်တည်ခဲ့တာ နှစ်ပေါင်း ၇၀ ကျော်လာခဲ့ပေမယ့် ပြည်ထောင်စုရဲ့ပုံရိပ်သဏ္ဍာန် ပီပြင်ခဲ့ရဲ့လား။ ပြည်ထောင်စုတိုင်းရင်းသားတွေအချင်းချင်း သွေးစည်းညီညွတ်ခဲ့ကြပြီလား။ ငြိမ်းချမ်းသာယာဝပြောတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ဆောက်နိုင်ခဲ့ပြီလားလို့ မေးခဲ့ရင် မတည်ဆောက်နိုင်သေးပါလို့ပဲ စိတ်မကောင်းစွာနဲ့ အဖြေပေးရပါလိမ့်မယ်။

**ညှိနှိုင်းဆွေးနွေးအဖြေရှာ**

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက ရှည်ကြာလှပြီဖြစ်တဲ့ ပြည်တွင်းစစ်မီးကို ယနေ့အချိန်အထိ အပြီးတိုင် မငြိမ်းသတ်နိုင်သေးပါ။ ဒါကြောင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ အရပ်သားဒီမိုကရေစီအစိုးရက (၂၁) ရာစု ပင်လုံညီလာခံကျင်းပပြီး အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဆွေးနွေးအဖြေရှာနေတာ ဖြစ်ပါတယ်။ ဒီလိုညှိနှိုင်းရာမှာ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူအားလုံးက ပွင့်လင်းမြင်သာမှု၊ အပြန်အလှန် ယုံကြည်နားလည်မှုစတဲ့ အပေးအယူတွေနဲ့ ကြိုးပမ်းဆောင်ရွက်သွားရမှာပါ။

မြန်မာနိုင်ငံကို ကိုလိုနီ လက်အောက်ခံနိုင်ငံအဖြစ်မှ လွတ်မြောက်ဖို့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်နဲ့ နိုင်ငံရေးခေါင်းဆောင်များ ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်ခဲ့ကြရပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများရဲ့ စည်းလုံးမှုနဲ့ သွေးစည်းညီညွတ်မှုကိုရယူပြီး အင်္ဂလိပ်နယ်ချဲ့နဲ့ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ထုတ်နိုင်ခဲ့တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးခေါ်တဲ့ ဖဆပလအဖွဲ့ချုပ်ကြီးကို ခေါင်းဆောင်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေး အမြန်ဆုံးရရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့တယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှာ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါတယ်။



၁၉၄၇ ခုနှစ် ဇန်နဝါရီလက အင်္ဂလန်နိုင်ငံသို့ သွားရောက်ရန် အိန္ဒိယနိုင်ငံသို့ရောက်ရှိလာသော ဗိုလ်ချုပ်အောင်ဆန်းအား နယူးဒေလီမြို့ သတင်းစာရှင်းလင်းပွဲတွင် တွေ့မြင်ရစဉ်။

**မူဝါဒ ၅ ချက် ချပြခဲ့**

ဗိုလ်ချုပ်အောင်ဆန်းဟာ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကြီးဖွဲ့စည်းရေးနဲ့ တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိတဲ့ သဘောထားကို ဖဆပလအဖွဲ့ချုပ်ကြီးရဲ့ ပဏာမပြင်ဆင်မှုညီလာခံမှာ မူဝါဒ ၅ ချက် ချပြခဲ့ပါတယ်။ အဲဒီ မူဝါဒတွေကတော့...

(၁) လွတ်လပ်သည့် မြန်မာနိုင်ငံကို သမ္မတနိုင်ငံစနစ်နှင့် အုပ်ချုပ်ရန်။

(၂) လူမျိုးအသီးသီး ရသင့်ရထိုက်သော

အထူးကဏ္ဍ [ ၈ ] သို့ »»

**တိုင်းရင်းသားလူမျိုးအားလုံးအကျိုးအတွက် ချမှတ်ခဲ့တဲ့ အခြေခံမူများအရ တောင်တန်းဒေသမှာရှိကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားတွေနဲ့ ရှမ်းပြည်နယ်ပင်လုံမြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဗိုလ်ချုပ်ဟာ တိုင်းရင်းသားညီအစ်ကိုများနဲ့ ညှိနှိုင်းစည်းရုံးဆွေးနွေးအပြီးမှာ ပင်လုံသဘောတူညီချက်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပင်လုံစာချုပ် အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့တဲ့နေ့ကို "ပြည်ထောင်စုနေ့"လို့ သတ်မှတ်ခေါ်ဝေါ်ခဲ့တာပါ။**



၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ထံမှ ရာထူးလက်ခံရယူပြီးနောက် ဝန်ကြီးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား တွေ့မြင်ရစဉ်။



တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ခရီးထွက်လုံးပန်းရင်း ကပွလီရွာတွင် ဗိုလ်ချုပ်အောင်ဆန်းအား ကရင်အမျိုးသားဝတ်စုံဖြင့် တွေ့မြင်ရစဉ်။

ဓာတ်ပုံ- ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်မှ



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ကျင်းပသည့် ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။



အထူးကဏ္ဍ [ ခ ] မှ »»»

အခွင့်အရေးများကို ရရှိအောင် စီစဉ်၍ တိုင်းသူပြည်သားများသာလျှင် အာဏာပိုင် ဖြစ်စေရန်။

(၃) လူများစု လူမျိုးက လူနည်းစု လူမျိုးအပေါ် လွှမ်းမိုးမှုမရှိစေဘဲ ဒီမိုကရေစီအရ တန်းတူအခွင့်အရေးရှိရန်။

(၄) လူမျိုးကြီးတစ်မျိုးတည်းဟု ခေါ်ဆိုသည့် (Unitary State) မျိုး တည်ထောင်ရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုသဘောမျိုး တည်ထောင်ရန်။

(၅) စီးပွားရေးတိုးတက်မှုအတွက် စုပေါင်းပြီး စနစ်တကျစိစစ်နိုင်မည့် ပြည်ထောင်စုမျိုး တည်ထောင်မှသာလျှင် လူမျိုးအားလုံး တိုင်းသူပြည်သားအများ၏ တိုးတက်မှုကို လုပ်နိုင်မည်စတဲ့ မူ ၅ ချက်ကို ချပြခဲ့တယ်။

**အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့**

ဗိုလ်ချုပ်ရဲ့အထက်ဖော်ပြပါ တိုင်းရင်းသားလူမျိုးအားလုံးအကျိုးအတွက် ချမှတ်ခဲ့တဲ့ အခြေခံမူများအရ တောင်တန်းဒေသမှာရှိကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားတွေနဲ့ ရှမ်းပြည်နယ် ပင်လုံမြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဗိုလ်ချုပ်ဟာ တိုင်းရင်းသားညီအစ်ကိုများနဲ့ ညှိနှိုင်းစည်းရုံးဆွေးနွေးအပြီးမှာ ပင်လုံသဘောတူညီချက်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပင်လုံစာချုပ် အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့တဲ့နေ့ကို “ပြည်ထောင်စုနေ့”လို့ သတ်မှတ်ခေါ်ဝေါ် ခဲ့တာပါ။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစအချိန်မှာ ဆရာဇော်ဂျီက သူ့ရဲ့ခံစားမှုအတွေးအပေါ် အခြေခံပြီး “ပြည်ထောင်စုနဲ့ ကျွန်တော်” ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။ ဒီဆောင်းပါးထဲက ဆရာရဲ့ အတွေးအချို့ ကောက်နုတ်ဖော်ပြရရင် “ကျွန်တော်တို့နိုင်ငံသည် ယခုအခါတွင် လွတ်လပ်သော နိုင်ငံဘဝကို ရခဲ့ပြီ။ ကိုယ့်အလံနှင့် ကိုယ့်တံဆိပ်နှင့် ဖြစ်နေပြီ။ ကိုယ့်သမ္မတနှင့် ကိုယ့်ပါလီမန်နှင့် ကိုယ့်အစိုးရနှင့် ကိုယ့်စစ်တပ်နှင့် လုပ်နေပြီ။ ကမ္ဘာ့ပွဲလယ်မှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် လူတစ်လုံး သူတစ်လုံး ဖြစ်နေပြီ။ ထိုသဘောထားကား အဘယ်နည်း။ ထိုသဘောကား အခြားမဟုတ်။ ပြည်သူတိုင်းသည် ကိုယ့်အားကိုယ်ကိုးစားရမည်ဟူသော သဘောပင်ဖြစ်သည်”လို့ လွတ်လပ်မှုရဲ့အနှစ်သာရကို ပြည်သူတွေ နားလည်သဘောပေါက်အောင် ညွှန်ပြခဲ့ပါတယ်။

ဆရာက သူ့ရဲ့ဆောင်းပါးထဲမှာ ဆက်လက်ပြီး ပြည်ထောင်စုအမွေဆိုတာ လူမျိုးတစ်မျိုးတည်း ပိုင်ဆိုင်တာမဟုတ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ပိုင်ဆိုင်တဲ့ အမွေဆိုင်ပစ္စည်းဖြစ်လို့ စည်းစည်းလုံးလုံးနဲ့ ချစ်ချစ်ခင်ခင် နေထိုင်ကာ ရာသက်ပန် ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိကြောင်း တိုက်တွန်းနှိုးဆော်ခဲ့တာပါ။

“ပြည်ထောင်စု၏ နယ်နိမိတ်အတွင်းရှိ ဒေသသည် ဗမာတစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်။ ရှမ်းတစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်။ ချင်းတစ်မျိုးတည်း၏ အကျိုးအတွက်လည်းမဟုတ်။ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသော တိုင်းရင်းသားအားလုံး၏ အကျိုးအတွက်သာဖြစ်သည်။ တိုင်းရင်းသားအားလုံး စုပေါင်းပိုင်ဆိုင်သော အမွေဆိုင်ပစ္စည်းသာဖြစ်သည်။

**ကြိုးပမ်းစည်းရုံးနေရ**

ဒါကြောင့် ကျွန်တော့် သမီးငယ်သည် သွေးတူသားတူ တိုင်းရင်းသား၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသား၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား တိုင်းရင်းသားတို့ကို လေးစားချစ်ခင်တတ်ဖို့ လိုပေသေးသည်။ သူတို့နှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ဖို့ လိုပေသေးသည်။ ထိုအချက်ကိုလည်း ကြိုတင်၍ ဖန်တီးပေးသင့်လေသည်” လို့ ဆရာဇော်ဂျီက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်ကျက်ခိုင်မာရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးအတွက် မျှော်မှန်းပြီး ခံစားရေးဖွဲ့ခဲ့တာပါ။ သို့ပေမယ့် ယခုအချိန်အထိ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိဖို့ လူထုခေါင်းဆောင်ကိုယ်တိုင် နိုင်ငံအနှံ့ တောင်တန်းဒေသမကျန်သွားရောက်ကြိုးပမ်းစည်းရုံးနေရဆဲပါ။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ပြည်ထောင်စုတိုင်းရင်းသားများ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှဆိုကြတဲ့အတိုင်း အခွင့်အရေးတန်းတူ ရရှိခံစားနိုင်ရေး ရည်မှန်းချက်ထားခဲ့တယ်။ အမျိုးသားခေါင်းဆောင်တွေဟာ အသက်ပေးပြီး လွတ်လပ်ရေးကို ရယူပေးခဲ့လို့ လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်တည်ပေါ်ပေါက်လာရတာပါ။ သို့သော်လည်း တောင်ပေါ်နဲ့ မြေပြန့်အလှမ်းကွာဝေးခြင်း၊ နယ်စပ်နဲ့ တောင်တန်းဒေသတွေမှာ စစ်ပွဲဖြစ်ပြီး မငြိမ်းချမ်းခြင်း၊ ခေတ်အဆက်ဆက်စီမံအုပ်ချုပ်မှုအားနည်းခြင်း စတဲ့အကြောင်းများကြောင့် တန်းတူညီမျှတဲ့ အခွင့်အရေးတွေကို တိုင်းရင်းသားပြည်သူတွေ အပြည့်အဝ မရနိုင်သေးတာ ဖြစ်ပါတယ်။

**တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြတဲ့ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမတွေ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမပြိုကွဲရေးကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနဲ့သာ ရယူနိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံးရဲ့ ညီညွတ်မှုအားမှတစ်ပါး အခြားမရှိကြောင်း . . . . .**

လက်ရှိ အရပ်သားဒီမိုကရေစီအစိုးရလက်ထက်မှာ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေဖို့ ကြိုးပမ်းလုပ်ဆောင်နေတာ မြင်တွေ့နေရပါပြီ။ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမအားလုံးအတွက် ခံစားသင့် ခံစားထိုက်တဲ့ အခွင့်အရေးမှန်သမျှကို ဦးစားပေးပံ့ပိုးပေးနေတာ ဝမ်းမြောက်စရာဖြစ်ပါတယ်။

**သန္နိဋ္ဌာန်ချထား**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမမှာ မိန့်ကြားခဲ့တဲ့ လမ်းညွှန်အမှာစကားအချို့ ဖော်ပြရရင် “မိမိတို့နိုင်ငံကို ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်”အဖြစ် တည်ဆောက်မည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသူ နိုင်ငံသားအားလုံးသာတူညီမျှ၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ အခွင့်အရေးများရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသောနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများမပါဘဲ ‘ပြည်ထောင်စု’ ဟု ပြော၍ မရပါကြောင်း၊ ထို့ကြောင့် မိမိတို့

အထူးကဏ္ဍ [ ဃ ] သို့ »»»





အထူးကဏ္ဍ [ ၈ ] မှ »»
နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်မည်ဟု ပြောခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ဖို့ဆိုရင် အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့အစည်းများကြားမှာ ယုံကြည်မှုနဲ့ ငြိမ်းချမ်းရေးရရှိဖို့ မဖြစ်မနေ တည်ဆောက်ရမှာပါ။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံမှာလည်း လက်ရှိအစိုးရဟာ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ အခြေခံမူတွေကို ညှိနှိုင်းဆွေးနွေးအဖြေရှာနေဆဲဖြစ်ပါတယ်။ ဒီပင်လုံညီလာခံမှာ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးပါဝင်နိုင်မှသာ ငြိမ်းချမ်းရေးပန်းတိုင်ကို တက်လှမ်းနိုင်မှာပါ။ ဒီလိုအရေးကြီးတဲ့ အချိန်ကာလမှာ တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်းကွဲစေနိုင်မယ့် အပြောအဆို အပြုအမူ စတဲ့ လုပ်ဆောင်ချက်တွေ မပြုမိစေဖို့ အထူးသတိရှိရန်လိုပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦး အားကိုးပြီးတော့ တစ်ဦးရဲ့အင်အားကို တစ်ဦးက ဖြည့်ဆည်းရယူပေးဆပ်ရင်း ပြည်ထောင်စုကြီးရဲ့လမ်းကြောင်းကို ဆက်လျှောက်သွားကြမယ်ဆိုရင် ကျွန်မတို့အားလုံးမျှော်မှန်းတဲ့ ပန်းတိုင်ကို ရောက်ရမှာပါ" လို့ လမ်းညွှန်မှာကြားခဲ့တာကို အလေးထားဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်ရရင် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြတဲ့ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမတွေ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနဲ့သာ ရယူနိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံးရဲ့ ညီညွတ်မှုအားမှတစ်ပါး အခြားမရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**"ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦး အားကိုးပြီးတော့ တစ်ဦးရဲ့အင်အားကို တစ်ဦးက ဖြည့်ဆည်းရယူပေးဆပ်ရင်း ပြည်ထောင်စုကြီးရဲ့လမ်းကြောင်းကို ဆက်လျှောက်သွားကြမယ်ဆိုရင် ကျွန်မတို့အားလုံး မျှော်မှန်းတဲ့ ပန်းတိုင်ကို ရောက်ရမှာပါ"**

## တို့အိမ်

○ အိမ်ရှေ့ဘက်တွင်၊ ရေချမ်းစင်နှင့်
အိမ်ဝင်စက်မြိတ်၊ သပြေရိပ်နှင့်
စိတ်ကြည်နူးဖွယ်၊ ပွင့်ပန်းနွယ်နှင့်
တင့်တယ်လှပ၊ ရှုမဝဘဲ
နှမမောင်ရင်း၊ ဆွေတစ်သင်းတို့
ချစ်ခြင်းတူမျှ၊ နေထိုင်ကြသည်
အားကျဖွယ်ရာ ငါတို့အိမ်။

○ အိမ်၏ဝန်းကျင်၊ မျှော်ချေလျှင်လည်း
ကြည်လင်ငြိမ့်ညောင်း၊ ရေစီးကောင်းသည့်
မြစ်ချောင်းအင်းအိုင်၊ မြိုင်လည်းမြိုင်စွ
ဂနိုင်စိမ့်စမ်း၊ ရင်ငြိမ်းချမ်းစွ
လမ်းပန်းဆက်သွယ်၊ သွားလာလွယ်၍
သည်ဝယ်စေတီ၊ သည်ဆီဘုရား
သည်ကားကျောင်းကန်၊ သည်ထံအနု
ယဉ်ကျေးမှုနှင့် ရှုချင့်စဖွယ်
အသွယ်သွယ်မို့
ညှော်သည်ဝင်ထွက်၊ ခရီးဆက်ကြ
မပျက်မိတ်ဝတ်၊ မယွင်းချွတ်ဘဲ
တုလွတ်ကင်းကွာ၊ ဖော်ရွေစွာဖြင့်
မေတ္တာစင်ဖြူ၊ တံခွန်လူသည်
ဂုဏ်ယူဖွယ်ရာ ငါတို့အိမ်။

○ သြော် . . .တို့အိမ်ဟူသည်၊ တို့တိုင်းပြည်တည့်
ဤပြည်ထောင်ဖွား၊ ညီနောင်များတို့
ချစ်အားတူမျှ၊ ရိုင်းပင်းကြလော့
သူကပြုံးလျှင်၊ ကိုယ်ကရွှင်၍
သူခင်မင်လာ၊ ကိုယ်ကြင်နာလော့
ညင်သာသူက၊ ခွန်းနူတ်ဟလျှင်
ကိုယ်ကဆက်ဆံ၊ ချစ်တုံ့ပြန်လော့
ရန်ငြိုးမထား၊ မုန်းမပွားဘဲ
ရိုးသားစိတ်ဝမ်း၊ ကိုယ်စီလွှမ်း၍
ငြိမ်းချမ်းရေးအား၊ အလေးထားကာ
ပိုင်းခြားသုံးသပ်၊ ဝေဖန်တတ်လျက်
မပြတ်ချင့်ချိန်၊ နှလုံးအိမ်ဝယ်
တို့အိမ်ကလေး၊ သာယာရေးနှင့်
တို့အိမ်ကလေး၊ ဘယာဝေးအောင်
မျှော်တွေးထာဝရ၊ စောင့်ရှောက်ကြ။
ဘိုးဘွားအမွေတည်မြဲမှု။
ငါတို့တာဝန်ကျေမည်ပ။ ။

မြင်းမူမောင်နိုင်မိုး

# မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၄၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ၏ ဒါရိုက်တာတစ်ဦးဦးက ဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူကိုယ်စားစီမံအုပ်ချုပ်သူကဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်မှတစ်ပါး အခြားလုပ်ကွက် သို့မဟုတ် နေရာတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊

(ခ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အမှန်တကယ် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံမတင်ဘဲ အခြားကျောက်မျက်ရတနာအရိုင်းဖြင့် လဲလှယ်၍ မှတ်ပုံတင်ခြင်း။

၄၉။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ပြည်ပသို့ သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၀။ (က) မည်သူမဆို လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်ထားခြင်းမရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) မည်သူမဆို အသေးစားနှင့် အလတ်စားကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ရယူခြင်း၊ လွှဲပြောင်းခြင်း၊

(ခ) ပုဒ်မ ၂၆ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရရှိဘဲ လုပ်ကိုင်ခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ရာတွင်လည်းကောင်း၊ ရောင်းဝယ်ရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်၊ အခပေးဆောင်ရန်ပျက်ကွက်ခြင်း။

၅၂။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့်ရှိသူ၏ ကိုယ်စားစီမံအုပ်ချုပ်သူကဖြစ်စေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဆ) နှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သူမဆို မြေအသုံးပြုခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး သုံးလထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့်ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ ယန္တရား၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း(၁၄)**

**အထွေထွေ**

၅၆။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကိုဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက်မနည်းသော ရန်ပုံငွေတစ်ရပ်အား လုပ်ငန်းစတင်သည်နှင့်တစ်ပြိုင်နက်တည်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံထူထောင်ထားရှိဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတွင်းထွက် သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်အပါအဝင် နိုင်ငံတကာအသိအမှတ်ပြုစံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိစေရမည်။

၅၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ဂ) အရထူထောင်ထားသည့် ရန်ပုံငွေကိုသုံးစွဲရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅၈။ မည်သူမဆို ကျောက်မျက်ရတနာ အရိုင်း၊ ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာများအား ရောင်းဝယ်ရာတွင် သဘာဝတွင်းထွက်အား သွေးခြင်း၊ အရောင်တင်ခြင်းတို့မှအပ တွင်းထွက်၏ တန်ဖိုးမြင့်တက်အောင် အရောင်ကိုဖြစ်စေ၊ အရည်အသွေးကို ဖြစ်စေ၊ အကြမ်းခံနိုင်မှုကိုဖြစ်စေ အခြားနည်းပညာများဖြင့် ပြုပြင်ထားမှုများကို ဝယ်ယူသူအား တိကျရှင်းလင်းစွာ ဖော်ပြရမည်။

၅၉။ ဝန်ကြီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှ တာဝန်ပေးအပ်သောအရာရှိကဖြစ်စေ ဤဥပဒေအရ ရရန်ရှိသောငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၀။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်အရ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်သောလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၆၁။ ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချခြင်းလုပ်ငန်းကိုလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသောပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၆၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များသတ်မှတ်လျက် မည်သည့်ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို ကျောက်မျက်ရတနာ ထွက်ရှိနိုင်သည့် ဒေသအတွင်း သင့်လျော်သည့်နယ်မြေတွင် ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၆၄။ ဝန်ကြီးဌာနသည် နိုင်ငံသားများဥပဒေနှင့်အညီ ရရှိပိုင်ဆိုင်ထားသည့် ကျောက်မျက်ရတနာများကို တွင်းဝခွန်ပေးဆောင်ပြီး မှတ်ပုံတင်စေ၍ တရားဝင်ပိုင်ဆိုင်ခွင့်၊ သယ်ဆောင်ခွင့်နှင့် ရောင်းဝယ်ခွင့်ပြုနိုင်ရန် စီမံပေးရမည်။

၆၅။ ဤဥပဒေ အကျိုးသက်ရောက်သည့်နေ့မှ ဤဥပဒေအရ ပေးဆောင်ရမည့် ရတနာခွန်နှုန်းထားများကို ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် ထုတ်ပြန်ပြဋ္ဌာန်း အကျိုးသက်ရောက်သည့် နေ့ရက်မတိုင်မီကာလအတွက် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက် ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ရောင်းချပါက တည်ဆဲပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၆။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျောက်မျက်ရတနာလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ကျောက်မျက်ရတနာ အသေးစားတူးဖော် ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ လုပ်ကိုင်ခွင့်အတွက်ရရှိသည့်ငွေနှင့် တွင်းဝခွန်များကိုလည်းကောင်း၊ လိုင်စင်ထုတ်ပေးခြင်းမှရရှိသည့် လိုင်စင်ခများကိုလည်းကောင်း၊ လက်လုပ်လက်စား မှတ်ပုံတင်ခများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၆၇။ ဝန်ကြီးဌာနသည် ပြည်တွင်းဈေးကွက် လိုအပ်ချက်အရ ကျောက်မျက်ရတနာအရိုင်း သို့မဟုတ် အချောထည်ကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပေးနိုင်သည်။

၆၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၁၉၉၅) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၈/၁၉၉၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကာလတိုသက်မွေးပညာသင်တန်းများ အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)တွင် အခမဲ့သင်ကြားပေးမည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ) Polytechnic Center တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကာလတိုသက်မွေးပညာသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းနှင့်ပတ်သက်၍ လျှောက်လွှာများကို ကျောင်းသားရေးရာဌာန (G.T.I ကန့်ဘလူ) ဖေဖော်ဝါရီ ၁၅ ရက်ထိ ထုတ်ပေးမည်ဖြစ်သည်။ သင်တန်း၌ သင်ကြားပေးမည့် ဘာသာရပ်များသည် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ သံချည်သံကွေးသင်တန်းနှင့် တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင်ခြင်းသင်တန်းများကို သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကာလမှာဖေဖော်ဝါရီ ၁၆ ရက်မှမတ် ၂၃ ရက်ထိ ၃၆ ရက်ကြာ သင်ကြားပေးမည်ဖြစ် ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ (ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

**ယခုပို့ချချက်သည် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် "မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ" ဖြစ်ပါသည်။ ဤပို့ချချက်သည် မြန်မာစာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုရာတွင် ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန် ရည်ရွယ်ပါသည်။ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်သည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် ထူးခြားသော ပညာသင်နှစ်တစ်နှစ်ဖြစ်ပေသည်။ မြန်မာ့ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ပြုပြင်ပြောင်းလဲမှုတစ်ရပ်အဖြစ် ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို မေးခွန်းပုံစံသစ်ဖြင့် ဖြေဆိုကြရမည် ဖြစ်ပါသည်။ ယခုပို့ချချက်တွင်မေးခွန်းပုံစံသစ်နှင့်အညီ အံဝင်ခွင်ကျဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးပို့ချသွားမည် ဖြစ်ပါသည်။**

မြန်မာစာဘာသာရပ်မေးခွန်းပုံစံသစ်သည် ကျောင်းသူကျောင်းသားများ သင်ခန်းစာကို နှုတ်တိုက် အလွတ်ကျက်မှတ်ခြင်းကိုလျှော့ချပြီး တစ်နှစ်ပတ်လုံးသင်ယူလေ့လာဆည်းပူးထားသည့် သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုစွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာ ဖြေဆိုနိုင်မည့်ပုံစံသို့ ဦးတည်ပြောင်းလဲထားပါသည်။ မေးခွန်းပုံစံသစ်သည် အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်တွေးခေါ်စဉ်းစား ဖန်တီးရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ထားခြင်းဖြစ်ရာ ကျောင်းသူ ကျောင်းသားများအနေဖြင့် မေးခွန်းပုံစံသစ်၏ ဦးတည်ချက်အတိုင်း အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်စဉ်းစားတွေးခေါ်ရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီ လေ့လာသင်ယူ လေ့ကျင့်ထားကြရန် အထူးလိုအပ်လှပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် **မေးခွန်းနံပါတ်(၁)** မေးခွန်းသည် မြန်မာသဒ္ဒါမေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် ကျက်မှတ်မှုနှင့်လေ့ကျင့်မှုကို ဟန်ချက်ညီစွာပေါင်းစပ်ထားပါသည်။ မြန်မာသဒ္ဒါမေးခွန်းတွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်များ၊ သဒ္ဒါသဘောတရားများကို စစ်ဆေးသည့်အပိုင်းနှင့် မြန်မာသဒ္ဒါဆိုင်ရာ အချက်အလက်များကို မည်မျှလက်တွေ့အသုံးချနိုင်သည်ကို စစ်ဆေးအကဲဖြတ်သည့်အပိုင်းတို့ ဖြစ်ကြပါသည်။ ယခင်နှစ်များက မြန်မာသဒ္ဒါမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သုံးပုဒ်ပါဝင်ခဲ့သော်လည်း ယခု၂၀၁၉ ခုနှစ်တွင် စတင်မည့် မြန်မာသဒ္ဒါဆိုင်ရာ မေးခွန်းတွင် မေးခွန်းပုဒ်ခွဲ (က)နှင့် (ခ) နှစ်ပုဒ်သာ ပါဝင်မည်ဖြစ်သည်။

မေးခွန်း ၁(က) ဖြစ်သည့် ပထမပိုင်းတွင် မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းမှ အုတ်ခွက်စာ၊ ကျောက်စာစသည့် စာအမျိုးမျိုး၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ အက္ခရာ ဦ ပြောင်းလဲပုံ စသည့် အက္ခရာပုံသဏ္ဌာန်ပြောင်းလဲပုံများ၊ ဌာန်၊ ကရိုဏ်းနှင့်ပယတ်၊ စကားသံဖြစ်အင်္ဂါများ။ ဝါစင်္ဂဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များတို့မှ ပါဝင်ပါသည်။ အဆိုပါမေးခွန်းများကို ဖြေဆိုရာတွင်ကျက်မှတ်မှုကိုအားပြု၍ အချက်အလက်များကို အစီအစဉ်တကျ ရေးရမည်ဖြစ်ပြီး လိုအပ်သည့်သာဓကများကိုလည်း ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် ၁(က)တွင် (၃)ခု ပေးထားပြီး (၁)ခုကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်း ၁ (ခ) ဒုတိယပိုင်းတွင် မြန်မာသဒ္ဒါဆိုင်ရာ အချက်အလက်များကို လက်တွေ့ကျကျ မည်မျှ သိရှိသည်၊ မည်မျှ အသုံးချနိုင်သည်ဆိုသည်ကို စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဟု ဆိုနိုင်ပါသည်။ မြန်မာသဒ္ဒါပြဋ္ဌာန်းချက်ပါ သင်ခန်းစာများမှ ကျောင်းသူကျောင်းသားများ အမှန်တကယ်နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်း အမျိုးမျိုးကို မေးမြန်းမည်ဖြစ်ပါသည်။ သဒ္ဒါလေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်မှ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်အောင်လေ့လာပြီး လေ့ကျင့်ခန်းများကို အထပ်ထပ်အခါခါ လေ့ကျင့်ထားရမည် ဖြစ်သည်။

မေးခွန်းပုံစံသစ်၏ နံပါတ် ၁(ခ)သည် ယခင်က (၄)မှတ်ပေးသည့် ၁ (ခ)မေးခွန်းနှင့် (၆)မှတ်ပေးသည့် ၁ (ဂ)မေးခွန်းပုဒ်ခွဲနှစ်ခုကို ပေါင်းစပ်ကာ ၁(ခ)(၁၀)မှတ်ပေးသည့် မေးခွန်းအဖြစ် စုစည်းထားခြင်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် သဒ္ဒါစကားလုံးနှင့် သဒ္ဒါအမျိုးအစား မေးခွန်းမျိုးသာမက သဒ္ဒါစကားလုံး ဖွဲ့စည်းရေးသားစေခြင်း (ဥပမာ - ပေါင်းစပ် နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာ စကားလုံး၊ ကြိယာဝိသေသန စကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်း ပုဒ်အထားအသို ပြင်ဆင်ရေးဖွဲ့စေခြင်း၊ ပေးထားသည့်ဝါကျတွင် ဆီလျော်သည့် သဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်းစသဖြင့် သဒ္ဒါ လေ့ကျင့်ခန်း မေးခွန်းအမျိုးမျိုးကို မေးမြန်းနိုင်ပါသည်။

**မေးခွန်းပုံစံသစ် မေးခွန်းနံပါတ်(၂)** တွင် မေးခွန်းပုဒ်ခွဲသုံးပုဒ် ပါဝင်ပါသည်။ မေးခွန်းနံပါတ် ၂(က)သည် ခက်ဆစ်ကိုဖြေဆိုရသည့် မေးခွန်းဖြစ်ပါသည်။ ခက်ဆစ်မေးခွန်းအတွက် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် ပြဋ္ဌာန်းစာအုပ်(၃)အုပ်တွင် အဓိပ္ပာယ်ဖွင့်ဆိုပေးထားသည့် ဝေါဟာရများကို တိကျမှန်ကန်စွာ ကျက်မှတ်ထားရမည် ဖြစ်ပါသည်။ ခက်ဆစ်ဖွင့်ဆိုပြထားသော ဝေါဟာရများတွင် တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်းမရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက ဖွင့်ဆိုချက်တစ်ခုထက်မကပါရှိနေလျှင် တစ်ခုကိုဖော်ပြလျှင် လုံလောက်ပါသည်။ ၂(က) ခက်ဆစ်မေးခွန်းတွင် စကားလုံး(၇)ခုပေးထားပြီး(၅)ခုကို ဖြေဆိုရပါမည်။ ခက်ဆစ်အဖွင့် မေးခွန်းတွင် ရှေးသုံးဝေါဟာရများသာမက ခေတ်သုံးဝေါဟာရများလည်း ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(ဂ)သည် အလင်္ကာမေးခွန်းဖြစ်သည်။ ယခင်အလင်္ကာမေးခွန်းတွင် ဝေါဟာရများကို အလင်္ကာအမျိုးအမည် ဖော်ပြလျက် ပေးထားပြီး သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း မေးပါသည်။ ယခု၂၀၁၉ တွင်စတင်မည့် မေးခွန်းပုံစံသစ်တွင် အလင်္ကာအမျိုးအမည်ကို မဖော်ပြတော့ဘဲ ပေးထားသောဝေါဟာရ အသုံးအနှုန်းကို အလင်္ကာအမျိုးအစားဖော်ပြစေခြင်းနှင့် သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားသည့်အတွက် ထိုအလင်္ကာ မြောက်ကြောင်း ဖော်ပြစေခြင်းတို့ကို မေးမြန်းပါမည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို သတ်မှတ်ဖြေဆိုစေခြင်းထက် ကျောင်းသူကျောင်းသားတို့၏ အမှန်တကယ်နားလည်ဖြေဆိုနိုင်သည့် ဖြေဆိုချက်အပေါ်တွင်သာ အကဲဖြတ်အမှတ်ပေးသွားမည် ဖြစ်ပါသည်။ ပုံစံသစ်အလင်္ကာမေးခွန်း၏ ဦးတည်ချက်သည် အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝ နားလည်သဘောပေါက်စွာ ဖြေဆိုနိုင်မှုကို ဦးတည်ထားခြင်းဖြစ်ရာ အလင်္ကာဖြေဆိုရာတွင် မိမိ၏ နားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောမှန်ကန်စွာ ဖြေဆိုနိုင်လျှင် မည်သည့်အတင်အပြပုံစံဖြင့် ဖြေဆိုသည်ဖြစ်စေ အမှတ်ပြည့် ရရှိမည်ဖြစ်ပါသည်။ ပေးထားသောဝေါဟာရ အရေအတွက်မှာ (၇)ခု ဖြစ်ပြီး (၅)ခု ဖြေဆိုရမည် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)** တွင် မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ ၃(က)မှာ ကဗျာမေးခွန်းတိုဖြစ်ပြီး မေးခွန်းပုံစံ အပြောင်းအလဲမရှိသော်လည်း မေးမည့်မေးခွန်းကို ပိုမိုကျယ်ပြန့်စေရန် ပြင်ဆင်ထားပါသည်။ ကဗျာစာသားကောက်နုတ်ချက် အတိုကိုပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး ပါဝင်လာမည်ဖြစ်ပါသည်။ ဖြေဆိုရန် မေးထားသည့် ပုဒ်ရေ(၇)ပုဒ်ဖြစ်ပါသည်။ ကဗျာမေးခွန်းတိုများကို ဖြေဆိုရာတွင် အထူးသတိပြုရမည့်အချက်မှာ ရွေးချယ်သည့် မေးခွန်း၏နံပါတ်ကို အဖြေတွင် မှန်ကန်စွာ ရေးသားဖော်ပြရန်ဖြစ်ပါသည်။ (၇)ပုဒ်ပေးထားသည့်အတွက် မိမိရွေးချယ်သည့်နံပါတ်များမှာ အစဉ်အတိုင်း မဟုတ်ခဲ့ပါက အဖြေတွင် နံပါတ်စဉ်ကို အစဉ်အတိုင်းတပ်ကာ ဖြေဆို၍မရပေ။ မေးခွန်းတွင် ပေးထားသည့် နံပါတ်နှင့် အဖြေပါ နံပါတ်တို့ မတူညီပါက အဖြေမှန်သော်လည်း အမှတ်ဆုံးရှုံးမည် ဖြစ်ပါသည်။ မေးခွန်းတိုဖြေဆိုရာတွင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

နံပါတ် ၃ (ခ)သည် ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းသည် မေးခွန်းပုံစံအနေဖြင့် ပြောင်းလဲမှုမရှိသော်လည်း စစ်ဆေးအကဲဖြတ်ရာတွင်မူ ကျောင်းသူကျောင်းသားများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့်အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် သတ်မှတ်ကာ စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မေးခွန်း၏ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မိမိ ကျက်မှတ်ထားသည့် ကဗျာခေါင်းစဉ်ပါသည်နှင့် ကဗျာစာသားတစ်ပုဒ်လုံးချရေးကာ စကားပြေပြန်ဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံးပါဝင်စေကာမူ မေးခွန်းနှင့် အံမဝင်လျှင် ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ကဗျာ ကောက်နုတ်စာသားများကိုလည်း မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်ရုံသာ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။

**မေးခွန်းနံပါတ်(၄)** သည် စကားပြေမေးခွန်းဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃) ကဗျာမေးခွန်းနှင့် သဘောသဘာဝအားဖြင့် တူပါသည်။ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ နံပါတ် ၄(က)မှာ စကားပြေ မေးခွန်းတို ဖြစ်ပါသည်။ ဖြေဆိုရန်မေးထားသည့် ပုဒ်ရေအရေအတွက်မှာ(၇)ပုဒ်ဖြစ်ပါသည်။ စကားပြေမေးခွန်းတို ဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ပေးထားသော မေးခွန်းနံပါတ်နှင့် မိမိရွေးချယ် ဖြေဆိုသောနံပါတ် တူညီမှုရှိရပါမည်။ မေးခွန်းနှင့် အဖြေနံပါတ်ကိုက်ညီခြင်းမရှိပါက အဖြေမှန်စေကာမူ အမှတ်ဆုံးရှုံးမည်ဖြစ်ပါသည်။ စကားပြေမေးခွန်းတိုဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် ၄ (ခ)** သည် စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသူကျောင်းသားများ၏ လေ့လာကျက်မှတ်မှုအတွက်ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသားအတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်ဖြေဆိုရာတွင် မေးခွန်း၏ရှုထောင့်ကို သေချာစွာဖတ်ရှုပြီး မေးထားသည့်ရှုထောင့်အတိုင်း အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မေးခွန်းရှုထောင့်ကိုသတိမမူဘဲ မိမိအလွတ်ကျက်မှတ်ထားသည့် အပုဒ်နှင့်ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်း အမြောက်အမြား ရေးသားနေပါက ပေးမှတ်၏တစ်ဝက်အောက်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၅)** သည် ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါသည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ နံပါတ်၅(က)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်းဖြစ်ပြီး (ခ)သည် အပုဒ်ရှည်မေးခွန်း ဖြစ်ပါသည်။ နံပါတ် ၅ (က)စကားစပ်မေးခွန်းတွင် ယခင်က(၇)မှတ်ပေးသည့် မေးခွန်းပုံစံအစား (၅)မှတ်ပေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင်မည်သည့်အခန်းမှဖြစ်သည်ကို ဖော်ပြသည့်အချက်နှင့် စကားစပ်ဆိုင်ရာအချက်များ (မည်သူက၊ မည်သူ့ကို၊ မည်သည့်အချိန်၊ မည်သည့် နေရာမှာ၊ မည်သည့်အတွက်ကြောင့်) စုစုပေါင်းအချက်(၆)ချက်အတွက် (၃)မှတ်၊ မည်သည်ကိုပြောသည် ဟူသည့် ဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက် (၂)မှတ် သတ်မှတ်ထားရာ လိုရင်းတိုရှင်း ဖြေဆိုနိုင်ရန် အထူးသတိပြုသင့်ပါသည်။ ပါဝင်သည့်အခန်းကို ဖော်ပြရာတွင် အခန်းနံပါတ်သက်သက်ကို ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြသင့်ပါသည်။

နံပါတ် ၅ (ခ)သည် ရေသည်ပြဇာတ်မေးခွန်းရှည်တွင် ယခင်ကအကြောင်းအရာပိုင်းကိုသာမေးပြီး ပေးမှတ်မှာ (၈)မှတ်ဖြစ်သော်လည်း ယခုကျင့်သုံးမည့် မေးခွန်းပုံစံသစ်တွင် ပြဇာတ်အကြောင်းအရာ တစ်ပုဒ်နှင့် ပြဇာတ်အတတ်ပညာ အရေးအသား တစ်ပုဒ် မေးမြန်းမည်ဖြစ်ပါသည်။ နှစ်ပုဒ်အနက် နှစ်သက်ရာတစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်ကို ယခင်က(၈)မှတ်အစား(၁၀)မှတ်သို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ (၁၀)မှတ်တန်မေးခွန်းဖြစ်သည့်အတွက် (၁၀)မှတ်နှင့် လိုက်လျောညီထွေဖြစ်အောင် လေ့လာထားရန်လိုအပ်ပါသည်။ ယခင်က(၈)မှတ်ပေးသည့် အနေအထားမျိုးဖြင့်သာ လေ့လာပြင်ဆင်ထားမည်ဆိုပါက ရမှတ်လျော့နည်းသွားနိုင်ပါသည်။ ကျောင်းသူကျောင်းသားများအနေဖြင့် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏ အရေးအသား၊ အတင်အပြနှင့် ပြဇာတ်ဖန်တီးမှုအတတ်ပညာတို့ကိုလည်း မလွဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့ကိုလည်း ပြဇာတ်မေးခွန်းတွင် ထည့်သွင်းမေးမြန်းသွားမည် ဖြစ်ပါသည်။

**မေးခွန်းနံပါတ်(၆)** သည် ယခင်က စာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့်မေးခွန်းဖြစ်သော်လည်း ပြောင်းလဲမည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ်(၆)ကို (က)နှင့်(ခ)ခွဲ၍ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆(က)ကို (၁၀) မှတ်ပေးသည့် စာစီစာကုံးမေးခွန်းအဖြစ်လည်းကောင်း၊ ၆(ခ)ကို အဆိုတစ်ခု ဆွေးနွေးစေသည့် (၁၀)မှတ်ပေးသော မေးခွန်းအဖြစ်လည်းကောင်း ပြောင်းလဲထားပါသည်။ ယခင်အမှတ်(၂၀)ပေးသည့် စာစီစာကုံးတစ်ပုဒ်တည်းကို ဖြေဆိုရခြင်းမှ စာစီစာကုံးနှင့် အဆိုဆွေးနွေး အရေးအသား နှစ်ပုဒ်ခွဲဝေဖြေဆိုရမည် ဖြစ်သည်။ နှစ်ပုဒ်ဖြေဆိုရမည်ဖြစ်ရာ နှစ်ခါစဉ်းစား ဖြေဆိုရမည့်အချက်ကို အထူးသတိပြုရန် လိုအပ်ပါသည်။ ထိုသို့ စဉ်းစားရမည့်အချိန်နှင့် ရေးသားရမည့်အချိန်တို့ကို လုံလောက်မှုရှိစေရန် ကြိုတင်လေ့ကျင့် ပြင်ဆင်ထားရမည်ဖြစ်သည်။

၆ (က)စာစီစာကုံးမေးခွန်းတွင် (၂)ပုဒ်ပေးထားပြီး (၁)ပုဒ်ဖြေဆိုရမည်ဖြစ်သည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက်(၅)ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့်ဖြေဆိုရမည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် အချက်တစ်ချက်(၂)မှတ်နှုန်းဖြင့် အကဲဖြတ်ရန် လျာထားပါသည်။ စာစီစာကုံးဖြေရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရန် ဖြစ်ပါသည်။ ပေးထားသည့် ပုံကြမ်းအချက်အလက် အစီအစဉ်အတိုင်း မိမိကိုယ်ပိုင်အရေးအသားဖြင့် ဖြေဆိုရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်ရရှိနိုင်မည် မဟုတ်သည်ကို အထူးသတိပြုသင့်ပါသည်။ ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် စာစီစာကုံးကို အလွတ်ကျက်မှတ်နေပါက အချိန်များစွာကုန်မည့်အပြင် ရမှတ်လည်း ဆုံးရှုံးသွားနိုင်ပါသည်။

၆ (ခ)သည် အသစ်ဖြည့်စွက် ထည့်သွင်းထားသော မေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုတစ်ရပ်ကိုဖတ်ရှုပြီး မိမိ နှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းသည် ကျောင်းသူကျောင်းသားများ၏ ကိုယ်ပိုင် စဉ်းစားဉာဏ်၊ အတွေးအခေါ်၊ ပင်ကိုအရည်အသွေးဖော်ထုတ်ပြသရမည့် မေးခွန်းဖြစ်ပါသည်။ အဆိုကို ဆွေးနွေးဖြေဆိုရာတွင် စာဟန်အရေးအသားဖြင့်သာ ရေးသားရမည်ကို အထူးသတိပြုရပါမည်။ ကျောင်းသူကျောင်းသားတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက်၊ အရေးအသားအတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့် မေးခွန်းဖြစ်ပါသည်။ ပေးထားသောအဆိုမှာလည်း ကျောင်းသူ ကျောင်းသားအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။ သာဓကအားဖြင့်- "မိုးရွာခြင်းသည် နေသာခြင်းထက် ပို၍ပျော်ရွှင်ဖွယ်ကောင်းသည်"၊ "ပန်းတကာတို့တွင် နှင်းဆီပန်းသည် မြတ်နိုးစရာအကောင်းဆုံး ဖြစ်သည်" စသည့် အကြောင်းအရာမျိုး ဖြစ်ပါသည်။

အဆိုဆွေးနွေးအရေးအသား ဖြေဆိုရန်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို အလေးထား သတိပြုရမည်ဖြစ်သည်။ အဆိုဆွေးနွေးမေးခွန်းအတွက် ရေးသားချိန်သည် မိနစ်(၂၀၊ ၂၅)မိနစ်ခန့်သာ ရရှိနိုင်မည်ဖြစ်ရာ ဖြေဆိုရမည့်ပမာဏကိုချိန်ဆနိုင်ရန် အထူးအရေးကြီးပါသည်။ အဆိုဆွေးနွေး အရေးအသားအတွက် စာပိုဒ်(၄)ပိုဒ်သာ ရေးသားဖြေဆိုသင့်သည်။ ပထမပိုဒ်သည် အစပျိုးသည့်နိဒါန်းဖြစ်ပြီး ဒုတိယနှင့်တတိယပိုဒ်တို့သည် စာကိုယ်ဖြစ်ပါသည်။ စတုတ္ထပိုဒ်မှာ မိမိ၏ရပ်တည်ချက်ကို အတည်ပြုနိဂုံးချုပ်သည့် အပိုဒ်ဖြစ်သည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်ကို(၅)မိနစ်ခန့်သာ အသုံးပြုသင့်ပါသည်။ စာပိုဒ် တစ်ပိုဒ် ကို မည်မျှပမာဏရေးသင့်သည်ဆိုသည်မှာမူ ပေးမှတ်နှင့်ချိန်ဆရမည် ဖြစ်သည်။ အဆို ဆွေးနွေးအရေးအသားကို စစ်ဆေးအကဲဖြတ်ရန်အတွက် ယေဘုယျအားဖြင့် ပထမပိုဒ်နိဒါန်းနှင့် စတုတ္ထပိုဒ်နိဂုံးကို(၂)မှတ်စီ၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်စာကိုယ်များကိုမူ (၃)မှတ်စီ သတ်မှတ်လျာထားပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာစာအရေးအသား၊ မြန်မာစာပေ၏အနှစ်သာရကို ဖော်ကျူးသည့် ဘာသာရပ်ဖြစ်ရာ ဘာသာရပ်၏ အနှစ်သာရကိုသိရှိအောင် လေ့လာသင်ယူရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင်ကျောင်းသူကျောင်းသားများသည် အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ ကဗျာ၊ စကားပြေ ၊ရေသည်ပြဇာတ်ပါ အချက်အလက်စသည်တို့ကို တိတိကျကျ ကျက်မှတ်ရမည်ဖြစ်ပြီး လိုရင်းအချက်အလက်ကို တိတိကျကျဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ မိမိစိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ဖြင့် အရေးအသားစွမ်းရည်ကို ပြသရမည့် မေးခွန်းများတွင်မူ မေးခွန်းကို ကောင်းစွာနားလည်သဘောပေါက်အောင်ဖတ်ရှုပြီး မိမိသိရှိထားသည့်၊ လေ့လာမှတ်သားထားသည့် အချက်အလက်များကို မိမိမြန်မာစာအရေးအသား စွမ်းရည်၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်တို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအားလုံး မြန်မာစာမေးခွန်းပုံစံသစ်ကို အခက်အခဲမရှိဖြေဆိုနိုင်ပြီး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ရပါသည်။ ။

